# ကြေးမုံ
## The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


### ပညာဆီမီးကိုရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၉ ရက်၊ စနေနေ့။ Saturday , 10 September 2016 (၈၆၈၀)




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံပဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Qiliang နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာနိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်များ ဆက်ဆံရေးတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေကြောင်း၊ ၎င်းအနေဖြင့်လည်း ယခုကဲ့သို့ မြန်မာနိုင်ငံသို့လာရောက်ခြင်းသည် မြန်မာနိုင်ငံနှင့် တရုတ် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေလို၍ဖြစ်ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှင့် ပြည်သူများ ထိတွေ့မှုကိုလည်း အလေးထားပါကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိ

**တာချီလိတ် စက်တင်ဘာ ၉**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် တာချီလိတ်နယ်စပ်ဝင်/ထွက် ပေါက်မှတစ်ဆင့် လာရောက်လည်ပတ်လျက်ရှိရာ ဧပြီလမှ စက်တင်ဘာလ ၈ ရက်အထိ ထိုင်း၊ တရုတ်နိုင်ငံသားနှင့် တတိယ နိုင်ငံသားအများစုပါဝင်သောခရီးသွား ဧည့်သည် ၉၆၆၆ ဦးတို့သည် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်နယ်စပ်သို့ ဝင်ရောက်လာကာ တာချီလိတ်မြို့တွင်းရှိ တာလေ့ဈေး၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့**




# (၁၃)ကြိမ်မြောက် တရုတ်- အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်- အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်နင်းမြို့သို့ ရောက်ရှိ

စာမျက်နှာ - ၃




ကြေးမုံ

# လူမှုဘဝလုံခြုံစိတ်ချရေးကြိုးပမ်း

တောင်အာဖရိကနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ်များပျံ့နှံ့မှုနှင့် ရင်ဆိုင်နေရကြောင်း ၎င်းနိုင်ငံ၏ရဲချုပ်က ပြောကြားခဲ့ပြီး ပြီးခဲ့သည့်မတ်လအထိ တစ်နှစ်တာအတွင်း လူသတ်မှုကြောင့် လူ ၁၈၅၇၃ ဦးသေဆုံးကာ တစ်နေ့လျှင် လူ ၅၃ ဦးနှုန်း အသတ်ခံခဲ့ရကြောင်း သိရသည်။ အဓိက အားဖြင့် အိမ်တွင်းအကြမ်းဖက်မှုနှင့် အရက်သောက်သုံးမှုကြောင့် လူသတ်မှုသိသိသာသာမြင့်တက်လာခြင်းဖြစ်သည်ဟု ရဲချုပ်က ပြောကြားခဲ့သည်။

လူသတ်မှုအများစုတွင် အဆောက်အအုံအတွင်း၊ မြို့တွင်းနယ်မြေများအတွင်းဖြစ်ပွားခဲ့ပြီး တစ်ဦးနှင့်တစ်ဦး သိရှိသူများလည်းပါဝင်သည်ဟုဆိုသည်။ တောင်အာဖရိကတွင် ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့နှုန်းစံချိန်တင်မှုများက ရာဇဝတ်မှုများ ထူပြောခြင်း၏အဓိကအချက်ဖြစ်သည်ဟု ယူဆကြသော်လည်း တောင်အာဖရိကရဲတပ်ဖွဲ့အပေါ် လူထု၏ဝေဖန်မှုမှာ မြင့်တက်နေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင်လည်း မျက်မှောက်ကာလတွင် ရာဇဝတ်မှုများဖြစ်ပွားလျက်ရှိရာ မှုခင်းမြင့်မားနေသည်ဟု ဆိုနိုင်သည်။ မှုခင်းဖြစ်ပွားမှုအများဆုံးမြို့မှာ ရန်ကုန်မြို့ဖြစ်သည်။ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ရှစ်လတာ ကာလအတွင်း လူသတ်မှု ၁၁၇ မှု ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ထို့အပြင် မုဒိမ်းမှု ၁၃၀၊ လုယက်မှု ၁၁၇ မှုဖြစ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၀ ပြည့်နှစ်မှ ယခုနှစ် ဩဂုတ်လအထိ လူသတ်မှု ၈၇၄ မှုဖြစ်ပွားခဲ့သည်။ ထို့ကြောင့် တစ်လလျှင် လူသတ်မှု ၁၄ မှုကျော်ဖြင့် နှစ်ရက်လျှင် လူသတ်မှု တစ်မှုဖြစ်ပွားလျက်ရှိသည်။

လူသတ်မှုဖြစ်စဉ်အများစုတွင် အရက်သေစာသောက်စားထားကြပြီး လက်လွန်ခြေလွန်ကျူးလွန်ခဲ့ကြသည်။ အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲဖော်ဆောင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာဇဝတ်မှုများပြားသည့် မြို့နယ်ရှစ်မြို့နယ်ကို ပိုက်လော့စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ အရက်ဆိုးကျိုးကို ပြည်သူလူထုသိရှိပြီး ဆင်ခြင်နိုင်ရန် ရပ်ရွာအနှံ့မှုခင်းအသိပညာပေးခြင်း၊ အရက်ပုန်းဆိုင်များအား စီမံချက်ဖြင့်ရှာဖွေဖမ်းဆီးခြင်း တို့ကိုဆောင်ရွက်နေသည်ဟု ဆိုသည်။

မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် ငါးနှစ်တစ်ကြိမ် လူသတ်မှုနှုန်းထားကို ပြန်လည်လေ့လာကြည့်လျှင် ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း လူသတ်မှုနှုန်း အမြင့်မားဆုံးဖြစ်ခဲ့ရာ ထိုခေတ်ကာလက မြန်မာနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းနှင့်တိုင်းပြည်မတည်ငြိမ်မှုများကြောင့် လူသတ်မှုမြင့်မားခဲ့သည်ဟု ဆိုနိုင်သည်။ ထိုနှစ်နောက်ပိုင်းတွင် လူသတ်မှုများ တဖြည်းဖြည်းလျော့ကျလာခဲ့ပြီးနောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ၂၀၁၁ ခုနှစ်မှ မျက်မှောက်ကာလအတွင်း တစ်နိုင်ငံလုံးတွင် လူသတ်မှုဖြစ်စဉ် ထောင်ကျော်မြင့်မားလာခြင်းမှာ ဆင်းရဲကျပ်တည်းမှုနှင့်အတူ လွတ်လပ်မှုနှင့်ဖြေလျှော့မှုများနှင့် ဆက်နွှယ်သည်ဟုဆိုနိုင်သည်။

မြန်မာလူမျိုးတို့သည် 'ထမင်းကြမ်းကို ယပ်ခတ်စားကြသည်' ဟု ဆိုသော်လည်း ငွေကြေးဖောင်းပွမှုနှင့် တစ်နေ့တခြားမြင့်မားလာသော ကုန်ဈေးနှုန်းဒဏ်ကို မခံနိုင်သဖြင့် မကောင်းမှုဒုစရိုက်နယ်ပယ်သို့ ပိုမိုရောက်ရှိသွားသည်ဟူ၍ ပြောနိုင်ပါသည်။ ဒီမိုကရေစီသဘောတရားအရ လွတ်လပ်မှုနှင့်ဖြေလျှော့မှုများ ပြုလုပ်ပေးလာရသောအခါ ယင်းအချက်ကို အခွင့်ကောင်းယူကာ လမ်းမှားသို့ရောက်သွားကြခြင်းလည်းဖြစ်နိုင်ပါသည်။ ထို့အပြင် မြန်မာတို့၏ထုံးတမ်းစဉ်လာအရ လူမှုအသိုက်အဝန်းအတွင်း ရိုသေလေးစားကြောက်ရွံ့တတ်သည့် ထိန်းကျောင်းပဲ့ပြင်ခြင်းတို့ပါးလျားလာခြင်း၊ ရှက်ခြင်း၊ ကြောက်ခြင်း၊ အတုခိုးမှားခြင်းဖြစ်စေသော လမ်းပြမှုများ များလာခြင်းတို့ကြောင့်လည်း ဆိုရမည်ဖြစ်သည်။

အထူးသဖြင့် လူသတ်မှုနှင့်မုဒိမ်းမှုဖြစ်စဉ်များကို တွန်းအားပေးသော အရက်သေစာသောက်စားနိုင်သော အခြေအနေများ ပေါများလာခြင်းတို့သည် အဓိကအချက်များဟုဆိုရမည်ဖြစ်သည်။ အရက်ကြောင့်ဖြစ်တတ်သောပြဿနာများရှိလာသဖြင့် အရက်ပုန်းဆိုင်များအား တားဆီးခြင်းဖြင့် လျှော့ချနိုင်မည်မဟုတ်ချေ။ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အဓိကအားနည်းချက်မှာ ကိုင်းဖျား၊ ကိုင်းနားကိုသာ ခုတ်ထွင်ကြပြီး အရင်းအမြစ်ကို တူးဖော်မဖျက်ဆီးနိုင်ခြင်းမှာလည်း အကြောင်းတရားတစ်ခု ဖြစ်သည်။

သို့ဖြစ်ရာ ရာဇဝတ်မှုများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်ကာ ပြည်သူလူနှင့်လက်တွဲပြီး မှုခင်းလျော့နည်းကျဆင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

# ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံမြေနေရာ ပန္နက်တင်

**ပျဉ်းမနား စက်တင်ဘာ ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာသာအုပ်စု မြောက်လွတ်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ မြေနေရာ အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြောက်လွတ်ကုန်းကျေးလက်ကျန်းမာရေး ဌာနခွဲ ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က အဆောက်အအုံဆောက်လုပ်မည့်နေရာအား မင်္ဂလာပန္နက်တိုင်ရိုက်ပေးခဲ့သည်။

ယခုဆောက်လုပ်မည့် မြောက်လွတ်ကုန်းကျေးရွာ၏ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအား မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် GAVI တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်းမာရေးဌာနခွဲ အဆောက်အအုံမှာ ပေ(၆၀ × ၈၀) အကျယ် မြေစိုက်တစ်ထပ် RCသွပ်မိုး အဆောက်အအုံဖြစ်သည်။ အခမ်းအနားသို့ ဒက္ခိဏခရိုင်ကြက်ခြေနီ ဦးစီးမှူး (ဒုတိယတန်း)ဦးညီငယ်၊ ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆရာမင်း(ရုပ်ပုံ)**

# စာပေဗိမာန်ကကြီးမှူး၍ ဘာသာပြန်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၉**

စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သော အစဉ်အလာကောင်းများရှိသည့် စာပေဗိမာန်သည် ဂျပန်နိုင်ငံ Shanti Volunteer Association (SVA) (ရှန်တိစေတနာ့ဝန်ထမ်းအဖွဲ့) တို့ ပူးပေါင်းပြီး လူငယ်များ ဘာသာပြန်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ဘာသာပြန်ပြိုင်ပွဲကို ဒုတိယအကြိမ်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို အသက်(၁၈)နှစ်မှ (၃၀)နှစ်အတွင်း စိတ်ဝင်စားသူအားလုံး ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြန်ဆိုရမည့်စာအုပ်မှာ "Asia / Pacific Co-publication Programme"က ပြုစုဖြန့်ချိသော "Asian Stories for Young Readers" စာအုပ်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လိုသူများသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံး ဘာသာပြန်ဌာနစုတွင် ပြဋ္ဌာန်းစာအုပ်နှင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံကို စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)နှင့်အတူ ကိုယ်တိုင်လာရောက်ပြီး အခမဲ့ ထုတ်ယူနိုင်ကြောင်း သိရသည်။

နယ်မှပြိုင်ပွဲဝင်လိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ပြဋ္ဌာန်းစာအုပ်ပေးပို့ခ (၁၀၀၀ိ/-) တို့နှင့်အတူ စာတည်းမှူးချုပ် စာပေဗိမာန်ရုံး အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ မှာကြားနိုင်သည်။

ဘာသာပြန်စာမူများကို (၁၇-၁၀-၂၀၁၆) ရက်မှ (၃၁-၁၂-၂၀၁၆) ရက်ထိ လက်ခံသွားမည် ဖြစ်ကြောင်း၊ စာမူများကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျစိစစ်ရွေးချယ် သွားမည်ဖြစ်ကြောင်း၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုတို့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပထမဆုရစာမူကို စာအုပ်အဖြစ် ရိုက်နှိပ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဘာသာပြန်ဌာနစု စာတည်း(တာဝန်ခံ) ဖုန်းနံပါတ်-၀၁-၂၄၉၂၃၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**




# နောက်ဖေးလမ်းကြား အမှိုက်များဆယ်ယူရာမှ အမှိုက်တန်ချိန် ၂၄၀ ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားများ ရှင်းလင်းစေရေးအတွက် နောက်ဖေးလမ်းကြားများတွင် စွန့်ပစ်ထားသော မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်များအား မြို့နယ်သန့်ရှင်းရေးဌာနမှ သယ်ထုတ်ရှင်းလင်းပြီးဖြစ်၍အမှိုက်များ ထပ်မံမစွန့်ပစ်စေလိုကြောင်း စက်တင်ဘာ ၉ ရက်က မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းဝေက ပြောသည်။

"လမ်းမတော်မြို့နယ်မှာ နောက်ဖေးလမ်းကြားပေါင်း ၂၂ လမ်းရှိတယ်။ နောက်ဖေးလမ်းကြားက အမှိုက်တွေကို ဩဂုတ် ၁၅ ရက်က စပြီး သယ်ထုတ်ရှင်းလင်း နေတာပါ။ စက်တင်ဘာ ၃ ရက်မှာ နောက်ဖေးလမ်းကြားအားလုံးက အမှိုက်တွေကို သယ်ထုတ် သိမ်းဆည်းရှင်းလင်းပြီးသွားပါပြီ။ ဒါကြောင့် အမှိုက်တွေကို ထပ်မံမစွန့်ပစ်စေချင်ဘူး"ဟု ၎င်းက ထပ်မံရှင်းပြသည်။

အဆိုပါ လမ်းမတော်မြို့နယ်သည် မြို့တွင်း (၆)မြို့နယ်တွင် ပါဝင်ပြီး ရပ်ကွက်ကြီး (၁၂)ရပ်ကွက်ဖြင့် စုဖွဲ့ထားသော မြို့နယ်ဖြစ်သည်။ နောက်ဖေးလမ်းကြားပေါင်း (၂၂)လမ်းရှိပြီး မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်များအား သယ်ထုတ်သိမ်းဆည်းရှင်းလင်းရာတွင် အမှိုက်တန်ချိန် စုစုပေါင်း ၂၄၀ ခန့်ထွက်ရှိပြီး အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် အခေါက်ရေ ၅၀ သယ်ထုတ်ရှင်းလင်းခဲ့ရကြောင်း သိရသည်။ **(မောင်သုည)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်နင်းမြို့သို့ရောက်ရှိ



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကူမင်းလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နန်နင်း စက်တင်ဘာ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ကျင်းပမည့် (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကူမင်းလေဆိပ်မှတစ်ဆင့် နန်နင်းမြို့သို့ ညပိုင်းတွင်ရောက်ရှိကြရာ ကွမ်းရှီးပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကော်မတီ ဒုတိယဥက္ကဋ္ဌ ရှင်ပေဟိုင်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊နန်နင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ကိုနှင့် တာဝန်ရှိသူများက နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် လိယွမ်အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ၂၀၀၄ ခုနှစ်မှ စတင်၍ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပခဲ့သည်။ ယင်းပြပွဲများတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ခြင်း၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှာဖွေခြင်းနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများရရှိမည်ဖြစ်ပြီး ယခုနှစ် (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို "၂၁ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကို အတူတကွတည်ဆောက်ခြင်းဖြင့် အကျိုးစီးပွားမျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြပါစို့"ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်း ကုလသမဂ္ဂရုံးညွှန်ကြားရေးမှူးချုပ်ထံ ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၀**

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းသည် ၎င်း၏ခန့်အပ်လွှာကို စက်တင်ဘာ ၇ ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံးညွှန်ကြားရေးမှူးချုပ် မစ္စတာ မိုက်ကယ်မိုလာထံပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်မျိုးထွန်းအား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် အနာကြီးလူနာဦးရေ ၄၀၀ ခန့် နှစ်စဉ်တွေ့ရှိ

**စစ်ကိုင်း စက်တင်ဘာ ၉**

အနာကြီးရောဂါတိုက်ဖျက်ရေးအဖြစ် ပုံမှန်လူနာသစ်ရှာဖွေခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၃၇ မြို့နယ်အနက် ၁၉ မြို့နယ်တွင် မြို့နယ်တိုင်းကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေးလုပ်ငန်း(Prevention Of Disability- POD) နှင့်အတူ ဆောင်ရွက်လျက်ရှိရာ တစ်နှစ်လျှင် အနာကြီးလူနာဦးရေ ၄၀၀ခန့် နှစ်စဉ်တွေ့ရှိနေကြောင်းအနာကြီးရောဂါကုသရေးမှူး ဦးခင်မောင်ဌေးထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ၃၇ မြို့နယ်ထဲက ၁၉ မြို့နယ်မှာ ရွှေဘို၊ မုံရွာနဲ့စစ်ကိုင်းခရိုင်တွေမှာအနာကြီးရောဂါသည်တွေတွေ့ရများတာပါ။ လက်ရှိမှာ(Prevention Of Disability -POD)ဖြစ်တဲ့မြို့နယ်တိုင်း ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေးလုပ်ငန်းကိုဆောင်ရွက်နေပါတယ်။ မနှစ်က ကျေးရွာတွေကို Leprosy Awareness Campaign-LAC ဖြစ်တဲ့ လူထုကျန်းမာရေးပညာပေးကိုဆောင်ရွက်ရင်း လူနာရှာတာတွေဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုရှာရာမှာ အရာတော်မှာ ခြောက်ဦး၊ ဝက်လက်မှာ ကိုးဦး၊ ကန့်ဘလူမှာ ခြောက်ဦး၊ တန့်ဆည်နဲ့ဒီပဲယင်းမှာ ငါးဦးစီတွေ့ခဲ့ပါတယ်။ အနာကြီးရောဂါဖြစ်နေတဲ့သူအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ၁၉ မြို့နယ်မှာ တစ်နှစ်ဦးရေ၄၀၀ လောက်တွေ့နေပါတယ်" ဟု ဦးခင်မောင်ဌေးက ပြောပြသည်။

အနာကြီးရောဂါကင်းဝေးရေးရေရှည်တည်တံ့စေရန်နှင့် ကိုယ်အင်္ဂါချို့ယွင်းမှုမှကာကွယ်နိုင်ရန် အားလုံးကူညီသည့်အနေဖြင့် ဝေဒနာရှင်များ၊ ရောဂါပျောက်ကင်းသူများနှင့်မိသားစုများကိုရပ်ကွက်/ကျေးရွာလူမှုဝန်းကျင်အသိုင်းအဝိုင်းတွင်ဝင်ဆံ့နိုင်ရန်ကူညီသင့်ကြောင်း၊ မိမိပတ်ဝန်းကျင်ရှိမိတ်ဆွေအပေါင်းအသင်းများတွင် အရေပြားပေါ်အကွက်တွေ့ရှိလျှင် ကျန်းမာရေးဌာနသို့သွားရောက် ပြသကုသမှုခံယူရန် ကျေးလက်ရပ်ကွက်များအထိ အသိပေးတိုက်တွန်းထားကြောင်း သိရသည်။အနာကြီးရောဂါသည် စောစောသိ၍ စောစောကုသမှုခံယူပါက ကိုယ်လက်အင်္ဂါချို့ယွင်းမှုမှ ကာကွယ်နိုင်မည်ဖြစ်ရာ အရေပြားပေါ်တွင် အရောင်ဖျော့သော၊နီသော၊ကြေးနီရောင်ပေါက်ပြီးထုံနေသော အကွက်များတွေ့ရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ပြသကာ အနာကြီးရောဂါ ဖြစ်နေသည်ဟုသိရလျှင် MDTဆေးပေါင်းကို ကျန်းမာရေးဌာနမှ အခမဲ့ရယူကာ ကုသမှုခံသင့်ကြောင်းသိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင်၂၀၀၃ ခုနှစ်က အနာကြီးရောဂါကင်းဝေးပြီဟုသက်ဆိုင်ရာအစိုးရကကြေညာခဲ့သော်လည်းအမှန်မှာ ပြည်သူ့ကျန်းမာရေးပြဿနာကင်းဝေးခြင်းသာဖြစ်ပြီးအနာကြီးရောဂါမှာ၂၀၀၀ပြည့်နှစ်မှစ၍ တစ်နှစ်လျှင် လူနာအသစ်ဦးရေ ၄၀၀ခန့် တွေ့ရလျက်ရှိသည်မှာ နှစ်စဉ်ဖြစ်ကြောင်း အနာကြီး ရောဂါကုသရေးမှူးဦးခင်မောင်ဌေးထံမှသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာသော ကလေးငယ် ၂၈ သန်းခန့်ရှိကြောင်း ယူနီဆက်ပြောကြား

**ဒမတ်စကတ် စက်တင်ဘာ ၉**

၂၀၁၅ခုနှစ်အတွင်း ပြည်တွင်းစစ်များဖြစ်ပွားမှု၏ ဆိုးကျိုးအနေဖြင့် အကြမ်းဖက်မှုများနှင့် လုံခြုံရေးလျော့နည်းမှုတို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ် ၂၈ မီလီယံခန့်သည် နေအိမ်မှထွက်ပြေးကာ စစ်ဘေးရှောင် ဒုက္ခသည်များအဖြစ် ပြည်ပနိုင်ငံများတွင် ခိုလှုံနေကြရကြောင်း ကုလသမဂ္ဂ နိုင်ငံတကာကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့(ယူနီဆက်)က ၎င်း၏ စစ်တမ်း တစ်ရပ်အရ ဆိုသည်။

စက်တင်ဘာ ၈ရက်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ နိုင်ငံတကာကလေး များ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်)၏ စစ်တမ်းတစ်ရပ်တွင် ကမ္ဘာ တစ်ဝန်းရှိ ကလေးငယ်၂၈ မီလီယံခန့်သည် ပြည်တွင်းစစ်ပွဲများနှင့် အကြမ်းဖက် လုပ်ရပ်များ နိုင်ငံအနှံ့ဖြစ်ပွားခြင်းကြောင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာကာ စစ်ဘေးရှောင်နေကြသည်ဟု ဖော်ပြထားသည်။

အဆိုပါကလေးငယ်အများစုသည် ပြည်တွင်းစစ်မီးလောင်မြိုက်နေသော ဆီးရီးယားနိုင်ငံမှ အများဆုံးဖြစ်ပြီး အာဖဂန်နစ္စတန်၊ ဆိုမာလီယာနှင့် တောင်ဆူဒန်နိုင်ငံတို့မှလည်း ပါဝင်ကြသည်။

စစ်ဘေးရှောင်ကလေးငယ်များအပါအဝင် ပိုမိုကောင်းမွန်သော လူနေမှု ဘဝကိုရှာဖွေရန် နေရပ်စွန့်ထွက်ခွာလာသော ကလေးငယ်စုစုပေါင်း ၅၀ မီလီယံနီးပါးရှိကြောင်း ယင်းစစ်တမ်းအရသိရသည်။

၂၀၁၅ခုနှစ်အတွင်း မိဘအုပ်ထိန်းသူများမပါဘဲ နယ်စပ်ဖြတ်ကျော်ကာ နိုင်ငံပေါင်း ၇၈ နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံခဲ့သည့် ကလေးငယ် အရေအတွက် တစ်သိန်းကျော်ရှိခဲ့သည်။ ၎င်းအရေအတွက်သည် ၂၀၁၄ ခုနှစ် အတွင်း ကောက်ယူခဲ့သည့်စစ်တမ်း၏ သုံးဆဖြစ်သည်။

အခက်အခဲအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသွားသော ကလေးငယ်များသည် လူကုန်ကူးခြင်းခံရမှုများအပြင် မှောင်ခိုပစ္စည်းများ အခမဲ့သယ်ဆောင်ခိုင်း



စခြင်းများနှင့် အခြားသောနေရာများတွင် အပြည့်အဝအမြတ်ထုတ်ခြင်းခံနေ ရသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေကြရကြောင်း ကုလသမဂ္ဂနိုင်ငံတကာ ကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က သတိပေးပြောကြားထား သည်။

စစ်ဘေးရှောင်ဒုက္ခသည်များကိစ္စနှင့်ရွှေ့ပြောင်းလုပ်သားများအရေးကို အပြီးတိုင်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများအား ကုလသမဂ္ဂနိုင်ငံတကာ ကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့(ယူနီဆက်)က တိုက်တွန်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# ပဉ္စမအကြိမ် အဏုမြူစမ်းသပ်ဖောက်ခွဲမှု မြောက်ကိုရီးယားပြုလုပ် ဟီရိုရှီးမားမြို့၌ ကြဲချခဲ့သော အဏုမြူပုံးထက် အင်အားပြင်းထန်ဟုဆို

**ဆိုးလ် စက်တင်ဘာ ၉**

ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့ပေါ် ကြဲချခဲ့ သည့် အဏုမြူပုံးထက် ပေါက်ကွဲအား ပိုမိုကြီးမားသော အဏုမြူပုံးစမ်းသပ်ဖောက်ခွဲခြင်းကို စက်တင်ဘာ ၉ ရက် တွင် မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်ခဲ့ကြောင်း၊ ယင်း နိုင်ငံက အဏုမြူပုံးစမ်းသပ်ဖောက်ခွဲခြင်းသည် ပဉ္စမ အကြိမ်ဖြစ်ပြီး ပဲ့ထိန်းဒုံးကျည်တွင် အဏုမြူလက်နက် ထိပ်ဖူးကို ကျွမ်းကျင်ပိုင်နိုင်စွာ တပ်ဆင်နိုင်စွမ်းရှိသည်ဟု လည်း ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာန များက သတင်းထုတ်ပြန်သည်။

ယခုနှစ် ဇန်နဝါရီလအတွင်း မြောက်ကိုရီးယားနိုင်ငံက အဏုမြူစမ်းသပ်ဖောက်ခွဲမှု တစ်ရပ်ပြုလုပ်ခဲ့ရာမှ ကုလ သမဂ္ဂလုံခြုံရေးကောင်စီက ယင်းနိုင်ငံအပေါ် တင်းကျပ် သော ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့ချိန်နောက်ပိုင်း ပေါက်ကွဲမှု အင်အားအကြီးဆုံး နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအား အထီးကျန်ဖြစ်စေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဒဏ်ခတ်ခဲ့သော်လည်း ယင်းနိုင်ငံကို အဏုမြူ လက်နက်စမ်းသပ်ခြင်းမှ တားဆီးနိုင်ခြင်း မရှိပေ။

အဏုမြူလက်နက်များပိုင်ဆိုင်ရေး လုပ်ဆောင်နေမှု များကို တားဆီးနိုင်ရန် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းခဲ့ကြ သော်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က လုံးဝဂရုမပြုဘဲ ယခင်အတိုင်းဆက်လက်လုပ်ဆောင်နေ ကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ကွမ်ဟေးက အရှေ့အာရှထိပ်သီးအစည်းအဝေးအပြီး စက်တင်ဘာ ၈ ရက်တွင် လာအိုနိုင်ငံ၌ ပြောကြားခဲ့သည်။

ကိုရီးယား၏ အဏုမြူစမ်းသပ်ဖောက်ခွဲခဲ့မှုသည် ဆိုးရွားသော အကျိုးဆက်နှင့် ကြုံတွေ့ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အာရှ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးသို့တက်ရောက် ပြီးနောက် လာအိုမှ အမေရိကန်သို့ အပြန်ခရီးစဉ်တွင် လေယာဉ်ပေါ်၌ ပြောကြားခဲ့သည်။

သမ္မတအိုဘားမားသည် ယင်းကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားသမ္မတ၊ ဂျပန်ဝန်ကြီးချုပ်တို့နှင့် ဆွေးနွေး ခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

မြောက်ကိုရီးယား အဏုမြူလက်နက် ဖောက်ခွဲ စမ်းသပ်ခြင်းကို မိမိတို့က စွဲစွဲမြဲမြဲ ဆန့်ကျင်ကြောင်းနှင့် မြောက်ကိုရီးယားအနေဖြင့် အခြေအနေကို ဆိုးရွားသွား စေမည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို လုပ်ဆောင်ခြင်း မပြုဘဲ ရပ်တန့်ရန် တောင်းဆိုကြောင်း မြောက်ကိုရီးယား၏ အဓိက သံတမန်ရေးအရ မဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံ က ပြောကြားသည်။

**ရိုက်တာ။**

# အမေရိကန် တပ်ဖွဲ့ဝင် ၄၀၀ ကျော်ကို အီရတ်၌ ထပ်မံဖြန့်ကြက်

**ဝါရှင်တန် စက်တင်ဘာ ၉**

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့်ရက်များအတွင်း အမေရိကန် တပ်ဖွဲ့ဝင် နောက်ထပ် ၄၀၀ ကျော်ကို ဖြန့်ကြက်လိုက် ကြောင်း၊ ဒေသခံအီရတ်တပ်ဖွဲ့များက မိုဆူးလ်မြို့ကို ထိုးစစ် ဆင်တိုက်ခိုက်ရန် ပြင်ဆင်နေစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ ကို ဖြန့်ကြက်ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေး တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၉ ရက်တွင် ပြောကြား သည်။

အိုင်အက်စ်အဖွဲ့၏ နောက်ဆုံးခြေကုပ်စခန်းတည်ရှိရာ မိုဆူးလ်မြို့၌ အိုင်အက်စ်တိုက်ခိုက်ရေးသမား ၃၀၀၀ မှ ၄၅၀၀ ခန့်အထိရှိမည်ဟု ခန့်မှန်းရသည်။

အီရတ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် လွန်ခဲ့ သည့် ရက်သတ္တတစ်ပတ်က ၄၀၀၀ ခန့်ရှိခဲ့ရာမှ စက်တင်ဘာ ၈ ရက်တွင် ၄၄၆၀အထိ မြင့်တက်လာကြောင်း အီရတ်နှင့် ဆီးရီးယားဆိုင်ရာအိုင်အက်စ်အဖွဲ့ချေမှုန်းရေးညွန့်ပေါင်း အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဂျွန်ဒေါ်ရီယန်က ပြောကြားသည်။

**ပီတီအိုင်။**

# မောင့်ဘလန့်တောင်တွင် ကောင်းကင်ကြိုးရထားစီးသူများ ညလုံးပေါက်ပိတ်မိနေခဲ့ပြီးနောက် ကယ်တင်ပေးနိုင်

**ပါရီ စက်တင်ဘာ ၉**

အဲလ်ပ် တောင်တန်းဒေသရှိ အမြင့်ဆုံးတောင်ဖြစ်သော မောင့်ဘလန့်တောင်၏ ရေခဲမြစ်များအထက် ဝေဟင်အတွင်း ကောင်းကင်ကြိုးရထားစီးသူ ခရီးသည်များ တွဲများအတွင်း ညလုံးပေါက်ပိတ်မိနေခဲ့ပြီးနောက် ၎င်းတို့ကို စက်တင်ဘာ ၉ ရက် နံနက်တွင် ကယ်တင်ပေးလိုက်နိုင်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်း ထုတ်ပြန်သည်။

စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲတွင် ကောင်းကင်ကြိုးရထား၏ ကေဘယ်ကြိုးများ ငြိတွယ်မှုဖြစ်ကာ ရထား ပြေးဆွဲမှု ရုတ်ခြည်းရပ်ဆိုင်းသွားခဲ့ရာ ကနဦးတွင် လူပေါင်း ၁၁၀ ကျော်မှာ ရထားတွဲများအတွင်း ပိတ်မိနေခဲ့သည်။ မောင့်ဘလန့်တောင်၏ တောင်ထွတ်နှစ်ခုအကြား ငါးကီလိုမီတာ (သုံးမိုင်) အကွာအဝေးရှိ ခရီးတာကို ကောင်းကင်ကြိုးရထားစီးကာ လိုက်ပါလာသူများ ပိတ်မိနေခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။



ကေဘယ်ကြိုးသုံးချောင်း ငြိတွယ်မှုဖြစ်ကာ ကောင်းကင်ကြိုးရထားပြေးဆွဲမှု ရုတ်တရက် ရပ်ဆိုင်းသွားသဖြင့် အမြင့်မီတာ ၃၀၀၀ (ပေပေါင်း ၉၈၄၀)အထက်တွင် တွဲများအတွင်း လူအများ ပိတ်မိနေခဲ့သည်။

ကောင်းကင်ကြိုးရထား မတော်တဆမှု အဘယ်ကြောင့် ဖြစ်ပွားရသည်ကို ကောင်းကင်ကြိုး ရထားလုပ်ငန်းလုပ်ကိုင်နေသော လာကွမ်ပါနီဒူ မောင့်ဘလန့်ကုမ္ပဏီက ပြောဆိုခြင်းမရှိပေ။ လေပြင်း တိုက်ခတ်ခြင်း သို့မဟုတ် ပြေးဆွဲနေသော ရထားကို ရုတ်ခြည်းရပ်တန့်ခြင်းကြောင့် ကေဘယ်ကြိုးများ အချင်းချင်း ငြိတွယ်မှုဖြစ်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ စက်တင်ဘာ ၈ ရက် ည အမှောင်ထု ဝင်ရောက်ခြင်းမရှိမီ လူ ၆၅ ဦးကို ရဟတ်ယာဉ် လေးစင်းဖြင့် ကယ်တင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများ ကို စက်တင်ဘာ ၉ ရက် နံနက်တွင် ကယ်တင်ပေး နိုင်ခဲ့သည်။

**ရိုက်တာ။**

# ဝန်ကြီးဌာနများနှင့် သတင်းမီဒီယာ

ဦးဟန်ညွန့်(ဥပဒေ)

**(၂၁)ရာစုပင်လုံညီလာခံမှ အပြန်**
ညီညွတ်ရေးအခြေခံသော (၂၁)ရာစု ပင်လုံညီလာခံအပြီး . . .။ ချမ်းမြေ့ရွှင်လန်းမှုများနှင့်အတူ အိမ်ပြန်ခရီးပြန်ခဲ့ကြသည်။ ညီညွတ်ရေးတေးသံများ ပျံ့လွင့်လျက်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်တွင်းခံစားချက်များကို ပွင့်ပွင့်လင်းလင်းကြားခဲ့ရသည်။ ဆွေးနွေးချက်များကို ရုပ်မြင်သံကြားက တိုက်ရိုက်လွှင့်သည်။ သတင်းမီဒီယာခန်းမမှ သတင်းလွှင့်သူ၊ သတင်းရေးသူ၊ သတင်းပို့သူ(ပြည်သူတို့အချိန်မီပူပူနွေးနွေးသတင်းသိဖို့) သတင်းမီဒီယာသမားတို့ တာဝန်ကျေခဲ့ကြသည်။ အလှူခံစုံနှင့် တွေ့ဆုံခဲ့သည်။ မေးမြန်းခဲ့သည်။ ဓာတ်ပုံရိုက်ခဲ့ကြသည်။ နေပြည်တော် MICC (2) ခန်းမတစ်ခုလုံး သတင်းကမ္ဘာဖြစ်သွားသည်။ အနာဂတ်ငြိမ်းချမ်းရေးခရီးသို့ ဆက်လက်ချီတက်ကြမည်။ ပွင့်လင်းမြင်သာသော သတင်းခေတ်၏ ရောင်ခြည်ဖြစ်ပေသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
(၂၁)ရာစု ပင်လုံညီလာခံအပြီး သတင်းခရီးဆက်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအား ဖိတ်ကြားသည်။ အခြေအနေနှင့် အချိန်အခါသင့်သောကြောင့် ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ သွားရောက်ခဲ့ကြသည်။ ကျွန်တော်တို့၏ မမေ့နိုင်သော သတင်းခရီးဟု ဆိုပါရစေ။

**အဖွဲ့ဝင်များ**
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဆရာဒေါက်တာမျိုးသန့်တင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာ၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်စွာမင်းနှင့် ကောင်စီဝင်(စာရေးသူ)တို့ ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုကြသည်။

**အလုပ်ရုံဆွေးနွေးပွဲ**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသော "သတင်းမီဒီယာဆက်ဆံရေးအကြောင်း သိကောင်းစရာ" အလုပ်ရုံဆွေးနွေးပွဲမှာ နေပြည်တော်တွင် ပထမဆုံးကျင်းပသော အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။ ထူးခြားလေးနက်မှုနှင့်လည်း ပြည့်စုံသည့်ပွဲလည်းဖြစ်သည်။ အဘယ့်ကြောင့်နည်း။

**သတင်းမီဒီယာဥပဒေ**
ပြည်ထောင်စုလွှတ်တော်က သတင်းမီဒီယာဥပဒေကို ၁၄-၃-၂၀၁၄ နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အခန်းပေါင်း ၁၀ ခန်း ပါဝင်သည်။ ပုဒ်မပေါင်း ၃၃ ခု ပါဝင်သည်။ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ သတင်းမီဒီယာ သမားများ၏ ရပိုင်ခွင့်များ၊ သတင်းမီဒီယာသမားများလိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ၊ သတင်းမီဒီယာလုပ်ငန်း ထူထောင်ခြင်း၊ ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ရန်ပုံငွေနှင့်ထောက်ပံ့ရေး၊ အရေးယူခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အထွေထွေစသည့် အခန်းများ ဖော်ပြပါရှိသည်။ ဥပဒေအနှစ်သာရ တင်ပြခြင်း မျှသာပါ။

**သတင်းမီဒီယာနည်းဥပဒေများ**
နည်းဥပဒေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၇-၆-၂၀၁၅ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅ အရ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ နည်းဥပဒေများတွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ သတင်းမီဒီယာလုပ်ငန်း ထူထောင်ခြင်း၊ ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်း၊ ကောင်စီဝင်အစားထိုးရွေးချယ်ခြင်းနှင့် သက်တမ်း၊ ကောင်စီ၏ လုပ်ငန်းစဉ်များ၊ ကောင်စီဝင်များနှင့် ရပိုင်ခွင့်များ၊ ကောင်စီ၏ လုပ်ငန်းတာဝန်များလွှဲပြောင်းလက်ခံခြင်း၊ ဘဏ္ဍာရေးနှင့် ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း၊ သတင်းအချက်အလက်ရယူခွင့်၊ သတင်းအချက်အလက် စိစစ်ရေးသားဖော်ပြခြင်း၊ ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်း၊ ရုံးအဖွဲ့ဖွဲ့စည်းခြင်းစသည်ဖြင့် အခန်း ၁၂ ခန်း ဖော်ပြပါရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ အကျယ်ဆက်လက်လေ့လာနိုင်ပါသည်။

**ဥပဒေကို မသိ၍**
**"ဥပဒေ"** ရှိပါလျက် **"ဥပဒေ"**ကို မသိ၍ဟု ငြင်းချက်မထုတ်နိုင်။ မထုချေနိုင်။ ဤမှန်သော ဆိုရိုးစကားကို လေးစားကြရသည်။ သို့သော်ငြား ဥပဒေအားလုံးသိဖို့၊ နားလည်ဖို့တော့ အတော်ကြိုးစားရသည်။ အားထုတ်ရသည်။ အသိနည်းသေးသော သတင်းမီဒီယာဥပဒေအကြောင်း၊ နည်းဥပဒေများအကြောင်း ဆွေးနွေးကြရဦးမည်။ ဟောပြောကြရဦးမည်။ ညှိနှိုင်းကြရဦးမည်။ ဤရည်ရွယ်ချက်ဖြင့် ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့ ပူးပေါင်းခဲ့ကြခြင်း ဖြစ်ပါသည်။ တတ်နိုင်သမျှ ပထမခြေလှမ်းဖြစ်ပါသည်။

**သတင်းထောက်ဆိုလျှင် ကြောက်ပါသည်**
ဘာတဲ့ . . .။ သတင်းထောက်ဆိုလျှင် ကြောက်ပါသည်။ သတင်းထောက်နှင့်တွေ့လျှင် ဝန်ကြီးဌာန၏ အတွင်းရေးတွေ ထိခိုက်မည်လား။ အကျိုးမရှိ အပြစ်ဖြစ်မည်လား။ ဤသို့ တွေးထင်ခဲ့ကြသည်။ ဝန်ကြီးဌာနနှင့် သတင်းမီဒီယာသည် မိတ်ဖက်လော . . .။ ရန်သူလော . . .။ ပွင့်လင်းမြင်သာမှု၊ ဖလှယ်မှု၊ အပြန်အလှန်ရိုင်းပင်းမှု မရှိရဘူးလော . . .။

**နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်**
"နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်"ဟူသော သတင်းမီဒီယာကောင်စီ၏ ရည်ရွယ်ချက်များထဲမှ အချက်တစ်ချက်သည် အဓိက ကျသည်။ **[ပုဒ်မ၃(င)]**

**ညှိနှိုင်းဆောင်ရွက်ခြင်း**
"ပြည်သူများ သတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေးအတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း လုပ်ငန်း တာဝန်ရှိပေသည်။ **[ပုဒ်မ၁၇(ဆ)]**

**နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်**
ထိုနေ့က အလုပ်ရုံဆွေးနွေးပွဲတွင် အများဆုံး အမေးခံရသောမေးခွန်းမှာ-
**"သတင်းထောက်တွေနဲ့ မတွေ့ချင်တဲ့ဝန်ကြီးဌာနအချို့ရှိပါတယ်။ အတွေ့မခံချင်ရင် ဘာလုပ်ရပါ့မလဲ။"**
ဟူသော မေးခွန်းဖြစ်သည်။ အဖြေမှာ ဤသို့ဖြစ်သည်။
"သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ရှိသည်။" **[ပုဒ်မ ၄(ဃ)]**

**သတင်းအချက်အလက်များတောင်းယူကြည့်ရှုခွင့်**
"သတင်းထောက်တွေက စာရင်းဇယားတွေ လာတောင်းတယ်။ မှတ်တမ်းတွေ၊ ရုံးသတင်းတွေ လာတောင်းတယ်။ ပေးရမှာလား"ဟူသော မေးခွန်း မေးသေးသည်။
"သတင်းမီဒီယာသမားတစ်ဦးသည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ **အများပြည်သူ သိခွင့်ရှိသော** သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထဲမှ တောင်းယူကြည့်ရှုခွင့်ရှိသည်။ **[ပုဒ်မ၆(က)]**
"အများပြည်သူ၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော အစိုးရမဟုတ်သည့် အသင်း၊ အဖွဲ့၊ လုပ်ငန်းများမှ သတင်းအချက်အလက်များကို ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တောင်းယူကြည့်ရှုခွင့်ရှိသည်။" **[ပုဒ်မ ၆(ခ)]**

**ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း**
"အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို တောင်းယူကြည့်ရှုရာတွင် ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း သို့မဟုတ် သတင်းယူသူအား နှောင့်ယှက်ခြင်းတို့မဖြစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူက စီစဉ်ဆောင်ရွက်ပေးရမည်။" **[ပုဒ်မ၂၄]**

**အစိုးရဌာနများ၌ သတင်းရယူခြင်း**
"အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများ၌ သတင်းရယူရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း" **[နည်းဥပဒေများ ၂၀(စ)]**

**သက်သေခံအထောက်အထားပါရှိစေရေး**
"သတင်းထောက်ဖြစ်ကြောင်း ဘာအထောက်အထားမှ မပါဘူး။ ရင်ထိုးတံဆိပ်၊ ထောက်ခံစာ ဘာမှမပြဘူး။ အချို့ သတင်းထောက်တွေက ရုံးကိုဖုန်းဆက်ပြီး ဟိုကိစ္စ ဘယ်လိုလဲ။ ဒီကိစ္စက ဘာလဲ။ ဒီသတင်းသိချင်တယ်။ ယခုချက်ချင်း ဖြေပါ"ဟု တယ်လီဖုန်းမှတစ်ဆင့် ရုံးအကြီးအကဲအား မေးသည်။ ချိုသာမှုမရှိရုံသာမက သတင်းထောက်ဆိုပြီး မောက်မာသည့် လေသံနှင့် မေးသည်။ မဖြေရင်ဘဲ ဘာဖြစ်သွားတော့မလိုလို။ ဘယ်လိုလုပ်ရပါ့မလဲ။ **ဤမေးခွန်းကို မေးသူများသည်။** "သတင်းထောက်များက သတင်းယူရာတွင် သတ်မှတ်ထားသော တံဆိပ်၊ သက်သေခံအထောက်အထားများ ပါရှိစေရေး ဆောင်ရွက်ခြင်း"

**[နည်းဥပဒေများ ၂၀(ဆ)] နှင့်အညီ စီမံဆောင်ရွက်ရပေမည်။ ပြဿနာများပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ရပေမည်။**

**အရည်အသွေးမြှင့်တင်ပေး**
သတင်းထောက်ပေါက်စလေးများ၊ အရည်အချင်း မပြည့်မီသေးသော သတင်းမီဒီယာသမားအချို့ နေ့စဉ်ကြုံတွေ့ရှိနေဆဲ။ ဘာလုပ်ကြမည်လဲ။ ပညာပေးကြရမည်။ စည်းရုံးကြရမည်။ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်ပေးရမည်ဖြစ်သည်။ သတင်းမီဒီယာကောင်စီ၏ လုပ်ငန်းတာဝန်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ပြီးဖြစ်သည်။ **အချို့ကို ကောက်နုတ်တင်ပြရလျှင်-**

- သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း
- သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပရန်စီစဉ်ခြင်း
- သတင်းဆိုင်ရာ ထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- သတင်းမီဒီယာလုပ်ငန်းကို တိုးတက်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်ခြင်း
- လိုအပ်သည့် အချိန်တိုင်း သတင်းထုတ်ပြန်ခြင်းတို့ဖြစ်သည်။ **[ဥပဒေပုဒ်မ ၁၇]**

**ဝတ်စားဆင်ယင်မှုကအစ**
သတင်းမီဒီယာသမားဟူသည် သိက္ခာရှိသည်။ ကျင့်ဝတ်စောင့်ထိန်းသည်။ ဥပဒေလိုက်နာသည်။ ဤသို့ဆိုလျှင် သတ်မှတ်ထားသော ဝတ်စားဆင်ယင်မှုကအစ သိက္ခာရှိသော၊ ကျင့်ဝတ်စောင့်ထိန်းသော၊ ဥပဒေကိုလိုက်နာသော၊ ဌာနများ၏ လုပ်ထုံးများကို နားလည်လက်ခံသော၊ အပြန်အလှန်ယဉ်ကျေးမှုရှိသော သတင်းမီဒီယာသမားများဖြစ်သင့်သည်။ ဖြစ်ထိုက်သည်။ သတင်းအရည်အချင်း၊ ထောက်လှမ်းမှုအရည်အချင်း၊ ပြည်သူ့အကျိုးပြုထိရောက်မှု အရည်အချင်းများနှင့် ပြည့်စုံသော သတင်းထောက်များကို ပြည်သူချစ်သည်။ ကြိုဆိုသည်။

**ဝန်ကြီးဌာနများဘက်ကရော**
သတင်းမီဒီယာသမားများဘက်က ချို့ယွင်းချက်တွေရှိသလို ဝန်ကြီးဌာနများဘက်ကရော ချို့ယွင်းချက်တွေ အားနည်းချက်တွေ မရှိနိုင်ဘူးလား။ ရှိနိုင်ပါသည်။ မည်သို့ပြုပြင်မလဲ။ မည်သို့ကုစားမည်လဲ။ အပြန်အလှန်နားလည်မှု၊ ပွင့်လင်းမြင်သာမှုများဖြင့်သာ ပြဿနာပြေလည်မည်။ အခြားတင်ပြစရာတွေလည်း ကျန်ဦးမည်။

**သတင်းထုတ်ပြန်ရေးတာဝန်ခံ**
ဝန်ကြီးဌာနအလိုက် သတင်းထုတ်ပြန်ရေးတာဝန်ခံများ အသီးသီးခန့်ထားပြီး တာဝန်ပေးထားပြီးဖြစ်ပါသည်။ အပြန်အလှန်ဆက်ဆံရေး၊ သတင်းထုတ်ပြန်ရေး၊ ညှိနှိုင်းရေးစီမံကြပြီးလည်း ဖြစ်သည်။ အချို့ဌာနများကတော့ **ပွဲပြီးမီးသေ**သဘော။ ဤသို့မဖြစ်သင့်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ဥပဒေကလည်း သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည်။ တင်ပြစရာ၊ ရေးစရာတွေ ကျန်သေးသည်။ ဆက်လက်ရေးသားတင်ပြပါဦးမည်။

**သတင်းမီဒီယာကောင်စီဆိုသည်မှာ**
"ကောင်စီ"ဆိုသည်မှာ ဥပဒေနှင့်အညီ ဖွဲ့စည်းသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ဆိုသည်။

**[ဥပဒေပုဒ်မ-၂(ဂ)]**

**တစ်ခုတည်းသောအဖွဲ့အစည်း**
ကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

**[ဥပဒေပုဒ်မ-၁၂]**

**အားလုံးကောင်းပါသည်မဟုတ်ပါ**
သတင်းမီဒီယာလောကသည် အားလုံးကောင်းပါသလား။ သတင်းမီဒီယာဥပဒေသည် ပြီးပြည့်စုံပါပြီလား။ စင်းလုံးချော၊ ခြောက်ပစ်ကင်းသဲလဲစင်တော့ မဟုတ်ပါ။ လိုအပ်ချက်ရှိမည်။ အားနည်းချက်ရှိမည်။ မပြည့်စုံတာလည်းရှိမည်။ အတွေ့အကြုံများကို အခြေခံပါ။ လုပ်ငန်းများ၏ အကောင်းအဆိုးများက သွန်သင်ပါ။ ပြည်သူ့ဘဝထဲမှာ ခံစားပါ။ ပြည်သူ့သွန်သင်ချက်နာယူပါ။ လက်တွေ့ဘဝများမှတစ်ဆင့် ရှေ့သို့ချီတက်ကြရမည်သာ။ သတင်းမီဒီယာလောက ဖွံ့ဖြိုးရေး၊ ပြည်သူယုံကြည်ရေး၊ စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍပီပြင်ရေး ဆက်လက်ဆောင်ရွက်စရာတွေ ကျန်သေးသည်။ မိမိကိုယ်မိမိ ဝေဖန်သုံးသပ်၊ ပြည်သူ့အဆုံးအဖြတ်ခံယူကြရဦးမည်။ ချို့ယွင်းချက်များပြင်ရဦးမည်။ ရှေ့ခရီး. .။

**ပထမခြေလှမ်းအဖြစ်**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်၊ အစီအစဉ်မှူး ဒေါက်တာမျိုးဆက်သွေးတို့၏ ဝန်ကြီးဌာနနှင့် သတင်းမီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေးပွဲသည် သတင်းလောက၏ မော်ကွန်းဝင် ပထမခြေလှမ်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**နိဂုံးတင်ပြချက်**
(၁) ဝန်ကြီးဌာနများနှင့် သတင်းမီဒီယာ စွမ်းရည်မြှင့်ရေး
(၂) ပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး
(၃) ဂုဏ်ရည်မြင့်မားသော သတင်းမီဒီယာဖြစ်ရေး အလေးပေးဆောင်ရွက်ချိန်တန်ပြီဖြစ်ပါကြောင်း. .။

> **သတင်းမီဒီယာသမားဟူသည် သိက္ခာရှိသည်။ ကျင့်ဝတ်စောင့်ထိန်းသည်။ ဥပဒေလိုက်နာသည်။ ဤသို့ဆိုလျှင် သတ်မှတ်ထားသော ဝတ်စားဆင်ယင်မှုကအစ သိက္ခာရှိသော၊ ကျင့်ဝတ်စောင့်ထိန်းသော၊ ဥပဒေကိုလိုက်နာသော၊ ဌာနများ၏ လုပ်ထုံးများကို နားလည်လက်ခံသော၊ အပြန်အလှန်ယဉ်ကျေးမှုရှိသော သတင်းမီဒီယာသမားများဖြစ်သင့်သည်။ ဖြစ်ထိုက်သည်။ သတင်းအရည်အချင်း၊ ထောက်လှမ်းမှုအရည်အချင်း၊ ပြည်သူ့အကျိုးပြုထိရောက်မှု အရည်အချင်းများနှင့် ပြည့်စုံသော သတင်းထောက်များကို ပြည်သူချစ်သည်။ ကြိုဆိုသည်။**

# ရန်ကုန်မြို့တွင် ဦးဥတ္တမနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

(၇၇) နှစ်မြောက် ဦးဥတ္တမနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့(ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)ရှိ ဦးဥတ္တမပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားကို ရခိုင်စည်တော် မင်္ဂလာနှင့်အတူ ဆရာတော် ဦးဥတ္တမအား သတိရအောက်မေ့ဖွယ် ဗီဒီယိုပြကွက်များဖြင့် စတင်ဖွင့်လှစ်ပြီး လေးဝတီ ဦးထွန်းဝင်းက မင်္ဂလာရတုဖြင့် ဆရာတော်ဦးဥတ္တမအား ဂုဏ်ပြုပူဇော်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တက်ရောက်လာကြသည့် အသင်းအဖွဲ့များ၊ ရခိုင်မျိုးနွယ်စုဝင် မိသားစုများကိုယ်စားစုံတွဲမောင်မယ်များက ဆရာတော်ဦးဥတ္တမအား ပန်းခြင်းများဖြင့် ဆက်ကပ်ပူဇော်ကြကာ ရခိုင်တိုင်းရင်းသားတေးသံရှင်များက တေးသီချင်းဖြင့် ပူဇော်ကြသည်။



ဆက်လက်၍ ဆရာတော် ဦးဥတ္တမအား ဂုဏ်ပြုသည့်အနေဖြင့် တစ်မိနစ်ငြိမ်သက်ဦးညွှတ်ဂါရဝပြုခြင်း၊ အသင်းအဖွဲ့များကပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားခြင်း၊ ဆရာတော်ဦးဥတ္တမ၏ လွတ်လပ်ရေးကြိုးပမ်းခဲ့မှုများနှင့် ကိုယ်ရေးအကျဉ်းဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်လူမှုရေးရာ အသင်းအဖွဲ့များက စုပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ရခိုင်နိုင်ငံရေးပါတီများ၊ ရခိုင်အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရဟန်းရှင်လူပြည်သူ တစ်သောင်းကျော် တက်ရောက်ကာ ရခိုင်တေးသံရှင်တို့၏ တေးသီချင်းသီဆိုမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

**ဇော်ကြီး(ပဏီတ)**

## (၇၇)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့ ကျင်းပ

**စစ်တွေ စက်တင်ဘာ ၉**

ရခိုင်အာဇာနည် ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူသည့် (၇၇)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့ကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက် ၆ နာရီတွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

ဆရာတော်ဦးဥတ္တမနေ့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး စစ်တွေမြို့ပေါ်မှ ဆရာတော်သံဃာတော်ကြီးများအား ပင့်ဖိတ်၍ ဆရာတော်ဦးဥတ္တမအတွက်ရည်မှန်းပြီး အရုဏ်ဆွမ်းကပ်လှူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများကပ်လှူခြင်း၊ မေတ္တာပို့ ရေစက်ချအမျှပေးဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ထို့နောက်ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်ပြီး ပြည်နယ်ဝန်ကြီးများက ဆရာတော်ဦးဥတ္တမရုပ်တု၌ လွမ်းသူ့ပန်းခွေချခဲ့ကြသည်။ ဆရာတော်ဦးဥတ္တမနေ့အခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါခန်းမ၌ ကျင်းပရာ ရခိုင်မင်္ဂလာစည်တော်ရွှမ်းပြီး ဆရာဦးကျော်ဇံမောင်က ရတုရွတ်ဆို၍ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဆရာတော်အား အောက်မေ့ဖွယ်အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ပြီး ဆရာတော်ဦးဥတ္တမ၏အတ္ထုပ္ပတ္တိအား LED Video Clip ဖြင့် ပြသပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်ဦးဥတ္တမ၏အတ္ထုပ္ပတ္တိသမိုင်း အကျဉ်းအား ဖတ်ကြားပေးပြီး ဆရာတော်ဦးဥတ္တမနေ့ ပန်းချီ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ဟောပြောပွဲတွင် ဆုရရှိသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စက်တင်ဘာလ ၉ ရက်တွင် ကျရောက်သည့် ဆရာတော်ဦးဥတ္တမပျံလွန်တော်မူသည့် (၇၇)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့တွင် စစ်တွေမြို့ဦးဥတ္တမပန်းခြံရှိ ဆရာတော်ရုပ်တုတွင် ယနေ့ နံနက်ပိုင်းမှ စတင်ပြီး ဆရာတော်သံဃာတော်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကိုယ်ပိုင်စာသင်ကျောင်းများ၊ ရပ်ကွက်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့အသီးသီးတို့က လွမ်းသူ့ပန်းခွေချ ဂါရဝပြု ပူဇော်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့် ကြယ်ငါးပွင့်ဟိုတယ်စီမံကိန်း အကြမ်းထည် ပြီးစီး

**ရန်ကုန် စက်တင်ဘာ ၉**

အမေရိကန်အခြေစိုက် star wood Hotels and Resorts ကုမ္ပဏီ နှင့် Family Business Group Hotel လီမိတက်က မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကျိုးတူပူးပေါင်းဆောက်လုပ်လျက်ရှိသော ရန်ကုန်မြို့၏ပုံရိပ်ကို ထင်ဟပ်စေမည့်ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်းမှာ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ယခုအခါ ဟိုတယ်ဆောက်လုပ်မှု အကြမ်းထည်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်လျက်ရှိသော အဆိုပါ မြန်မာနိုင်ငံ၏သမိုင်းတွင် ပထမဆုံးဖြစ်လာမည့် အမေရိကန်နည်းပညာဖြင့် ဆောက်လုပ်လျက်ရှိသော အမေရိကန်ဒေါ်လာ သန်း ၃၀ ကုန်ကျခံဆောက်လုပ်နေသည့် ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်းမှာ မြေဧက ၁ ဒသမ ၂၃ ဧကပေါ်တွင် ဆောက်လုပ်နေခြင်းဖြစ်ပြီး ဟိုတယ်အဆောက်အအုံ၏ ကြမ်းပြင်ဧရိယာမှာ ၃၉၆၉၇၈ ရှိကာ အလျား ၂၁၇ ပေနှင့် အနံ ၂၆၆ ပေရှိကြောင်း သိရသည်။ ဟိုတယ်ဆောက်လုပ်မှုများအတွင်း နိုင်ငံတကာအဆင့်မီ အခန်းပေါင်း ၃၇၅ ခန်း ပါဝင်မည်ဖြစ်ပြီး ကားပါကင်ယာဉ်အစီးရေ ၂၀၀ ခန့် ရပ်နားနိုင်သော Base Ment နှစ်ထပ်ပါဝင်မည်ဖြစ်သည်။ ဟိုတယ်အဆောက်အအုံမှာ နိုင်ငံတကာစံချိန်စံညွှန်းဝင် ၁၄ ထပ်အဆောက်အအုံဖြစ်ပြီး အဆင့်မီဓာတ်လှေကား ၁၂ စင်းနှင့် escalator သုံးစင်းပါဝင်မည်ဖြစ်သည်။ ပထမထပ်ရှိ Ball room ၌ လူဦးရေ ၇၀၀ ဆံ့ အခန်းထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး အဝင်ဝ (Lobby) ၌ အဆင့်မြင့်စားသောက်ဆိုင် သုံးဆိုင်ပါဝင်မည်ဖြစ်ကာ အပေါ်ဆုံး ၁၂ လွှာ ရှိ Roof top တွင်လည်း စားသောက်ဆိုင် သုံးဆိုင်ပါဝင်မည်ဖြစ်သည်။

ဟိုတယ်အဆောက်အအုံ ဒုတိယထပ်တွင် ရေကူးကန်၊ အားကစားလေ့ကျင့်ခန်း၊ နိုင်ငံတကာအဆင့်မီ Spa များပါဝင်ဆောက်လုပ်ထားရှိပြီး တတိယလွှာမှ ၁၁ ထပ်ထိ အခန်းပေါင်း ၃၇၅ ခန်းပါဝင်ကြောင်းသိရသည်။လက်ရှိအနေအထားအရ Base Ment အပါအဝင် အဆောက်အအုံ၏ ၁၄ ထပ်စလုံးအား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး အခန်းနမူနာပုံစံ နှစ်ခန်းအား ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သောကြောင့် star wood Hotels and Resorts ကုမ္ပဏီမှတာဝန်ရှိသူများက ဟိုတယ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လာရောက် ကြည့်ရှုစစ်ဆေးခဲ့ကာ ယခုအခါ အခြားအခန်းများဆောင်ရွက်ရန်အတွက် ပြင်ဆင်နေပြီဖြစ်သည်။ ယခုအခါ ဟိုတယ်အတွင်းပိုင်းရှိ အခန်းများဖွဲ့စည်းရန်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားမှ အကြံပေးကုမ္ပဏီ ၂၀ ကျော်၊ ပြည်တွင်းအင်ဂျင်နီယာနှင့်လုပ်သားစုစုပေါင်း ၁၅၀ ကျော်တို့ဖြင့် ဟိုတယ်စီမံကိန်းအား ဆောင်ရွက်လျက်ရှိသည်။



ဟိုတယ်အဆောက်အအုံ ဆောက်လုပ်မှုများအတွင်း ဥရောပ၊ စင်္ကာပူ ၊တရုတ်နှင့် အမေရိကန်နိုင်ငံထုတ်ကုန်ပစ္စည်းများပါဝင် ဆောက်လုပ်လျက်ရှိသည်။ လက်ရှိ ဟိုတယ်အဆောက်အအုံ၏ ဆောက်လုပ်မှုအကြမ်းထည်လုပ်ငန်းအား ပါဝင်သည့်ဒါရိုက်တာများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံအတွင်းရှိ လိုအပ်ချက်ဆောင်ရွက်ပြင်ဆင်မှုများအတွက် ထပ်မံလိုအပ်သည့် ငွေကြေးပမာဏအား ပြည်တွင်း၊ ပြည်ပဘဏ်များမှ ချေးငွေယူကာ ဆောက်လုပ်သွားမည်ဖြစ်သည်။

Family Business Group Hotel လီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးကိုကိုလတ်က "နိုင်ငံတကာမှာ Brand ဖြစ်နေတဲ့ဒီ Sheraton ဟိုတယ်ဟာ ရန်ကုန်မြို့ကိုဝင်ရောက်လာခြင်းအားဖြင့် နိုင်ငံတော်အတွက် အခြားနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကိုဖိတ်ခေါ်သလိုဖြစ်သွားပါပြီ၊ အမေရိကန်နိုင်ငံရဲ့တကယ့်ကြီးမားတဲ့ ကုမ္ပဏီကြီးတစ်ခုကတောင်မှ မြန်မာနိုင်ငံကို လာရောက်ပြီး ချိတ်ဆက်နေပြီဆိုတော့ အခြားစီးပွားရေးကုမ္ပဏီငယ်တွေကလည်း အွန်လိုင်းကနေတွေ့ပြီး အချိန်မရွေး ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ ဆက်သွယ်လာနိုင်ပါတယ်။ နောက်တစ်ခုအရေးကြီးတဲ့ နိုင်ငံတွင်းက ပြည်သူ ၅၀၀ ကျော်ကို ဒီဟိုတယ်က အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မှာဖြစ်ပြီး အခြားဆက်စပ်ကုမ္ပဏီ ၂၀၀ ကျော်အတွက်လည်း အခွင့်အလမ်းများရရှိစေမှာဖြစ်ပါတယ်။ ဒီတော့ ဒီဟိုတယ်တစ်လုံးလုံးပုံမှန်လည်ပတ်ပြီဆိုရင် လူဦးရေ ၇၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးပေးနိုင်မှာဖြစ်ပါတယ်" ဟုဆိုသည်။

ဆက်လက်၍ "ဟိုတယ်ဆောက်လုပ်မှုစီမံကိန်းကို ကနဦးကတော့ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာစတင်ဖွင့်လှစ်ဖို့ လျာထားပေမယ့် ဟိုတယ်စီမံကိန်းထဲမှာဆောက်လုပ်ရေးလုပ်ငန်းရှင်တော်တော်များများက ရှယ်ယာပါဝင်ထားကြတာဆိုတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေကျဆင်းနေတာဖြစ်တဲ့အတွက် ရှယ်ယာငွေများထည့်ဖို့ အခက်အခဲဖြစ်နေကြပါတယ်၊ ဒါကြောင့် ပြည်တွင်းဘဏ်နဲ့ပဲဖြစ်ဖြစ်၊ နိုင်ငံတကာကဘဏ်တွေနဲ့ပဲဖြစ်ဖြစ် ချိတ်ဆက်ဆောင်ရွက်ပြီး ဟိုတယ်ကိုပြီးမြောက်အောင်ဆောင်ရွက်သွားဖို့အစီအစဉ်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းမှာ အမြန်ဆုံးဖွင့်လှစ်နိုင်အောင်ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံမှာလည်း ပြည်ပစီးပွားရေး လုပ်ငန်းရှင်တွေ ဝင်ရောက်နေပြီမို့ ဒီလိုအဆင့်မြင့် ဟိုတယ်တွေ လိုအပ်နေပါပြီ။ ဟိုတယ်ဆောက်လုပ်ပြီးစီးသွားပြီဆိုလည်း နိုင်ငံတကာက သတ်မှတ်စျေးနှုန်းအတိုင်း ပြည်တွင်း၊ ပြည်ပမှ အများပြည်သူတွေ မည်သူမဆိုတည်းခိုနိုင်ပါတယ်။ ဒီကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon ဖွင့်လှစ်ပြီဆိုရင်တော့ အခန်းငှားခက Sheraton Brand ရဲ့ နိုင်ငံတကာသတ်မှတ်နှုန်းထားအတိုင်း သတ်မှတ်မှာပါ။ ဒီဟိုတယ်တွေက ကမ္ဘာမှာ ဟိုတယ်ပေါင်း ၄၀၀၀ ကျော်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဒါပထမဦးဆုံး ဝင်ရောက်လာတာပါ။ ဟိုတယ်အခန်းငှားရမ်းခတွေကတော့ နိုင်ငံတကာက Sheraton ဟိုတယ်တွေနဲ့ချိတ်ဆက်ပြီး star wood Hotels and Resorts ကုမ္ပဏီကစျေးကွက်ကိုရှာဖွေမှာပါ။ ကျွန်တော်တို့က marketing လုပ်စရာမလိုပါဘူး။ သူတို့ဟာသူတို့ လုပ်မှာပါ။ ဧည့်သည်တွေက သူတို့ရဲ့ network တွေကနေတစ်ဆင့် လာရောက်တည်းခိုကြပါလိမ့်မယ်။ ဒီတော့ ကျွန်တော်တို့က ရမယ့် percentage ထဲက ရမယ့်အကျိုးအမြတ်တစ်ခုကို သူတို့ကို ပြန်ပေးရမှာပါ။ ဒီဟိုတယ်စီမံကိန်းပြီးစီးသွားပြီဆိုရင်တော့ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ပုံရိပ်ကို ထင်ဟပ်စေတော့မှာဖြစ်ပါတယ်" ဟု ဆက်လက်ရှင်းပြသည်။

လက်ရှိ ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်းဆောင်ရွက်နေမှုအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အားတင်ပြထားပြီးကြောင်း သိရပြီး ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon အား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြယ်ငါးပွင့်အဆင့်မီ ဒီဟိုတယ်ဖွင့်လှစ်ပြီဆိုပါက ရန်ကုန်မြို့သို့အကြောင်း ကိစ္စအရပ်ရပ်ကြောင့် လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက်ပါ အကျိုးရှိစေမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ လူဦးရေအချို့အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိလာတော့မည်ဖြစ်သည်။ အဆိုပါ ကြယ်ငါးပွင့်အဆင့်မြင့် ဟိုတယ်စီမံကိန်းကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မတ် ၂၀ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စတင်ခွင့်ပြုချက်ဖြင့် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ ( စိုးဝင်း-MLA )**

ပြည်တွင်းရေးရာ

# ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများ၊ မူဝါဒများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပသည့် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများ၊ မူဝါဒများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Fumio Kishida နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ လမ်း၊ တံတားဆိုင်ရာကိစ္စများ၊ အိမ်ရာတည်ဆောက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ ပုဂံဒေသရှိ ငလျင်ဒဏ်ခံရသော စေတီပုထိုးများ၊ ဘုရားများပျက်စီးမှုတွင် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်ကုမ္ပဏီတို့ အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများတွင် တင်ဒါများဝင်ရောက်လုပ်ကိုင်ခွင့်ရရှိရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက်ဂျပန်နိုင်ငံ Ministry of Land lnfrastructure Transport and Tourism (MLIT)မှ ဝန်ကြီး Mr.Keiichi ISH11 နှင့်တွေ့ဆုံ၍ ဂျပန်နိုင်ငံမှ ဆောင်ရွက်ပေးနေသော လမ်း၊ တံတားဆိုင်ရာကိစ္စများ၊ မြန်မာနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ဂျပန်ကုမ္ပဏီများ၏ လုပ်ဆောင်ချက်တို့နှင့် ပတ်သက်၍ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံရှိ Over Seas Construction Association of Japan Inc မှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်သော လမ်း၊ တံတားများ၊ မြို့ပြအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဥပဒေများ၊ NGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြား၍ OCAJI မှ သိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဩဂုတ် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ Metropolitan Express Way တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုလေ့လာပြီး Harumi Island Triton Square (UR Redevelopment Project) ရုံးခန်းသို့ သွားရောက်ပြီး မြို့ပြပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာခဲ့သည်။ ဆက်လက်၍ IHI ကုမ္ပဏီမှ ဥက္ကဋ္ဌ Mr. Tsugio Mitsuoka နှင့် တွေ့ဆုံ၍ ဆောက်လုပ်ဝန်ကြီးဌာနနှင့် IHI ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နေသည့် စက်ရုံလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။



ထို့နောက် Kajima မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဂျပန်နိုင်ငံရှိ လမ်း၊ တံတားများနှင့် အဆောက်အအုံများအား ငလျင်ဒဏ်ခံနိုင်စေရန် စီမံဆောင်ရွက်ထားရှိမှုနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အိမ်ရာတည်ဆောက်နေမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းပြသပြီး စီမံကိန်းလုပ်ငန်းများအား လိုက်လံကြည့်ရှုလေ့လာသည်။ ဆက်လက်၍ ညနေ ၄ နာရီတွင် Marunouchi and Yaesu area ရှိ Expressway တို့နှင့်ပတ်သက်၍ Video ဖြင့် ရှင်းလင်းပြသမှုတို့ကို ကြည့်ရှုသည်။ ဆက်လက်၍ CODE and JMHUမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်သောလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းသည်။ **(သတင်းစဉ်)**

### ❖ မြန်မာ့လက်ရွေးစင်အသင်းမှ

ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ မီရိုဆလပ်၊ ကစားသမားများအဖြစ် ဂိုး ကျော်ဇင်ဖြိုး၊ ရန်အောင်လင်း၊ ပြည့်ဖြိုးအောင်၊ နောက်တန်း ဒေးဗစ်ဒန်း၊ ကျော်ဇင်လွင်၊ နန္ဒကျော်၊ ဇော်မင်းထွန်း၊ ဇော်လင်း၊ အောင်ဇော်၊ ဟိန်းသီဟဇော်၊ ဖြိုးကိုကိုသိန်း၊ မျိုးကိုထွန်း၊ အလယ်တန်း ရန်အောင်ကျော်၊ လှိုင်းဘိုဘို၊ ရဲကိုဦး၊ ဇင်ဖြိုးအောင်၊ သီဟဇော်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ဆက်ဖြိုးဝေ၊ ဆောင်လမန်၊ ရှေ့တန်း ကျော်ကိုကို၊ အောင်သူ၊ ဝင်းနိုင်စိုးနှင့်သန်းပိုင်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၃ ရက်က စတင်လေ့ကျင့်ခဲ့ပြီး စက်တင်ဘာလဆန်းပိုင်းတွင် နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်ခဲ့သော်လည်း အဆင်မပြေခဲ့သောကြောင့် စက်တင်ဘာ ၇ ရက်က ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ဂျာမနီနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလကုန်ပိုင်းအထိ ဂျာမနီနိုင်ငံတွင် နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် ခြေစမ်းပွဲငါးပွဲသွားရောက်ကစားမည်ဖြစ်သည်။ ထို့ပြင် အောက်တိုဘာလဆန်းပိုင်းမှစတင်ကာ ဆိုက်ပရပ်စ်နိုင်ငံတွင် သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲထပ်မံကစားမည်ဖြစ်ကာ အီတလီနိုင်ငံ၌ ခြေစမ်းပွဲ ကစားခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်တွင် ခြေစမ်းပွဲကိုးပွဲကစားမည်ဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

### ✻ ကျောဖုံးမှ

စစ်ဆေးပညာပေးနေသည်ကို စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲက မြင်တွေ့ရသည်။

အမှတ် (၄၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး လသာမြို့နယ်ယာဉ်ထိန်းတာဝန်ခံ ဒုရဲမှူးအေးထွန်းမောင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ လသာမြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်စန်းဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လသာမြို့နယ် လက်ထောက်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးလှမျိုးနှင့် အသိသက်သေများပါဝင်သော အဖွဲ့ဖြင့် ဗိုလ်ချုပ်လမ်းမပေါ်တွင် မောင်းနှင်နေသော လိုင်းကား၊ အငှားယာဉ်၊ ကိုင်ပိုင်ယာဉ်၊ လုပ်ငန်းသုံးယာဉ်ငယ်များအနက် အချို့ကိုရပ်တန့်ပြီး ယာဉ်မောင်းများကို အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် အရက်သောက်သုံးထားမှုရှိ၊ မရှိစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများပြုလုပ်သည်။

အယ်လ်ကိုဟောတိုင်းကိရိယာတွင် သုည ဒသမ ၇ အမှတ်အသားပြလျှင် အရက်သောက်သုံးထားပြီး ယာဉ်မောင်းနှင်ရန်မသင့်ဟုသတ်မှတ်ထားကာ ယာဉ်မောင်းနှင်ခွင့်မပြုဘဲ အရေးယူမှုခံရမည်ဟု ယာဉ်ထိန်း ဒုတိယရဲမှူးက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ရှစ်လအတွင်း ယာဉ်မတော်တဆမှု ၁၇၉၇ မှုဖြစ်ပွားပြီး သေဆုံးသူ ၄၃၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၂၆၈ ဦးရှိခဲ့သည်ဟု သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် ယာဉ်မောင်းများ အရက်သောက်သုံးထားခြင်းများလည်း ပါဝင်သည့်အတွက် ယာဉ်မောင်းနှင်ရာ၌ အရက်သောက်သုံးထားမှုရှိ၊ မရှိ ယခုကဲ့သို့ အယ်လ်ကိုဟောတိုင်း ကိရိယာကိုအသုံးပြုစစ်ဆေးရခြင်းဖြစ်သည်ဟု ပညာပေးပြောဆိုမှုရှိသည်ကို ကြုံတွေ့ရသည့် ယင်းနေရာအနီးရှိ အငှားယာဉ်မောင်း ကိုထွန်းထွန်းဦးကပြောသည်။

**(မောင်စေအောင်)**

### ❒ ရှေ့ဖုံးမှ

ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ လည်းကောင်း၊ ထိုင်း၊ တရုတ်နိုင်ငံသားအများစု ပါဝင်သော ခရီးသွားဧည့်သည် ၂၃၆၃ ဦးတို့သည် မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်သို့လည်းကောင်း၊ ထိုင်းနိုင်ငံသားအများစုပါဝင်သော ခရီးသွားဧည့်သည် ၁၄၅၁ ဦးတို့သည် မိုင်းလားခရီးစဉ် ဒေသသို့လည်းကောင်း၊ ထိုင်း၊ တရုတ်နိုင်ငံသားနှင့် တတိယနိုင်ငံသားအများစုပါဝင်သော ခရီးသွား ဧည့်သည် ၄၀၃၂ ဦးတို့သည် တာချီလိတ်မှတစ်ဆင့် တောင်ကြီး-အင်းလေး-ပုဂံ-မန္တလေး-ကျိုက်ထီးရိုး-ရန်ကုန်စသည့် ပြည်တွင်းပိုင်း ခရီးစဉ်ဒေသများသို့ လည်းကောင်း အသီးသီးသွားရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင် ရေမြေ သဘာဝရှုခင်းများကို ပကတိလေ့လာနိုင်စေရန်၊ နယ်မြေဒေသအသီးသီးရှိ အထင်ကရ ခရီးစဉ်နေရာများ၊ ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသော ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များနှင့် လူနေမှုဘဝပုံစံများကို ကိုယ်တိုင်လေ့လာ သိရှိခံစားနိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များ၊ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် အဆက်မပြတ် ဝင်/ ထွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ✪ ရန်ကုန်ပြည်သူ့ဆေးရုံမှ

"အပူပိုင်းရောဂါတွေကို သီးသန့်ကုသပေးနိုင်တဲ့ဌာနတစ်ခု ရန်ကုန်ဆေးရုံကြီးမှာ ပေါ်ပေါက်လာတာပါ။ အရင်လို ရောဂါတွေကို ရောပြီး ကြည့်တာမဟုတ်ဘဲနဲ့ အပူပိုင်းရောဂါတွေနဲ့ဆိုင်တဲ့ ဆရာဝန်ကြီးတွေ ဦးဆောင်တဲ့အဖွဲ့က သီးခြားသတ်မှတ်ကုသပေးတာမျိုး ဖြစ်လာမှာပါ။ စက်တင်ဘာလ အတွင်းမှာ စတင်ဖွင့်လှစ်နိုင်ဖို့ အမြန်ဆုံးစီစဉ် ဆောင်ရွက်နေပါတယ်" ဟု ဒေါက်တာအေးကိုကိုက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယခင်က သက်ကြီးရွယ်အိုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ အစရှိသည့် ရောဂါများကို ဆေးပညာဌာနအောက်တွင် ထားရှိကုသသော်လည်း ယခုအခါ ဟော်မုန်းဗေဒဌာန၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဌာန၊ သက်ကြီးရွယ်အို ဆေးပညာဌာနစသည့် ဌာနများကို သီးသန့်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဇာနည်မောင်)**

■

# ထီးချိုင့်အထကတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ထီးချိုင့် စက်တင်ဘာ ၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ သစ္စာစီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ထီးချိုင့်အခြေခံပညာ အထက်တန်းကျောင်းတွင် အသက် (၁၀) နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၅၇ ခုအား ကျောင်းအုပ်ဆရာမကြီး



ဒေါ်ဝင်းမာထံသို့ ပေးအပ်ခဲ့သည်။

မြို့နယ်တွင်းကျန်ရှိနေသေးသည့် ကျောင်းများမှ ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်သွားမည်ဖြစ်ပြီး သစ္စာစီမံချက်ဖြင့်တခြားမြို့နယ်များမှ ပြောင်းရွှေ့နေထိုင်ပြီး အိမ်ထောင်စုစာရင်းမရှိသေးသူ နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူများ ကိုလည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲမာန်(ထီးချိုင့်)**

# ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ တမံသဘော ရေထိန်းတော



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်း ပြည်သူများလျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် စက်တင်ဘာ ၆ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်ဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မင်းလှမြို့ မြို့မဈေးအတွင်း လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များ ပါဝင်သော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

(၄၉၇)

# ကျန်းမာရေးစောင့်ရှောက်မှုများကို ရယူရာတွင် ကြုံတွေ့နိုင်သော အဟန့်အတားများနှင့် ပတ်သက်၍ စုစည်းထားသောအသံများ ဆွေးနွေးခြင်းအစီရင်ခံစာ မိတ်ဆက်

**နေပြည်တော် စက်တင်ဘာ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် 3MDG တို့ ပူးပေါင်းဆောင်ရွက်သည့် "ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရယူရာတွင် ကြုံတွေ့နိုင်သော အဟန့်အတားများနှင့် ပတ်သက်၍ စုစည်းထားသောအသံများ ဖော်ထုတ်ဆွေးနွေးခြင်း အစီရင်ခံစာ မိတ်ဆက်ပွဲ အခမ်းအနား" ကို ယမန်နေ့နံနက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားသည်။


အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အခြေခံလိုအပ်ချက်ဖြစ်သော ကျန်းမာရေးပြဿနာ၏ အရင်းအမြစ်ကို သိရှိမှသာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် 3MDG အနေဖြင့် ယခုကဲ့သို့ ပြုလုပ်ခြင်းသည် အလွန်သင့်လျော်ပါကြောင်း၊ အမျိုးသားကျန်းမာရေးမူဝါဒ ချမှတ်ရာတွင်လည်း Input တစ်ခုအနေဖြင့် ပါဝင်နိုင်မည်ဖြစ်ကြောင်း။

ယခုအစီရင်ခံစာ ပေါ်ပေါက်လာရေးအတွက် အချက်အလက်များကို လူထုအခြေပြုအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများပူးပေါင်းပြီး ကျေးရွာများအထိ သွားရောက်ကာ စုဆောင်းထားသည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် ယခု အစီရင်ခံစာသည် ပကတိမြေပြင်အခြေအနေကို ထင်ဟပ်စေမည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနား၌ ပညာရှင်များနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းကဏ္ဍလည်း ပါဝင်မည်ဟုသိရှိရပါကြောင်းနှင့် အကျိုးရှိအောင် ဆွေးနွေးကြစေလိုကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း ရေးဆွဲရာတွင် ယခုအစီရင်ခံစာမှ အချက်အလက်များကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စုစည်းထားသောအသံများ အစီရင်ခံစာနှင့် ပတ်သက်၍ 3MDG မှ အကြီးတန်းအကြံပေး ဒေါက်တာ ကျော်ညွန့်စိန်က ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဖင်လန်နိုင်ငံတို့ ပူးပေါင်း၍ စီးပွားရေးလုပ်ကိုင်ခြင်း ဆွေးနွေးပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဖင်လန်နိုင်ငံ အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးသော အဖွဲ့အစည်း (Finnpro)တို့ ပူးပေါင်း၍ မြန်မာ-ဖင်လန်စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဖင်လန်နိုင်ငံ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ကူညီထောက်ပံ့ရေးအဖွဲ့မှ Mr.Jarmo Kuuttilau က မန္တလေးမြို့ရှိ စီးပွားရေး လုပ်ငန်းရှင်များနှင့် အကျိုးတူ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ ရှာဖွေလျက်ရှိကြောင်း၊ ဖင်လန်မှ စီးပွားရေးလုပ်ငန်းရှင်များက သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုကို လျှော့ချသော နည်းပညာတွင် ပါဝင်သော ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေး၊ နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သတ္တုတူးဖော်ရေး၊ ကျန်းမာရေးနှင့် ဆေးဝါးပစ္စည်းဆိုင်ရာ ကဏ္ဍတို့တွင် အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် စိတ်အားထက်သန်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့် ဖင်လန်နိုင်ငံမှ လုပ်ငန်းရှင်များက စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ဆွေးနွေးကြကြောင်း သိရသည်။ ဖင်လန်နိုင်ငံနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်လိုပါက ဖုန်း ၀၉၂၀၇၃၀၈၅ နှင့် ၀၉၉၇၅၂၅၃၅၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သီဟကိုကို)**

# ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ရော်ဘာဈေးကွက် ပြန်တက်လာဖွယ်ရှိနေ

**ရေး စက်တင်ဘာ ၉**

ကမ္ဘာ့ရော်ဘာဈေးကွက်သည် ၂၀၁၆ ခုနှစ်တွင် ဝယ်လိုအား ကျဆင်းလာဖွယ်ရှိနေပြီး လာမည့် ၂၀၁၇ ခုနှစ်မှာ ရော်ဘာဝယ်လိုအား ပြန်လည်မြင့်တက်လာဖွယ်ရှိနေသဖြင့် ကမ္ဘာ့ဈေးကွက်က ပြန်လည်စတင်ဦးမော့လာမည်ဖြစ်ကြောင်း IRSG(RSB/WRIO) များမှ ပညာရှင်များ၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ကြိုတင်ခန့်မှန်းချက်များအရ သိရသည်။

၂၀၁၅ ခုနှစ်တွင် သဘာဝရော်ဘာ၏ ၇၀ ရာခိုင်နှုန်း ဝန်းကျင်ကို တာယာလုပ်ငန်းတွင် အသုံးပြုနေကြောင်း IRGS ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ပညာရှင်များ၏ သုံးသပ်ချက်များအရ သိရသည်။ ကမ္ဘာ့ရော်ဘာဈေးကွက်အတွင်း မြန်မာ့ရော်ဘာထုတ်လုပ်မှုသည် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ထိုးဖောက်နိုင်ခြင်းမရှိသေးသည်မှာ ပျိုးပင်မှန်ကို စိုက်ပျိုးနိုင်မှု အားနည်းပြီး အရည်အသွေးပိုင်းလည်း မမီနိုင်သေး၍ ကမ္ဘာ့ရော်ဘာဈေးကွက်ကို ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိသေးကြောင်း ရေးမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမောင်ဟင်းက ပြောသည်။

ရော်ဘာမျိုးမှန်ရရှိရန်အတွက် မြန်မာ့နှစ်ရှည်ပင်မှမျိုးခွဲပညာရှင်များနှင့် ပူးပေါင်းပြီး ဒေသနှင့်ကိုက်ညီမှုရှိသော မျိုးကိုစိုက်ပျိုးနိုင်မှသာလျှင် ရော်ဘာထွက်ရှိမှု အားကောင်းလာမည်ဖြစ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ဝင်ငွေပိုမိုရရှိပါက အရည်အသွေးပိုင်းတွင်လည်း တဖြည်းဖြည်းနဲ့ကောင်းအောင် ထုတ်လုပ်လာလျှင် ကမ္ဘာ့ရော်ဘာဈေးကွက်ထဲသို့ ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ အရည်အသွေးပိုင်း တိုးတက်စေရန်အတွက် ပညာရှင်များညှိနှိုင်းပြီး ခြံငယ်ရှင်များမှထုတ်လုပ်နိုင်ရန် ရေရှည်စီစဉ်ပေးရန်လိုအပ်ကြောင်း ရေးမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

**ထွန်းထွန်း(ရေး)**

# လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်းဖွင့်

**မော်လမြိုင် စက်တင်ဘာ ၉**

လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၃/၂၀၁၆) ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ အတ္ထရံသင်တန်းခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မော်လမြိုင်မြို့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်းနှင့် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ မော်လမြိုင်မြို့ပေါ်ရှိ နယ်မြေရဲစခန်းမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်များ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိများနှင့် အခြားအဆင့် ၆၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

❑

# အမြန်လမ်းတွင် ၉ ရက်အတွင်း သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် ၂၃၄ စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၉**

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၉ ရက်ထိ မော်တော်ယာဉ် ၂၃၄ စီးကို ဖမ်းဆီးအရေးယူခဲ့သည်။

သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အရှိန်နှုန်းတိုင်းတာစက်များအသုံးပြု၍ အမြန်လမ်း၏မိုင်တိုင် (၂၀၁)တွင် ရဲအုပ်ဇော်လှိုင်ထွန်း ဦးစီး၍ လည်းကောင်း၊ နေပြည်တော် တိုးဂိတ်(စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့မှရဲမှူးရန်နောင်ဝင်း ဦးစီး၍ လည်းကောင်း ပူးပေါင်းအဖွဲ့များသည် ယနေ့တွင် သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင် သည့် မော်တော်ယာဉ် ၅၃ စီးအား ဖမ်းဆီးအရေးယူခဲ့သည်။ ဖမ်းဆီးရမိသော မော်တော်ယာဉ်များကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ် တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ မော်တော်ယာဉ် ၂၄ စီးအား နေ့ချင်းပြီး တရားစွဲတင် ဒဏ်ငွေပေးဆောင်နိုင်ခဲ့ပြီး ကျန်ယာဉ် ၂၉ စီးအား ယာဉ်မောင်းများကိုယ်တိုင် ဒဏ်ငွေပေးဆောင်စေခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှသိရသည်။ ယနေ့ ဖမ်းဆီးရမိသော ယာဉ်များတွင် ပြိုင်ကားလေးစီးပါဝင်သည်။

ယခုအခါ နေ့ပိုင်းသာ ပထမအဆင့်အနေဖြင့် ဖမ်းဆီးအရေးယူခြင်းဖြစ်ပြီး မကြာမီ ညပိုင်းတွင် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော ယာဉ်များသာမက ယာဉ်မောင်းများ အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ ပါ စစ်ဆေးဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**မူးလျှင် မမောင်းနှင့်၊ မောင်းလျှင် မမူးနှင့်**





# ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာနဖွင့်

**နေပြည်တော် စက်တင်ဘာ ၉**

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာန ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကုသဆောင်ရှေ့ဥပစာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ မင်္ဂလာအချိန်တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က ဓာတ်ရောင်ခြည် ကင်ဆာရောဂါကုသဌာန (Department of RADIATION ONCOLOGY) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဧည့်သည်တော်များက ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာန အတွင်းရှိ ရောဂါတည်နေရာကို တိကျစွာရှာဖွေပေးသည့် CT Simulator၊ ရောဂါတည်နေရာသတ်မှတ်ပေးခြင်းနှင့် ဓာတ်ရောင်ခြည်ပေးနိုင်ရန် တိုင်းတာတွက်ချက်ခြင်းတို့ ပြုလုပ်သည့် Treatment Planning၊ ဓာတ်ရောင်ခြည် ထုတ်လွှတ်ကုသပေးသည့် Linear Acceleration ခန်းနှင့် ဓာတ်ရောင်ခြည်သတ္တိကြွပစ္စည်း (Radioactive Substance) ဖြင့် တိုက်ရိုက်ထိတွေ့ကာ ကုသပေးသည့် Brachytherpy ခန်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ခံ အထူးကုဆရာဝန် ဒေါက်တာသော်တာဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယခုဖွင့်လှစ်ပေးခဲ့သည့် ဓာတ်ရောင်ခြည်ကင်ဆာ ရောဂါကုသဌာနတွင် CT Simulation ခန်းတွင် လူနာများအား CT Simulator စက်အားအသုံးပြု၍ ရောဂါတည်နေရာကို တိကျစွာရှာဖွေပေးပြီး ရရှိလာသော အချက်အလက်များအား Treatment Planning သို့ပို့ပေးခြင်း၊ Treatment Planning ခန်းတွင် CT Simulator မှရရှိလာသော အချက်အလက်များအား ဆရာဝန်နှင့် ပညာရှင်များပူးပေါင်း၍ ရောဂါတည်နေရာ သတ်မှတ်ပေးခြင်း၊ ဓာတ်ရောင်ခြည်ပေးနိုင်ရန် တိုင်းတာတွက်ချက်ခြင်းတို့ကိုပြုလုပ်ကာ ရရှိလာသော အချက်အလက်များကို Linear Accelerator Treatment Control ခန်းသို့ ပို့ပေးခြင်း၊ ရောဂါအချက်အလက်များကို Treatment Control ခန်းတွင် အချောသတ်တွက်ချက်ပြီးနောက် Treatment Delivening ခန်းတွင် Linear Accelerator စက်ဖြင့် ဓာတ်ရောင်ခြည် ထုတ်လွှတ်ကုသခြင်းနှင့် Brachytherpy ခန်းတွင် ရောဂါအား ဓာတ်ရောင်ခြည်သတ္တိကြွပစ္စည်း (Radioactive Substance) ဖြင့် တိုက်ရိုက်ထိတွေ့ကာ ကုသနိုင်သည့် နေရာများဖြစ်သော သားအိမ်ခေါင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အဆုတ်ကင်ဆာအစရှိသည်များကို ဆောင်ရွက်နိုင်ကြောင်း၊ ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာနတွင် အဝေးမှဓာတ်ရောင်ခြည်ပေးကုသသည့် Linear Accelerator စက်နှစ်လုံးနှင့် ဓာတ်ရောင်ခြည်သတ္တိကြွပစ္စည်း Radioactive Substance ဖြင့် တိုက်ရိုက်ထိတွေ့ကာ ကုသပေးသည့် စက်တစ်လုံးတို့ဖြင့် နေ့စဉ်လူနာပေါင်း ၈၀ ခန့်ကုသပေးနိုင်ပြီး ဆေးကုသမှုစရိတ်အား သင့်တင့်သောနှုန်းထားများဖြင့် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ဇော်မင်းအောင်(၁၀၇)**

# သီပေါမြို့နယ်၌ ကျေးရွာ ၁၉ ရွာအတွက် မြစိမ်းရောင်ရန်ပုံငွေပေးအပ်

**သီပေါ စက်တင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက မြို့နယ်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးခိုင်ထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်း ကျေးရွာ ၁၉ ရွာအား မြစိမ်းရောင် ကျေးရွာ ဘဏ္ဍာရေးမှူးနှင့် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ မြစိမ်းရောင်ရန်ပုံငွေ ပေးအပ်ပွဲသို့ မြစိမ်းရောင်ကျေးရွာ ၁၉ ရွာမှ ကျေးရွာကော်မတီဝင် စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လူစုလူဝေးအား ဥပဒေနှင့်အညီ စနစ်တကျစီမံထိန်းသိမ်းနည်း သရုပ်ပြပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံအတွင်းရှိ ရဲလုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ လူစုလူဝေးအား စနစ်တကျ စီမံထိန်းသိမ်းနည်း သရုပ်ပြပွဲကို ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏ မိုးလုံလေလုံပြိုင်ပွဲရုံးဝင်းအတွင်း၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲ၌ ဥပဒေနှင့် ဆန့်ကျင်သော်လည်း ငြိမ်းချမ်းစွာ စုဝေးမှုနှင့် စီတန်းလှည့်လည်မှုပြုလုပ်လာသော လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းမှုသရုပ်ပြသခြင်းနှင့် ဥပဒေနှင့်ဆန့်ကျင်၍ အဓိကရုဏ်း၊ အကြမ်းဖက်မှုများ ပြုလုပ်လျက် စုဝေးခြင်းနှင့် စီတန်းလှည့်လည် ထိန်းသိမ်းမှုများအား သရုပ်ပြသခြင်းတို့ကို အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက အဆင့်လိုက် သရုပ်ပြသခဲ့ကြသည်။

ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၄၁ အရ ဥပဒေအား ဆန့်ကျင်သော လူငါးဦး(သို့မဟုတ်) ငါးဦးထက်ပိုသူများသည် သက်ဆိုင်ရာဒေသအာဏာပိုင်၏ ခွင့်ပြုချက်မရရှိဘဲ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒပြခဲ့လျှင် ပုဒ်မ ၁၄၁ အရ ဖြိုခွင်းမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ရာဇသတ်ကြီးပုဒ်မ ၁၄၆ အရ ဥပဒေကိုဆန့်ကျင်စွာဖြင့် လူစုလူဝေးကာအဓိကရုဏ်း ဆန်ဆန် အကြမ်းဖက်ဆန္ဒပြလာလျှင်လည်း ဖြိုခွင်းသွားမည်ဖြစ်ကြောင်းဖြင့် အဆိုပါဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲမှ သိရသည်။

လူစုလူဝေးလူအုပ်ကြီးအား ဖြိုခွင်းရာတွင် ကနဦးလုံခြုံရေး ရဲတပ်ဖွဲ့မှူး ဦးဆောင်သော စေ့စပ်ညှိနှိုင်းရေး အဖွဲ့မှ ညှိနှိုင်းမည်ဖြစ်သည်။ လူစုလူဝေးခေါင်းဆောင်ကို စစ်ဆေးမေးမြန်းပြီး ထိုနည်းဖြင့်မရလျှင် ရေလုံးတင်ကားဖြင့် ပစ်ခတ်ဖြိုခွင်းရန် သက်ဆိုင်ရာမြို့နယ် တရားသူကြီးအား ထိုဖြိုခွင်းရေးနေရာ၌ ရှိနေစေမည်ဖြစ်ပြီး ရာဇသတ်ကြီးပုဒ်မ ၁၄၄ အရ ခွင့်ပြုမိန့်တောင်းခံပြီး ရရှိမှသာလျှင် ပစ်ခွင့်ရမည်ဖြစ်ကာ ရေလုံးတင်ယာဉ်ဖြင့် ဖြိုခွင်း၍မရလျှင် မျက်ရည်ယိုဗုံးဖြင့် ဖြိုခွင်းရမည်ဖြစ်သည်။ ထိုမှမရလျှင် အနာတရသာဖြစ်ပေါ်ပြီး အသက်အန္တရာယ် မကျရောက်နိုင်သော ရော်ဘာကျည်ဖြင့် ဖြိုခွင်းရမည်ဖြစ်သည်။ ထိုမှမရလျှင် ထိန်းသိမ်း၍မရသော လူစုလူဝေးခေါင်းဆောင်၏ ခြေထောက်ပိုင်းနှင့် ပေါင်တို့အား ကျည်စစ်ကျည်မှန်ဖြင့် အသက်အန္တရာယ်မကျရောက်စေရန် ပစ်ခတ်ဖြိုခွင်းရမည်ဖြစ်သည်။ ပြီးလျှင် တပ်ဖွဲ့ဝင်များမှ အုပ်စုလိုက် ဒိုင်းကာ၊ ဒူးကာများ၊ ဦးခေါင်းအမာခံဦးထုပ်များ ဆောင်းထားပြီး တပ်ဖွဲ့သားများက နံပါတ်တုတ်များ ကိုင်ဆောင်ကာ လူအုပ်ကြီးဆီသို့မရောက်မီ ဒိုင်းကို နံပါတ်ရာဘာတုတ်ဖြင့် ပြိုင်တူရိုက်ကာ အသံပေးပြီး ချီတက်ကာ ဖြိုခွင်းရမည်ဖြစ်သည်။ အသံဖြင့်ခြိမ်းခြောက်ခြင်းဖြစ်ပြီး ရိုက်နှက်ခြင်းမပြုရသော်လည်း လူစုလူဝေးမှ မိမိအသက်အန္တရာယ်ကျရောက်သည်အထိ တုံ့ပြန်လာမှသာလျှင် နံပါတ်တုတ်များ အသုံးပြုကာ ဖြိုခွင်းခွင့်ရမည်ဖြစ်ကြောင်း အဆိုပါသရုပ်ပြပွဲမှ သိရသည်။

အမှတ်(၃)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးသန်းလှိုင်က “ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြည်သူလူထုကို နိုင်ထက်စီးနင်းပြုလုပ်ဖို့ မပြောနဲ့၊ အကြမ်းဖက်မှုတွေဖြစ်ပေါ်လာရင်တောင် ဖြိုခွင်းဖို့ဆိုတာ အကြိမ်ကြိမ် သတိပေးခြင်းတွေ၊ လူထုကိုအသက်သာဆုံးနဲ့ ထိခိုက်အနာတရမဖြစ်အောင် ဖြိုခွင်းမှုတွေကို ရဲလုပ်ထုံးလုပ်နည်းနဲ့အညီ အဆင့်ဆင့် ဆောင်ရွက်ရတာပါ။ တစ်ခါတည်း ပစ်ခတ်လိုက်တာတို့ ရိုက်နှက်တာတို့ကို လုပ်လို့မရပါဘူး၊ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ဆန္ဒပြခွင့်များ၊ ဆန္ဒထုတ်ဖော်ခွင့်များကို သက်ဆိုင်ရာမြို့နယ်အလိုက် ခွင့်ပြုချက်တောင်းခံပြီးမှ ဆက်လုပ်သင့်ပါတယ်။ လိုအပ်ချက်တွေကို မင်းမဲ့စရိုက်ဆန်စွာ ဆောင်ရွက်တာမျိုးတွေမလုပ်ကြဘဲ ဥပဒေနဲ့အညီ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်အတိုင်း ဆောင်ရွက်ကြပါလို့ ပြောလိုပါတယ်”ဟု ပြောသည်။

အဆိုပါ လူစုလူဝေးအား စနစ်တကျစီမံထိန်းသိမ်းနည်း သရုပ်ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ အမှတ်(၂) လုံခြုံရေးကွပ်ကဲရေးအဖွဲ့မှူး ရဲမှူးချုပ် မြဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ရင်း (၅)ခုမှ အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များတက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ထိုကဲ့သို့သော သရုပ်ပြပွဲအား တစ်လလျှင် တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**



# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၉**

**ရန်ကုန်(ရွှေဈေး)** ၈၆၅၀၀၀ - ၈၆၅၀၀၀ **မန္တလေး(ရွှေဈေး)** ၈၆၅၀၀၀ - ၈၆၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း *95* | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း *92* | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၁ ကျပ်၊

အောက်တိန်း *92* တစ်လီတာ ၅၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၆၉. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၂. ၃၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၉၅၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၆၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၂၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၈. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၆၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀. ၃၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၉. ၈၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကွန်ပျူတာသင်တန်းဖွင့်

**ကွမ်းခြံကုန်း စက်တင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ နည်းပညာဆိုင်ရာ ပညာရပ်များဖွံ့ဖြိုးရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးအရှေ့ကျေးရွာ၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဩဂုတ်လ နောက်ဆုံးပတ်က ကျင်းပရာ ကွမ်းခြံကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးအောင်မင်းမင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၇ ရက်ထိဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၄၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀- ၉ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | -အဖွင့် -မိုးလေဝသအစီအစဉ် -X Sports | ၈း၀၅ | MRTV Entertainment Music |
| ၆း၃၀ | အနုပညာမှ ပရဟိတသို့ (အပိုင်း-၁) | ၈း၂၀ | Live: Premier League "Burnley Vs Hall City" |
| ၆း၅၀ | MRTV Entertainment Music | ၁၀း၁၅ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၇း၀၅ | ကက်ဆက်ဇာတ်လမ်း"မုန်းချင် သလောက်မုန်းလိုက်စမ်း" | ၁၀း၂၅ | မြန်မာရုပ်ရှင် "ဘဝခြားနေတဲ့ ရွှေမင်းသမီး" |

**၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့)**

**နံနက်(၀၀း၀၀)နာရီမှ (၀၂း၂၅) ထိကို (၁)မှ (၅)ထိပြသပါသည်။**

နံနက်ပိုင်း

| | |
|---|---|
| ၂း၂၅ | နိုင်ငံခြားရုပ်ရှင် "Gatchaman" |
| ၄း၁၅ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၄း၂၅ | မြန်မာရုပ်ရှင် "ဘဝခြားနေတဲ့ ရွှေမင်းသမီး" |

**နံနက် (၀၆း၀၀) မှ (၀၈း၂၅) ထိကို အမှတ်စဉ် (၁)မှ(၅)ထိပြသပါသည်။**

| | |
|---|---|
| ၈း၂၅ | မြန်မာရုပ်ရှင် "ဘဝခြားနေတဲ့ ရွှေမင်းသမီး" |
| ၁၀း၀၅ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၁၀း၁၀ | နိုင်ငံခြားရုပ်ရှင် "Gatchaman" |

**နေ့လယ် (၁၂း၀၀) မှ (၀၄း၁၀) ထိကို အမှတ်စဉ် (၁)မှ(၅)ထိနှင့် (၁၂)နှင့် (၁၃) ပြသပါသည်။**

ညနေပိုင်း

| | |
|---|---|
| ၄း၁၀ | ပြည်သူ့နီတိ "အိပ်မက်ဆိုးမှ နိုးလတ်သော်" |
| ၄း၃၅ | ကာတွန်းအစီအစဉ် "Dante's Inferno" |
| ၆း၀၀ | အစီအစဉ်ပြီး၏။ |

## မြဝတီရုပ်မြင်သံကြား

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၂း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၇း၀၀ | မေတ္တာပို့ | ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၇း၁၀ | ဓမ္မပူဇာတေး | ၄း၅၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၈း၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၅း၀၀ | Run&Cook |
| ၉း၁၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၅၁) |
| ၉း၃၅ | ခရီးလည်းသွားစကားလည်းဆို | | |
| ၉း၅၀ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ | ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၁၀း၁၅ | စာပေအလင်းစာပေသတင်း | ၆း၁၀ | စားဖို့ဆောင်ချစ်သူ |
| ၁၀း၃၀ | Cooking Art | ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၁၀း၄၅ | Happy Time | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မစ္စကိုရီးယား အပိုင်း(၃) -VOA အင်္ဂလိပ်စာသင်ခန်းစာ -လူ့ရှင်တော်စတား -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အကြင်နာမျက်ဝန်း အပိုင်း(၂) |
| ၁၁း၁၀ | English For Myanmar | | |
| ၁၁း၀၇ | မျိုးချစ်တပ်မတော် | | |
| ၁၁း၂၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး | | |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "နတ်ကတော်မစော" | | |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ အပိုင်း(၉၄) | | |

## MRTV-4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ် | | (Prehistoric Predators: Terror Raptor) |
| ၅း၄၀ | "ကံနဲ့လူသား" တရားတော် (ဆရာတော်ဘဒ္ဒန္တဓမ္မသာရ) | ၅း၃၀ | ခရီးသွားမှတ်တမ်းများ (တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့) (အပိုင်း-၂) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (My Jobs.com Press Conference) | ၆း၁၀ | Health Fix |
| ၈း၀၀ | Cartoon Series (English Play Ground) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၀) |
| ၈း၅၅ | Drive It | ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀၅) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | ၁၀း၂၀ | MUSIC LIVE Tonight |
| ၁၁း၀၅ | Star တို့ရဲ့ လက်ရာ | | |
| ၂း၂၀ | World of Knowledge | | |

## mitv

| | |
|---|---|
| 07:03 | News |
| 07:26 | Great Shwedagon- The Historic Bells |
| 07:39 | Visiting A Serene Village In The Northwest Of Myanmar |
| 07:54 | Waso or the Buddhist Lent |
| 08:26 | Lantern Floating Festival in Kyauk Kyi Township |
| 08:41 | Mt. Naw Bu Baw |
| 08:51 | Creations of a Designer: Fashion |
| 09:26 | Trend Of Kachin Dress |
| 09:53 | A Nun's Creation in Fruit Carving |
| 10:03 | News |
| 10:26 | Next Generation "May Melody" |
| 10:36 | Reflected Glory |
| 07:26 | Travelogue "To the coastal region (Myeik - Kawthoung)" (Part-1) |
| 07:50 | Now in Yangon |
| 07:55 | Today Myanmar: YCDC's Efforts for Granting Land Plots |
| 08:26 | Hanthawaddy U Win Tin "A Fearless Man" (Episode - 1) |
| 08:48 | Myanmar Master Class: Artist Tin Win (Beikthano) |

# မြန်မာ - ဖိလစ်ပိုင် နှစ်နိုင်ငံချစ်ကြည်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဖက်ရှင်ရှိုးပြပွဲမှ ရရှိရန်ပုံငွေများ ရန်ကုန်ကလေးဆေးရုံကြီးသို့ လှူဒါန်းသွားမည်

**ရန်ကုန် စက်တင်ဘာ ၉**

ဖိလစ်ပိုင်သံရုံးမှ ဦးစီးကျင်းပသည့် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု နှစ် (၆၀) ပြည့် အထိမ်းအမှတ်နှင့် ချစ်ကြည်ရေးစီမံကိန်းသစ်စတင်သည့်အနေဖြင့် ရန်ပုံငွေညစာစားပွဲနှင့် ဖက်ရှင်ရှိုးပြပွဲကို စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၇ ရက်က ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ ပွဲတွင်(Traditional , Modern/ Contempory)နှင့် Hight Fashionဟူ၍ အမိကကဏ္ဍသုံးမျိုးခွဲခြားပြီး မြန်မာနှင့် ဖိလစ်ပိုင်ဒီဇိုင်နာများ၏ လက်ရာများကို ထုတ်ဖော်ပြသသွားမည်ဖြစ်သည်။ ထို့ပြင် ရိုးရာရက်ထည်များနှင့် ဒီဇိုင်းများကို အသုံးပြုပြီး ခေတ်နှင့်လျော်ညီသော ခံစားမှုများရရှိစေရန် တီထွင်ဖန်တီးထားသည်များကို ဖန်တီးမှုတစ်ခုစီတိုင်းတွင် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

ဖက်ရှင်ပွဲကို ဦးဆောင်သူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး၏ အထွေထွေကောင်စစ်ဝန် Maria LM Salcedo က " အခုလို ကျင်းပခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်၊ မြန်မာနဲ့ ဖိလစ်ပိုင်ဟာ မတူညီတဲ့ သမိုင်း၊ ယဉ်ကျေးမှုနှင့် လုပ်ငန်းနယ်ပယ်ရှိတဲ့ အာဆီယံနိုင်ငံတွေဆိုပေမယ့် အခုလို မတူညီမှုတွေကို ဖက်ရှင်နှင့် တီထွင်ဖန်တီးမှုတွေကနေတစ်ဆင့် နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ လူနေမှုပုံစံတွေကို ပိုပြီးနားလည်လာကြမှာပါ။ မတူကွဲပြားယဉ်ကျေးမှု နီးနှောဖလှယ်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးသော လူမှုအသိုင်းအဝိုင်းကို တည်ဆောက်ခြင်းပီသမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံ ဖက်ရှင်ဒီဇိုင်နာများအဖွဲ့ (MFDG) နှင့်ဖိလစ်ပိုင် ဖက်ရှင်နှင့်ဒီဇိုင်းအစည်းအရုံး (FDCP) တို့ပူးပေါင်းပြီး ပထမအကြိမ်ပြုလုပ်သည့် အဆိုပါ ညစာစားပွဲနှင့် ဖက်ရှင်ရှိုးပြပွဲမှရရှိသည့် ရန်ပုံငွေများအား ရန်ကုန်ကလေးဆေးရုံကြီးသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သီသီမင်း

# အမှောင်ကမ္ဘာ နောက်ကွယ်မှ ပုန်းကွယ်နေသော ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်ကို ရိုက်ကူးထားသည့် Light Out ဇာတ်ကားမကြာမီ ရုံတင်ပြသမည်

အမှောင်ကမ္ဘာနောက်ကွယ်မှ ပုန်းကွယ်နေသော ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်လေးတစ်ခုကို ရိုက်ကူးတင်ဆက်ထားသည့် Light Out ဇာတ်ကားကို ရန်ကုန်မြို့ရှိ ရွှေဗဟို၊ မြရတနာကန်သာယာနှင့် မန္တလေးမြို့ရှိ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံများတွင် စက်တင်ဘာ ၉ ရက်မှစ၍ ရုံတင်ပြသခဲ့ကြောင်း သိရသည်။

Light Out ဇာတ်ကားတွင် ငယ်စဉ်ကတည်းမှ အရွယ်ရောက်လာသည်အထိ အလင်းရှိစဉ်ကာလနှင့်အမှောင်ကျနေသည့်ကာလစပ်ကြား ဖြစ်ပျက်နေသည့် အဖြစ်အပျက်များကို သေသေချာချာ သဲသဲကွဲကွဲမသိရှိဘဲ ကြီးပြင်းလာခဲ့ရသည့် မိန်းကလေးအဖြစ် မင်းသမီး Rebeccau သရုပ်ဆောင်ထားပြီး ဇာတ်လမ်းထဲတွင် သူမ၏မောင်ဖြစ်သူကလည်း သူမငယ်စဉ်က ဖြစ်ပျက်ခဲ့သည့် ရှင်းပြ၍မရသည့် ကြောက်မက်ဖွယ်ရာကောင်းသော အဖြစ်အပျက်များကို ထပ်တူထပ်မျှ ကြုံတွေ့လာသောအခါ မင်းသမီး Rebecca မှအမှောင်ကျနေတုန်းတွင် သူတို့အသက်အန္တရာယ်ရှိသည်ဆိုသည့် အမှန်တရားကိုနောက်ဆုံးရှာဖွေတွေ့ရှိ သွားပုံများကို



နာမည်ကျော် သရဲကား The Conjuring ဇာတ်ကားကို ရိုက်ကူးတင်ဆက်သူဒါရိုက်တာ James Wan မှ စိတ်လှုပ်ရှားဖွယ်ဇာတ်လမ်းဆင် ရိုက်ကူးတင်ဆက်ထားသည့်အတွက် ပရိသတ်အကြိုက်ဖြစ်စေမည့် ဇာတ်ကားကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

# ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် ဂျာမန်ရုပ်ရှင်ပွဲတော်တွင် လက်ရွေးစင်ရုပ်ရှင်ဇာတ်ကားရှစ်ကား အခမဲ့ပြသမည်

၂၀၁၆ ခုနှစ်၏ ဂျာမန်ရုပ်ရှင်ပွဲတော်ကို ဗီယက်နမ်နိုင်ငံရှိ မြို့ကြီးငါးမြို့၌ စက်တင်ဘာ ၈ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်၌ ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်အပါအဝင် ကမ္ဘာတစ်ဝန်းရုပ်ရှင်ရုံများ၌ ရုံတင်ပြသလျက်ရှိသည့် လက်ရွေးစင်ရုပ်ရှင်ဇာတ်ကား ရှစ်ကားကို ရုံဝင်ကြေးအခမဲ့ဖြင့် ပြသသွားမည်ဖြစ်ရာ စက်တင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ဟန္တိုင်းမြို့တွင်လည်းကောင်း၊ စက်တင်ဘာ ၉ ရက်မှ ၁၇ ရက်အထိ ဟိုချီမင်းမြို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ Hai Phong မြို့တွင် လည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ Hueမြို့နှင့် စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ Da Nang မြို့တို့တွင် ပြသသွားမည်ဖြစ်ကြောင်း Goethe Institute က သတင်းထုတ်ပြန်ထားသည်။

ထို့အပြင် အဆိုပါရုပ်ရှင်ပွဲတော်ကာလအတွင်းတွင် ရုပ်ရှင်ထုတ်လုပ်သူ Norbert Lechnerနှင့် ဂျာမန်ရုပ်ရှင်ဒါရိုက်တာများ၊ ဇာတ်ညွှန်းရေးဆရာများ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်လောကမှ မျိုးဆက်သစ်လူငယ်များပါဝင်မည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း စက်တင်ဘာ ၁၂ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အသက်(၅၅)နှစ်အရွယ် Norbert Lechner သည် ၁၉၉၀ ခုနှစ်တွင် Kevin Lee အမည်ရှိ ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ကာ ဆုရကလေးရုပ်ရှင်ဇာတ်ကားမြောက်မြားစွာကို ဖန်တီးခဲ့သူတစ်ဦးလည်းဖြစ်သည်။

# အီတလီအဆိုတော်နှင့် ပွဲထွက်လာဦးမည့် SISTAR



ကေပေါ့ပ်အဖွဲ့ SISTAR အနေဖြင့် ၂၀၁၆ ခုနှစ်၏ ဆိုးလ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဝါရင့်အီတလီဂီတပညာရှင် Giorgio Moroder နှင့်အတူ ပွဲထွက်ဖျော်ဖြေမည်ဖြစ်ကြောင်း စတားရှစ်အင်န်တာတိန်းမန့်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"Giorgio Moroder ဟာ အီလက်ထရိုမြူးဇစ်နဲ့ ဒစ်စကိုဂီတတွေကို ရှေ့ဆောင်လမ်းပြဖန်တီးခဲ့တဲ့သူတစ်ဦးဖြစ်တာမို့ သူနဲ့တွဲဖက်သီဆိုရမှာကို ဂုဏ်ယူမိပါတယ်။ ဒီလိုပွဲကျင်းပခြင်းအားဖြင့် ပရိသတ်တွေအနေနဲ့လည်း ကေပေါ့ပ်တေးဂီအကြောင်းကို ပိုမိုသိရှိနားလည်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်"ဟု SISTAR ကေပေါ့ပ်အဖွဲ့မှ Hyorin က ဆိုသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# မော်ရင်ဟိုနဲ့ ဂွါဒီယိုလာတို့ရဲ့ (၁၇) ကြိမ်မြောက် ထိပ်တိုက်တွေ့ဆုံမှုရလဒ် ဘယ်လိုထွက်လာမလဲ




မန်ယူနဲ့ မန်စီးတီးတို့ ထိပ်တိုက်တွေ့ဆုံကြတော့မယ့် မန်ချက်စတာဒါဘီပွဲစဉ်ဟာ ကလပ်အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံတယ်ဆိုတာထက် ကမ္ဘာ့အကောင်းဆုံးနည်းပြနှစ်ဦး ဘယ်သူကသာတယ်ဆိုတာ အဖြေထုတ်ပေးမယ့် စီးချင်းထိုးတဲ့ ပွဲဖြစ်လာပါတော့မယ်။ မော်ရင်ဟိုနဲ့ ဂွါဒီယိုလာတို့ ခုနစ်နှစ်အတွင်း မတူညီတဲ့ ကလပ်အသင်းငါးခုမှာ ပြိုင်ဘက်တွေအဖြစ် စုစုပေါင်း (၁၆) ကြိမ်တွေ့ဆုံခဲ့ရာမှာ ဂွါဒီယိုလာက ခုနစ်ကြိမ်နိုင်၊ ခြောက်ကြိမ်သရေနဲ့ မော်ရင်ဟိုက သုံးကြိမ်အနိုင်ဆိုတဲ့ ရလဒ်တွေ ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် အခုမန်ချက်စတာဒါဘီမှာ သူတို့နှစ်ဦး ပြန်လည်ဆုံစည်းမှုဟာ (၁၇) ကြိမ်မြောက် ထိပ်တိုက်တွေ့ဆုံတဲ့ပွဲလည်းဖြစ်ပြီး ဘယ်သူက အသာရသွားမလဲဆိုတာ အားလုံးက အာရုံစူးစိုက်နေတဲ့ ကိစ္စရပ်လည်းဖြစ်နေပါတယ်။ သူတို့နှစ်ဦး ထိပ်တိုက်တွေ့ဆုံမှု မှတ်တမ်းတွေအရတော့ ဂွါဒီယိုလာက မော်ရင်ဟိုကို သိသိသာသာ အသာရထားတာကို တွေ့ရပါတယ်။

သူတို့နှစ်ဦး ပထမဦးဆုံး ပြိုင်ဘက်တွေအဖြစ် စတင်ရင်ဆိုင်ခဲ့ရတာက ချန်ပီယံလိဂ်ပြိုင်ပွဲမှာဖြစ်ပြီး ဂွါဒီယိုလာက ဘာစီလိုနာအသင်းကို ဦးဆောင်နေချိန်ဖြစ်သလို မော်ရင်ဟိုက အင်တာမီလန်နည်းပြအဖြစ် ဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ ချန်ပီယံလိဂ် ဘာစီလိုနာနဲ့ အင်တာမီလန်တို့ စတင်ဆုံချိန် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ပေမယ့် ဒုတိယအကျော့မှာတော့ ဘာစီလိုနာက နှစ်ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၀ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ အင်တာမီလန်က ရှုံးနိုက်ဒါ၊ မိုင်ကွန်နဲ့ မီလီတိုတို့ရဲ့ သွင်းဂိုးတွေနဲ့ သုံးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်နဲ့ အနိုင်ရခဲ့ပါတယ်။ မော်ရင်ဟိုကတော့ ဒီပွဲအနိုင်ရလဒ်ဟာ ကမ္ဘာ့အကောင်းဆုံးအသင်းကို အနိုင်ယူခဲ့တာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့မှာ ဘာစီလိုနာက တစ်ဂိုး-ဂိုးမရှိနဲ့ ပြန်လည်အနိုင်ယူနိုင်တာကြောင့် ဂွါဒီယိုလာနဲ့ မော်ရင်ဟို ထိပ်တိုက်တွေ့ဆုံမှုမှာ ဂွါဒီယိုလာက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဆိုတဲ့ မှတ်တမ်းနဲ့အစမှာကတည်းက အသာရခဲ့ပါတယ်။

မော်ရင်ဟိုဟာ အင်တာမီလန်နဲ့ ချန်ပီယံလိဂ် အောင်မြင်မှုရယူခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့လာခဲ့ပါတယ်။ မော်ရင်ဟိုအနေနဲ့ ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ် ဂွါဒီယိုလာကို စုစုပေါင်း (၁၁)ကြိမ် ရင်ဆိုင်ခဲ့ရာမှာ နှစ်ကြိမ်နိုင်၊ လေးကြိမ်သရေ၊ ငါးကြိမ်ရှုံးဆိုတဲ့ ရလဒ်ထွက်ပေါ်ခဲ့ပြီး လာလီဂါမှာ လေးကြိမ်၊ ကိုပါဒယ်ရေးဖလားမှာ သုံးကြိမ်၊ စပိန်စူပါဖလားမှာ နှစ်ကြိမ်၊ ချန်ပီယံလိဂ်မှာ နှစ်ကြိမ် တွေ့ဆုံခဲ့တာဖြစ်တယ်။

ဒီနည်းပြနှစ်ဦးရဲ့ နောက်ဆုံးတွေ့ဆုံမှုကတော့ ဂွါဒီယိုလာအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့သွားတဲ့အချိန်မှာ မော်ရင်ဟိုအနေနဲ့ အသင်းဟောင်း ချယ်လ်ဆီးအသင်းနဲ့ ပြန်လည်လက်တွဲနေတဲ့အချိန်ဖြစ်တယ်။ အဲဒီတွေ့ဆုံမှုကတော့ ဥရောပစူပါဖလားလုပွဲ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ပင်နယ်တီအဆုံးအဖြတ်ခံယူရမှာတော့ ဘိုင်ယန်မြူးနစ်အသင်းက ချယ်လ်ဆီးအသင်းကို ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဂွါဒီယိုလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ မော်ရင်ဟိုကို ထပ်မံအနိုင်ယူပြနိုင်ခဲ့ပါတယ်။

အခုတစ်ကြိမ်တွေ့ဆုံမှုကတော့ ဒီနည်းပြနှစ်ဦးရဲ့ ပြိုင်ပွဲအသစ်၊ အသင်းသစ် စတဲ့ အသစ်အသစ်တွေနဲ့အတူ ယှဉ်ပြိုင်ရမှာဖြစ်လို့ ဘယ်နည်းပြရဲ့ နည်းပြဗျူဟာပိုင်းက အကောင်းဆုံး အဆုံးသတ်ရလဒ်ကို ရယူနိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါ။ မန်ချက်စတာဒါဘီမှာ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုအရဆိုရင်တော့ မန်ယူအသင်းက အားသာချက်တွေ အများကြီးရှိခဲ့ပါတယ်။

ဒီနှစ်သင်းရဲ့ ဒါဘီပွဲထိပ်တိုက်တွေ့ဆုံမှုဟာ (၁၇၁) ကြိမ်အထိ ရှိထားခဲ့ရာမှာ မန်ယူအသင်းရဲ့ အောင်မြင်မှုက ၇၀ ပွဲအထိ အနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်းကတော့ (၄၉) ကြိမ်ပဲ နိုင်ပွဲရထားတာပါ။ ကျန်တဲ့ ၅၁ ပွဲကတော့ သရေရလဒ်နဲ့ အဆုံးသတ်ခဲ့တာပါ။

မန်ချက်စတာဒါဘီ ထိပ်တိုက်တွေ့ဆုံမှုသမိုင်းကြောင်း တစ်လျှောက်မှာတော့ မန်ယူအသင်းက နိုင်ပွဲအများဆုံး ရရှိထားတဲ့အသင်းအဖြစ် မှတ်တမ်းဝင်ထားခဲ့ပါတယ်။ ဒါပေမယ့် နည်းပြသစ်နှစ်ဦးဖြစ်တဲ့ ဂွါဒီယိုလာနဲ့ မော်ရင်ဟိုတို့ရဲ့ ပြိုင်ပွဲအရပ်ရပ်တွေ့ဆုံမှုကတော့ လက်ရှိမန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက နိုင်ပွဲအများဆုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုတိုင်းနီးပါးမှာ အနိုင်ရလဒ်ဆောင်ကြဉ်းနိုင်ခဲ့တဲ့ နည်းပြဂွါဒီယိုလာကပဲ မန်စီးတီးအသင်းနဲ့အတူ အောင်ပွဲခံသွားမလား၊ နည်းပြမော်ရင်ဟိုကပဲ အသင်းသစ်မန်ယူနဲ့အတူ ဂွါဒီယိုလာကို ပြန်လည်အနိုင်ယူသွားမလား ဆိုတာတွေနဲ့အတူ ဒီနည်းပြနှစ်ဦးရဲ့ (၁၇) ကြိမ်မြောက် ထိပ်တိုက်တွေ့ဆုံမှုရလဒ် ဘယ်လိုထွက်လာမလဲဆိုတာ စက်တင်ဘာ ၁၀ ရက်မှာ စောင့်ကြည့်ကြပါစို့လား။ **(ငွေကြယ်)**

## စက်တင်ဘာ ၁၀/၁၁ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

### ပရီမီယာလိဂ် ပွဲစဉ် - ၄

| | | |
|---|---|---|
| မန်ယူ - မန်စီးတီး | | ညနေ-၆း၀၀ |
| ဘုန်းမောက် - ဝက်စ်ဘရွန်း | | ည-၈း၃၀ |
| အာဆင်နယ် - ဆောက်သမ်တန် | | ည-၈း၃၀ |
| ဘန်လေ - ဟားလ်စီးတီး | | ည-၈း၃၀ |
| မစ်ဒယ်ဘရော့ - ပဲလေ့စ် | | ည-၈း၃၀ |
| စတုတ်စီးတီး - စပါး | | ည-၈း၃၀ |
| ဝက်စ်ဟမ်း - ဝက်ဖို့ဒ် | | ည-၈း၃၀ |
| လီဗာပူး - လက်စတာ | | ည-၁၁း၀၀ |

### လာလီဂါ ပွဲစဉ် - ၃

| | |
|---|---|
| ဆယ်တာဗီဂို - အက်သလက် | ညနေ-၅း၃၀ |
| ရီးယဲလ်မက်ဒရစ် - အိုဆာဆူနာ | ည-၈း၃၀ |
| မာလာဂါ - ဗီလာရီးယဲလ် | ည-၁၀း၄၅ |
| ဆီဗီလာ - လက်စ်ပါးမက်စ် | ည-၁၀း၄၅ |
| ဘာစီလိုနာ - အလာဗက်စ် | နံနက်-၁း၀၀ |

### စီးရီးအေ ပွဲစဉ် - ၃

| | |
|---|---|
| ဂျူဗင်တပ် - ဆာဆူအိုလို | ည-၁၀း၃၀ |
| ပါလာမို - နာပိုလီ | နံနက်-၁း၁၅ |

### ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂

| | |
|---|---|
| လေဗာကူဆင် - ဟမ်းဘတ် | ည-၈း၀၀ |
| ဝုဖ်ဘတ် - ကိုလုံး | ည-၈း၀၀ |
| အင်ဂေါ့စတက် - ဟာသာဘာလင် | ည-၈း၀၀ |
| ဒမ်စတက် - ဖရန့်ဖတ် | ည-၈း၀၀ |
| ဖရိုင်းဘတ် - မိုချင်ဂလက်ဘတ် | ည-၈း၀၀ |

### ပြင်သစ်လီဂူး ပွဲစဉ် - ၄

| | |
|---|---|
| လီယွန် - ဘော်ဒိုး | ည-၉း၃၀ |
| လိုရီယန့် - နန်စီ | နံနက်-၀၀း၃၀ |
| လိုင်လီ - မိုနာကို | နံနက်-၀၀း၃၀ |
| ဘက်စတီယာ - တူးလော့စ် | နံနက်-၀၀း၃၀ |
| အန်ဂါးစ် - ဒီဂျွန် | နံနက်-၀၀း၃၀ |
| ဂူအင်ဂမ် - မောင့်ပယ်လီယာ | နံနက်-၀၀း၃၀ |

မောင်မောင်ဇော်

## ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားအခင်းအကျင်းအဖြစ် မှတ်တမ်းဝင်မယ့် မန်ချက်စတာဒါဘီ

စက်တင်ဘာ ၁၀ ရက်( ယနေ့)ယှဉ်ပြိုင်မည့် မန်ယူနှင့် မန်စီးတီးတို့၏ မန်ချက်စတာဒါဘီပွဲစဉ်တွင် နှစ်ဖက်ကစားသမားများ၏ပြောင်းရွှေ့ကြေးတန်ဖိုးမှာ ပေါင် ၆၇၂ ဒသမ ၄ သန်းအထိရှိသောကြောင့် ကမ္ဘာ့တန်ဖိုးအကြီးဆုံးကစားပွဲအဖြစ် စံချိန်သစ်တင်မည်ဖြစ်သည်။ ယင်းပမာဏမှာ အသားတင်ပေးချေရသော တန်ဖိုးသာဖြစ်ပြီး ထပ်တိုးဆုကြေးပမာဏကို ထည့်သွင်းတွက်ချက်သော် ပေါင်သန်း ၈၀၀ အထိရှိမည်ဖြစ်ကြောင်း သိရသည်။ မော်ရင်ဟို၏ မန်ယူအသင်းတန်ဖိုးမှာ ပေါင် ၃၅၀ ဒသမ ၅၅ သန်းဖြစ်ပြီး ဂွါဒီယိုလာ၏ မန်စီးတီးအသင်းမှာ ပေါင် ၃၂၈ ဒသမ ၈၅ သန်းအထိ တန်းကြေးရှိနေခြင်းဖြစ်သည်။ နှစ်သင်းလုံးမှာ နွေဈေးကွက်တွင် ပေါလ်ပေါ့ဘာ (ပေါင် ၉၃ ဒသမ ၂၅ သန်း)နှင့် ဂျွန်စတုန်း(ပေါင်သန်း ၅၀)တို့ကဲ့သို့ ကစားသမားများကို ခေါ်ယူခဲ့သည့်အတွက် ယခုကဲ့သို့ စံချိန်တင်တန်ဖိုး ဖြစ်လာခဲ့ရခြင်းဖြစ်သည်။

ယခင်စံချိန်တင် ပြိုင်ပွဲတစ်ရပ်မှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ယှဉ်ပြိုင်ခဲ့သည့် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့၏ အယ်လ်ဂလက်စီကို ပွဲစဉ်ဖြစ်ပြီး နှစ်ဖက်ကစားသမားတန်ကြေးမှာ ပေါင် ၅၆၂ သန်းဖြစ်သည်။ ဂလက်စီကို ပွဲစဉ်တွင် ပါဝင်ခဲ့သည့် ကြေးကြီးကစားသမားအချို့တန်ဖိုးမှာ ဂါရတ်ဘေးလ် (ပေါင် ၈၅ ဒသမ ၃ သန်း)၊ စီရိုနယ်လ်ဒို(ပေါင်သန်း ၈၀)၊ ဆွာရက်ဇ် (ပေါင် ၇၅ သန်း)၊ ဂျိမ်းစ် ရိုဒရီဂွက်ဇ် (ပေါင် ၆၃ သန်း)၊ နေမာ (ပေါင် ၄၈ ဒသမ ၆ သန်း)တို့ဖြစ်ကြသည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်း အသုံးပြုခဲ့သည့် ကစားသမားတန်ကြေးမှာ ပေါင် ၃၇၅ ဒသမ ၄၅ သန်းဖြစ်ရာ မန်စီးတီးအသင်းအသုံးပြုမည့် ပွဲထွက်လူစာရင်းထက်ပင် ပေါင်သန်း ၅၀ ခန့်များနေသေးသည်။

မန်ယူနှင့် မန်စီးတီးအသင်းတို့ ပွဲထွက်ကစားသမား ၂၂ ဦး စာရင်းတွင် ပရီမီယာလိဂ် စံချိန်တင်ကစားသမား ၁၂ ဦးမှ ခုနစ်ဦးအထိ ပါဝင်မည်ဖြစ်ပြီး အကယ်၍ ပွဲပယ်ပြစ်ဒဏ်ကျခံနေရသည့် အဂူရို(ပေါင် ၃၈ သန်း)သာ ပါဝင်နိုင်လျှင် ရှစ်ဦးအထိ ပါဝင်လာမည်ဖြစ်သည်။ မန်ချက်စတာ မြို့ခံနှစ်သင်းစလုံးမှာ ပြီးခဲ့သည့်နွေဈေးကွက်အတွင်း အသုံးအများဆုံးကလပ်အသင်းနှစ်ခုဖြစ်ခဲ့ကာ ပရီမီယာလိဂ်အသင်း၂၀ စုစုပေါင်း အသုံးပြုခဲ့သည့် ပေါင် ၁ ဒသမ ၂ ဘီလီယံ၏ သုံးပုံတစ်ပုံခန့်ပင် ရှိခဲ့သည်။

မန်ယူအသင်းသည် ဆယ်ကျော်သက် ကစားသမားနှစ်ဦးဖြစ်သည့် လုခ်ရှော (ပေါင် ၂၈ သန်း)နှင့် မာရှယ်လ်(ပေါင် ၃၇ သန်း)တို့ကိုလည်း ပွဲထွက်လူစာရင်းတွင် အသုံးပြုသွားရန် ရှိနေပြီး ကြေးကြီးပေးချေခဲ့ရသည့် အခြားကစားသမားများမှာ ဖယ်လိုင်နီ (ပေါင် ၂၇ သန်း)၊ မာတာ (ပေါင် ၃၇ ဒသမ ၁ သန်း)၊ အဲရစ်ဘိုင်လီ(ပေါင်သန်း ၃၀)၊ အမ်ခီတာယန်(ပေါင်သန်း၃၀) တို့ဖြစ်ကြသည်။ တိုက်စစ်မှူး ဇလာတန် အီဗရာဟီမိုဗစ်ချ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့သော်လည်း တစ်ပတ် လုပ်ခပေါင် ၂၅၀၀၀၀ ပေးချေထားရသည်။ မန်စီးတီးအသင်း ပွဲထွက်လူစာရင်းတွင် ဒီဘရူနီ (ပေါင် ၅၄ ဒသမ ၅ သန်း)၊ စတာလင်း(ပေါင် ၄၉ သန်း)၊ ဆာနီ(ပေါင် ၄၇ သန်း)တို့ ပါဝင်ကြရာ တန်ဖိုးအားဖြင့် ပေါင် ၃၂၈ ဒသမ ၈၅ သန်းအထိ ရှိနေခဲ့ခြင်းဖြစ်သည်။ **(မေလဲ့သင်း)**

## ပလက်စ်စကိုဗာအား မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သည့် ဆရီနာဝီလျံ ကမ္ဘာ့အဆင့်(၁)နေရာ ဆုံးရှုံး



ယူအက်စ်အိုးပင်း အကြိုဗိုလ်လုပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁) အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံမှာ ချက်တင်းနစ်မယ် ပလက်စ်စကိုဗာအား မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာကိုပါ ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ဝီလျံသည် ပထမပွဲငယ်တွင် အမှားအယွင်းနည်းခဲ့သော်လည်း နောက်ပိုင်းပွဲငယ်များတွင် အမှားနှစ်ခု ဆက်တိုက်ကျူးလွန်ခဲ့သောကြောင့် ၆-၂၊ ၇-၆ ( ၇-၅) ဖြင့် ရှုံးနိမ့်သွားခဲ့ခြင်းဖြစ်သည်။ ဝီလျံသည် ဝင်ဘယ်လ်ဒန်အိုးပင်းတွင် ဗိုလ်စွဲပြီးနောက် စတက်ဖီဂရပ်ဖ်၏ ဂရင်းစလင်း(၂၂) ကြိမ်ရယူနိုင်ခဲ့သည့် စံချိန်ကို လိုက်မီနိုင်ခဲ့ရာ ယူအက်စ်အိုးပင်းတွင် ချန်ပီယံဆုရယူကာ ဂရင်းစလင်း (၂၃)ကြိမ်အထိ ဆွတ်ခူးနိုင်သည့် စံချိန်သစ်ရယူရန် ရည်းမှန်းခဲ့သော်လည်း ယခုပွဲအရေးနိမ့်မှုက ဆရီနာ၏အိပ်မက်ကို ရိုက်ချိုးနိုင်ခဲ့သလို ရက်သတ္တပတ် ၁၈၆ ကြာ ထိန်းသိမ်းထားသည့် ကမ္ဘာ့အဆင့်(၁)နေရာကိုပါ ဂျာမနီတင်းနစ်မယ် ကာဘာကို လွှဲပြောင်းပေးခဲ့ရပြီဖြစ်သည်။ ကာဘာမှာ အကြိုဗိုလ်လုပွဲတွင် ဒိန်းမတ်တင်းနစ်မယ် ဝေါဇနီယာကီကို ၆-၄၊ ၆-၃ ဖြင့် နှစ်ပွဲပြတ်အနိုင်ကစားကာ ယူအက်စ်အိုးပင်း ဗိုလ်လုပွဲကို ပထမဦးဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့သည်။

ကာဘာက “ဒီနေ့ဟာ ကျွန်မအတွက် တကယ့်ကို ထူးခြားတဲ့နေ့ပါ။ ယူအက်စ်အိုးပင်း ဗိုလ်လုပွဲမှာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲ တက်လှမ်းနိုင်သလို ကမ္ဘာ့အဆင့်(၁)နေရာကိုလည်း ရရှိခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။ (မေလဲ့သင်း)



## ဘိန်းဖြူမှုန့်များထည့်ထားသည့် ရောင်စုံဆပ်ပြာခွက် ၆၁၆ ခွက်အား သိမ်းဆည်းရမိ

**ဖားကန့် စက်တင်ဘာ ၉**
မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း မူးယစ်သတင်းအရ စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက နယ်မြေခံတပ်မတော် စစ်ကြောင်းနှင့် မူးယစ်တပ်ဖွဲ့စု(၃)မှ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူးတင်ဌေး ဦးစီးသောတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်-တာမခံသွားကားလမ်းတွင် လျှို့ဝှက်စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း လဇိန်တူးရိန်မောင်းနှင်သည့် (TOYOTA SURF)အမျိုးအစား အနီရောင်ယာဉ်အား ရပ်တန့်စေပြီး မူးယစ်တပ်ဖွဲ့စု(၃)မော်ဝမ်း လှုပ်ရှားရုံးသို့ခေါ်ဆောင်ကာ ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်အနောက်ဘက် ပစ္စည်းထည့်သည့် အခန်းအတွင်းမှ အဖြူရောင်ဆာလာအိတ်များအတွင်း ရောင်စုံဆပ်ပြာခွက် ၆၁၆ ခွက်တွင် ဘိန်းဖြူဟုယူဆရသည့် ဖြူဝါမှုန့် အလေးချိန် ၇ ဒသမ ၇၄၃ ကီလိုဂရမ်နှင့် ယာဉ်မောင်း လဇိန်တူးရိန်၏ နိုင်ငံသား စိစစ်ရေးကတ်ပြားအား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ၎င်းထံမှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နေသူ နော်ဆန့်က အခကြေးငွေပေးကာ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရှိသူ လဇိန်တူးရိန်(၄၉)နှစ် ဖားကန့်မြို့နေသူနှင့် မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ နော်ဆန့်(၄၉)နှစ် (ရှာဖွေစုံစမ်းဆဲ) ကွတ်ခိုင်မြို့နေသူနှစ်ဦးအား ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

■

## ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်းဆုံရှိ နှင်းဆီပန်းအဝိုင်းပေါ်သို့ ကျော်တက်

**ပျဉ်းမနား စက်တင်ဘာ ၉**
နေပြည်တော်ကောင်စီ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့တွင် စက်တင်ဘာ ၈ ရက်ည ၁၀ နာရီ မိနစ် ၄၀ က ယာဉ်မောင်းအောင်သူစိုး အသက်(၄၀) SAE စည်ပင်အိမ်ရာနေသူသည် ဘောဂသိဒ္ဓိ အဝေးပြေးကားဝင်းဘက်မှ ရာဇဌာနီလမ်းမကြီးအတိုင်း ဉပ္ပါတသန္တိစေတီဘက်သို့ ယာဉ်အမှတ် YGN 3I/----- ဆူဇူကီးအဖြူရောင်ယာဉ်အား မောင်းနှင်လာရာ အရှိန်မထိန်းနိုင်ဘဲ နှင်းဆီပန်းအဝိုင်း၏ ဘယ်ဘက်ကော်ရစ်တာပေါ် တက်သွားခဲ့သည်။

ယာဉ်ကျော်တက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်၏ရှေ့ခြမ်းပျက်စီးသွားခဲ့ပြီး နှင်းဆီပန်းအဝိုင်းကော်ရစ်တာနှင့် လှေကားတိုင်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



**အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး**




### အမည်မှန်

ဘားအံမြို့ အထက-၄၊ ဒသမတန်း(ခ)မှ စောအောင်ထက်မြတ်၏ အမည်မှန်မှာ စောအောင်ထက်မြက် [၃/ဘအန(နိုင်)၃၄၂၄၅၅] ဖြစ်ပါကြောင်း။ **စောအောင်ထက်မြက်**

### အမည်မှန်

ဘားအံမြို့ အထက-၄၊ ဒသမတန်း(ခ)မှ နန်းတင့်တင့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်အုံး [၃/ဘအန (နိုင်) ၃၁၂၁၉၄]ဖြစ်ပါကြောင်း။

**ဦးမြင့်အုံး**

### ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၄) တွင် ဖော်ပြထားသော မြစ်ငယ် ဘူတာ နှင့် တံခွန်တိုင်ဘူတာအကြား ရထား တိုက်/ကြိတ်မှုဖြစ်ပွားသတင်းတွင် ရထားစက်ခေါင်းမောင်း ဦးရန်နိုင်အစား ဦးကြည်ဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မန်း(ကိုယ်ပွား)**

## အုပ်ထိန်းသူများမသိအောင် နေအိမ်မှဆင်းလာသူအား ရထားရဲတပ်ဖွဲ့ကတွေ့ရှိ၍ ပြန်လည်အပ်နှံ

**ရန်ကုန် စက်တင်ဘာ ၉**
ရန်ကုန်ရထားရဲစခန်းမှ ရဲတပ်သားကျော်ဇေယျာထွန်းနှင့် ရဲတပ်သား ဇော်အောင်တို့သည် ရန်ကုန်ဘူတာကြီး ရှိုးရှိုးတန်းဆင်ဝင်အောက်တွင် မသင်္ကာဖွယ်လူငယ်အားတွေ့ရှိခဲ့၍ ရဲစခန်းသို့ ခေါ်ဆောင်စိစစ်ခဲ့ရာ ၎င်းမှာ မောင်ပြည့်ဖြိုးခန့် (၁၆)နှစ်(ဘ) ဦးသိန်းဇော် သရေခေတ္တရာမြို့သစ် ပြည်မြို့ ပဲခူးတိုင်းဒေသကြီးနေသူဖြစ်ကြောင်းနှင့် နေအိမ်မှ အုပ်ထိန်းသူမိဘများမသိအောင် ဆင်းလာသူဖြစ်ကြောင်း သိရှိရသဖြင့် စခန်းမှူး ရဲအုပ်သန်းဇော်က ပြည်မြို့မရဲစခန်းသို့ ဆက်သွယ်စုံစမ်းခဲ့ရာ မောင်ပြည့်ဖြိုးခန့် ပျောက်ဆုံးနေမှုအား အုပ်ထိန်းသူများက ရဲစခန်းသို့ အကြောင်းကြားထားကြောင်း သိရသဖြင့် မောင်ပြည့်ဖြိုးခန့်၏ အဒေါ်နှင့် အစ်ကိုအရင်းတို့အား ဆက်သွယ်၍ ရန်ကုန်ရထားရဲစခန်း စခန်းမှူး ရဲအုပ်သန်းဇော်က အသိသက်သေများ ရှေ့မှောက်တွင် ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**


# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

(၁) **မှော်ဘီကားလမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်းတွင်ရှိသော မြေကျယ်ကျယ်အမြန်ရောင်းမည်**

မှော်ဘီမြို့နယ်၊ အစိုးရအုတ်စက်ရုံအနီး၊ မြို့ကျောင်းလမ်းမကြီးဘေး၊ မြေအကျယ်(28)ဧက၊ ဘုန်းကြီးကျောင်း မြေကျယ်ကျယ်ဝယ်ယူလှူဒါန်းလိုသူများ၊ တရားရိပ်သာ ဖွင့်လိုသူများအတွက် ဈေးလျှော့ပေးမည်။ စိုက်ပျိုးရေး၊ အုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ လုပ်ကိုင်လိုသူများ အထူးအဆင်ပြေသည်။ ရေကောင်းသည်။ မီးပါသည်။ စိန်တလုံးသရက်ပင်၊ ကီလိုမာလကာပင်၊ သံပုရာပင်များ စိုက်ပျိုးထားသည်။ မြေပြင်ညီသည်။ ခြံမျက်နှာဝကျယ်သည်။ ကားလမ်းမကြီးဘေး၊ သွားရေးလာရေးလွယ်ကူသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ **ကျပ်သိန်း(12000)**

(၂) **မိသားစုများများနေထိုင်ရန် အခန်းများများနှင့် (၂)ထပ်လုံးချင်းတိုက်သစ်ရောင်းမည်**

ရန်ကုန်တွင် မိသားစုများများနှင့် တစုတဝေးတည်း နေထိုင်လိုသူများအတွက် အခန်းများများနှင့် လုံးချင်း(၂)ထပ် တိုက်ကျယ်ကျယ်၊ မြေအကျယ် (90'x70')၊ အိမ်အကျယ် (2510 sqft)၊ လူလုံးဝမနေထိုင်ရသေးပါ၊ Master Bedroom (7)ခန်း၊ ရိုးရိုးအိပ်ခန်း(2)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းကျယ်(2)ခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကား(2)စီးဆံ့ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master bedroom (1)ခန်းပါ၊ Aircon(11)လုံး၊ ခန်းဆီးလိုက်ကာတပ်ဆင်ပြီး၊ ကြိုးမဲ့ CCTV၊ ခြံထဲတွင်နားနေရန် ဘန်ဂလို (1)လုံးပါ၊ အိမ်ထောင်ပရိဘောဂ အပြည့်အစုံထည့်ပေးမည်၊ ခြံပတ်ပတ်လည် ဘရိတ်ခဲဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင်ကား(6)စီးရပ်ထားနိုင်ပါသည်၊ အဆင့်မြင့်ပြင်ဆင်ပြီးတိုက်သစ်။ **ကျပ်သိန်း(4000)**

(၃) **ငွေဆောင်-မော်တင်လမ်းခွဲ၊ မော်တင်စွန်းရေနက်ဆိပ်ကမ်းသွားသည့် လမ်းမကြီးဘေး၊ အချက်အချာကျ နေရာကောင်းတွင်ရှိသော ရော်ဘာပင်များနှင့် ခြံကျယ်ကျယ် အမြန်ရောင်းမည်**

ငွေဆောင်-မော်တင်လမ်းခွဲ၊ မော်တင်စွန်းရေနက်ဆိပ်ကမ်း(၄)လမ်းသွားလမ်းမ ကြီးဘေး၊ စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်း၊ အိမ်ကလေး(၁)လုံးပါ၊ ခြံပတ်ပတ်လည်တွင် ချောင်းဖြင့် ဝန်းရံထားသည်၊ အရိပ်ရရော်ဘာပင်များ စိုက်ပျိုးထားသည်၊ မျက်နှာဝ(620')၊ မြေအကျယ် (5.13)ဧက၊ ဥယျာဉ်ခြံမြေ၊ မော်တော်ကားများ ဦးတိုက်သည့် သရက်ပင်မောင်နှမ ရှေ့ကခြံ၊ အလွန်သာယာသည်။
**ကျပ်သိန်း(700)**

(၄) **ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ်ရောင်းမည်**

မြေကွက်ကျယ်ကျယ်၊ အရင်းအနှီးနည်းနည်းဖြင့် ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ် ရောင်းရန်ရှိသည်၊ ငွေရှိပြီး စီးပွားရေးလုပ်ချင်သူများအတွက် အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလို(၁)လုံးပါ၊ စကားဝါတောင်ခြေ၊ မျက်နှာဝ (607')၊ မြေဧရိယာ (5.5 ဧက)အကျယ်မြေကွက်။ **ကျပ်သိန်း(8500)**

**ဆက်သွယ်ရန်ဖုန်း - 09-5178979, 09-420301091, 09-43022828, 09-250165519, 09-43292929.**





### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ၊ မသန္တာလင်း ဒသမတန်း(B)၏ ဖခင်အမည်မှန်မှာ ဦးခင်ရွှေ [၇/သနပ(နိုင်)၀၁၅၉၉၆]ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၂)၊ ဒသမတန်း(E)မှ မသက်သက်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးရဲထွန်းကြည် ဖြစ်ပါသည်။

**ဖခင်-ဦးရဲထွန်းကြည်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်အောင်ကံမြင့် [၁၂/ဗတထ(နိုင်)၀၃၁၆၀၇]၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

**ဖုန်း-၀၉-၂၅၀၄၀၁၃၇၇**

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း**

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**( ၂၀၁၆ ခုနှစ်၊ လ ရက် )**

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုများကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) **နိုင်ငံသား**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်း ကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း နိုင်ငံသားဖြစ်သူကို ဆိုသည်။

(ဂ) **ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး ၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကိုဆို သည်။

(ဃ) **ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာ ကိစ္စရပ်များလုံခြုံမှုကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်ဥပစာ လုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ပါဝင်သည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

**အခန်း(၂)**

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးခြင်း**

၃။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အပြည့်အဝရရှိခံစားခွင့် ရှိသည်။

၄။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် တာဝန်ရှိသူများသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုနစ်နာ ဆုံးရှုံးခြင်းမရှိစေရန် ကာကွယ်ပေးရမည်။

**အခန်း (၃)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်များ**

၅။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် -

(က) တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး မည်သူ့ကိုမျှ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို ဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်အဖြစ်အသုံးပြုသော အခန်း၊ အဆောက် အအုံ သို့မဟုတ် ပရဝဏ်အတွင်းသို့ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးဖြစ်စေ အနည်းဆုံး သက်သေနှစ်ဦးနှင့်အတူဆောင်ရွက် ရမည်။

၆။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။ မိမိဌာနက အရေးယူဆောင်ရွက်ရမည့် ကိစ္စမဟုတ်ကြောင်း ပေါ်ပေါက်ပါက အကျိုးအကြောင်းဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း (၃၀)အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့် ဌာနအဖွဲ့အစည်းတွင် တိုင်ကြားသင့်ကြောင်း အကြံပြုချက်ပါရှိရမည်။

**အခန်း(၄)**

**တားမြစ်ချက်များ**

၇။ မည်သူမျှ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မပြုရ။

၈။ မည်သူမျှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရရှိဘဲ -

(က) နိုင်ငံသားတစ်ဦး၏နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်း ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်းမပြုရ။

(ခ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက် ခြင်းနှင့် စုံစမ်းခြင်းမပြုရ။

(ဂ) ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်းကိရိယာ တစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူ နားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေး ခြင်း မပြုရ။

(ဃ) ဆက်သွယ်ရေး အော်ပရေတာများထံမှ ပုဂ္ဂိုလ်ဆိုင်ရာ တယ်လီဖုန်း နှင့် အီလက်ထရွန်နစ် ဆက်သွယ်ရေးသတင်းအချက်အလက်များ အား တောင်းယူခြင်း၊ ထုတ်ပေးခြင်းမပြုရ။

(င) အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာ ကိစ္စအလို့ငှာ ဆက်သွယ်ပေးပို့သည့် စာပေးစာယူ၊ စာအိတ်၊ ချောထုပ်၊ ပါဆယ်ထုပ် တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ။

(စ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာ ကိစ္စများတွင် အဓမ္မဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရ။

(ဆ) နိုင်ငံသားတစ်ဦး၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်း နိုင်သောပစ္စည်းကို သော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း မတရားသိမ်းယူခြင်း မပြုရ။

၉။ တည်ဆဲဥပဒေ တစ်ရပ်ရပ်၌ အတိအလင်း ခွင့်ပြုထားခြင်းမရှိလျှင် မည်သူမျှ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စု အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ၊ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ် သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက် ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ သိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း မပြုရ။

၁၀။ မည်သည့်ရဲတပ်ဖွဲ့စခန်းမှူးမဆို ဤဥပဒေအရ အရေးယူဆောင်ရွက် ပေးရန် တိုင်တန်းချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံ ရရှိလျှင်ဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နှင့် အညီ ချက်ချင်း အရေးယူဆောင်ရွက်ရမည်။

**အခန်း (၅)**

**ပြစ်ဒဏ်များ**

၁၁။ မည်သူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သုံးသိန်း မှ အများဆုံး ကျပ် ၁၅ သိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၂။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀ ပါ တားမြစ်ချက် ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်ငါးသိန်းမှ အများ ဆုံး ကျပ် ၂၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းပြုလျှင် ထိုသူအား ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အရေးယူရမည်။

၁၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

---

## ပုသိမ်မြို့နယ်ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနည်းသင်တန်းပို့ချ

**ပုသိမ် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP) ရေးဆွဲနည်းသင်တန်းကို ဩဂုတ်လ ပထမပတ်မှစ၍ (၁၇)ကြိမ် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ မြို့ချောင်းကျေးရွာ၊ ကမ်းနီကျေးရွာ၊ ဇင်ပြွန်ကုန်းကျေးရွာနှင့် ကြောင်ပန်းကုန်းကျေးရွာတို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်၊ ဦးအောင်လွင် (Devplanner)နှင့် ရုံးဝန်ထမ်းများဦးဆောင်၍ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၉ ရက်တွင် မြို့ချောင်းကျေးရွာအုပ်စု လေးအုပ်စု၌ ကျေးရွာ ၁၆ ရွာမှ သင်တန်းသား ၃၂ ဦး၊ ဩဂုတ် ၁၆ ရက်တွင် ကမ်းနီကျေးရွာအုပ်စု လေးစု ကျေးရွာ ၂၀ မှ သင်တန်းသား ၄၀၊ ဩဂုတ် ၂၃ ရက်တွင် ဇင်ပြွန်ကုန်းကျေးရွာ၌ ကျေးရွာအုပ်စု နှစ်အုပ်စု ကျေးရွာ ၂၅ ရွာမှ သင်တန်းသား ၅၀၊ ဩဂုတ် ၃၀ ရက်တွင် ကြောင်ပန်းကုန်းကျေးရွာအုပ်စု လေးအုပ်စု ကျေးရွာ ၂၀ မှ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ စု ကျေးရွာ ရှစ်ရွာ၌ သင်တန်းသား ၁၆၂ ဦးဖြင့် စတုတ္ထအကြိမ် ကျင်းပခဲ့ပြီး ကျန်ရှိသော ကျေးရွာများကိုလည်း ဆက်လက်သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အေးအေးမြင့်)**

## ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ထီးချိုင့်မြို့၌ကျင်းပ

**ထီးချိုင့် စက်တင်ဘာ ၉**

"ကျွန်တော်တို့အနေနဲ့ ဆည်၊ ချောင်း၊ အင်း၊ အိုင်တွေထဲမှာလည်း အခြားငါးမျိုးစိတ်တွေအများကြီးလွှတ်ပေးခဲ့ပါပြီ အဓိကတော့ သယံဇာတ ထိန်းသိမ်းသွားနိုင်ဖို့၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး စားသုံးတဲ့ပြည်သူတွေ ဈေးနှုန်းချိုသာစွာဝယ်ယူစားသုံးနိုင်ဖို့ ရည်ရွယ်ပြီး ငါးမျိုးစိုက်ထည့်ရတာဖြစ်ပါတယ်" ဟု ဧရာဝတီမြစ်တွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်မိုးက ပြောကြားသည်။

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာရိုင် ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက ထီးချိုင့်မြို့ အမှတ်(၄)ရပ်ကွက် သင်္ဘောဆိပ်ကမ်းတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးအောင်မိုးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ၊ ရေလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အိဟေမာကျော်နှင့်




အဖွဲ့ဝင်များ ၊ မီးသတ်တပ်ဖွဲ့ဝင်များက ငါးမြစ်ချင်းသား ပေါက်အကောင်ရေ သုံးသိန်းနှင့် ငါးခုံးမကြီး အကောင်ရေ တစ်သိန်းကို ဧရာဝတီမြစ်အတွင်းသို့ စိုက်ထည့်ပေးကြကြောင်း သိရသည်။ **ဇွဲမာန် (ထီးချိုင့်)**

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

**ယမန်နေ့မှအဆက်**

**ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Underground Water Act (India Act 4, 1930, Vol. VI) | စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်း/စည်ပင်/အမျိုးသား ရေအရင်းအမြစ် ကော်မတီ | |
| ၂။ | နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ (ဥပဒေအမှတ် ၆၃/၁၉၅၁၊ အတွဲ-၄) | | |
| ၃။ | ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ (ဥပဒေအမှတ် ၅၃/၁၉၅၅) | အစိုးရ အဖွဲ့အစည်းအားလုံး | |
| ၄။ | လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁၃/၁၉၈၅) | | |
| ၅။ | လမ်းမကြီးများဥပဒေ (နယကဥပဒေအမှတ် ၈/၂၀၀၀) | | |
| ၆။ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၃၇/၂၀၁၃) | | |
| ၇။ | မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၃၉/၂၀၁၄) | | |
| ၈။ | အမြန်လမ်းမကြီးများဥပဒေ (ပထစဥပဒေအမှတ် ၂၄/၂၀၁၅) | | |
| ၉။ | စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၄/၂၀၁၆) | | |

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ကလေးသူငယ်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၃) | တရားလွှတ်တော်/ကာကွယ်ရေး/ပြည်ထဲရေး | |
| ၂။ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (ပထစဥပဒေအမှတ် ၂၁/၂၀၁၃) | ကာကွယ်ရေး၊ ပြည်ထဲရေး | |
| ၃။ | ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄/၂၀၁၄) | ပညာရေး | |
| ၄။ | မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (ပထစဥပဒေအမှတ် ၃၀/၂၀၁၅) | ကျန်းမာရေး/ပညာရေး/ အလုပ်သမား | |

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နဝတဥပဒေအမှတ် ၁၄/၁၉၉၃) | ကာကွယ်ရေး/ပြည်ထဲရေး/အလုပ်သမား/လဝက/ ပို့ဆက်/သာသနာရေး/နိုင်ငံခြား | |

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ (ပထစဥပဒေအမှတ် ၈/၂၀၁၅) | အစိုးရဌာန အဖွဲ့အစည်း အားလုံး | |

**ပြည်ထောင်စုရှေ့နေချုပ်ရုံးက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Bar Council Act (India Act 38, 1926, Vol. XI) | တရားလွှတ်တော်ချုပ် | |
| ၂။ | နိုင်ငံသားများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေ (ဥပဒေအမှတ် ၂/၁၉၇၅ ခုနှစ်) | | |
| ၃။ | ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ (နယကဥပဒေအမှတ်၊ ၂၂/၂၀၁၀) | | |
| ၄။ | ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ (ပထစဥပဒေအမှတ် ၂၅/၂၀၁၅) | | |

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Public Accountants Default Act (India Act 12, 1850, Vol. I) | | |
| ၂။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ (နယကဥပဒေအမှတ် ၂၃/၂၀၁၀) | အစိုးရဌာန အဖွဲ့အစည်းအားလုံး | |
| ၃။ | မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၃၁/၂၀၁၅) | | |

**ပြည်ထောင်စုရာထူးဝန်အဖွဲ့က စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ (ဥပဒေအမှတ် ၂၄/၂၀၁၀) | | |
| ၂။ | နိုင်ငံ့ဝန်ထမ်းဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၃) | အစိုးရဌာန အဖွဲ့အစည်း အားလုံး | |

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၃) | ပြည်ထဲရေး | |

**နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | နေပြည်တော်စည်ပင်သာယာရေးဥပဒေ (နယကဥပဒေအမှတ် ၄/၂၀၀၉) | | |

**နေပြည်တော်ကောင်စီက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | နေပြည်တော်ကောင်စီဥပဒေ (နယကဥပဒေအမှတ် ၁၈/၂၀၁၀) | | |

**ရန်ကုန်မြို့တော်စည်ပင်က စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Yangon Hackney Carriages Act (Myanmar Act 4, 1917, Vol. VII) | | |
| ၂။ | The Yangon Development Trust Act (India Act 5, 1920, Vol. IV) | | |
| ၃။ | The City of Yangon Municipal Act (Myanmar Act 6, 1922, Vol. VI) | | |
| ၄။ | The Yangon Water Works Act (India Act 19, 1884, Vol. VI ) | | |


ပရီးမီးယားလိဂ်ရင်ခုန်သံ-၄

# စိတ်ဝင်စားဖို့ကောင်းတဲ့ မန်ချက်စတာဒါဘီ

ပရီးမီးယားလိဂ်ပွဲစဉ်-၄ ကိုလာမယ့် စက်တင်ဘာ ၁၀၊ ၁၁၊ ၁၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိပြီး အဆိုပါပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေကစားရမှာဖြစ်တာကြောင့် အသင်းကြီးတွေ အနေနဲ့ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီတစ်ပတ် ပွဲစဉ်တွေမှာတော့ မန်ချက်စတာဒါဘီပွဲပါဝင်နေပါတယ်။

ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | | |
|---|---|---|
| အီဗရာဟီမိုဗစ်ချ်(မန်ယူ) | - | ၃ ဂိုး |
| အဂူရို(မန်စီးတီး) | - | ၃ ဂိုး |
| စတာလင်း(မန်စီးတီး) | - | ၂ ဂိုး |
| အန်တိုနီယို( ဝက်စ်ဟမ်း) | - | ၂ ဂိုး |
| နိုလီတို(မန်စီးတီး) | - | ၂ ဂိုး |
| ဟာဇက်(ချယ်လ်ဆီး) | - | ၂ ဂိုး |



ပွဲစဉ် (၃)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၃ | ၃ | ၀ | ၀ | ၉ | ၃ | ၆ | ၉ |
| ၂ | ချယ်လ်ဆီး | ၃ | ၃ | ၀ | ၀ | ၇ | ၂ | ၅ | ၉ |
| ၃ | မန်ယူ | ၃ | ၃ | ၀ | ၀ | ၆ | ၁ | ၅ | ၉ |
| ၄ | အဲဗာတန် | ၃ | ၂ | ၀ | ၁ | ၄ | ၂ | ၂ | ၇ |
| ၅ | ဟားလ်စီးတီး | ၃ | ၂ | ၀ | ၁ | ၄ | ၂ | ၂ | ၆ |
| ၆ | မစ်ဒယ်ဘရော့ | ၃ | ၁ | ၂ | ၀ | ၃ | ၂ | ၁ | ၅ |
| ၇ | စပါး | ၃ | ၁ | ၂ | ၀ | ၃ | ၂ | ၁ | ၅ |
| ၈ | အာဆင်နယ် | ၃ | ၁ | ၁ | ၁ | ၆ | ၅ | ၁ | ၄ |
| ၉ | လက်စတာ | ၃ | ၁ | ၁ | ၁ | ၃ | ၃ | ၀ | ၄ |
| ၁၀ | ဝက်စ်ဘရွန်း | ၃ | ၁ | ၁ | ၁ | ၂ | ၂ | ၀ | ၄ |
| ၁၁ | လီဗာပူး | ၃ | ၁ | ၁ | ၁ | ၅ | ၆ | -၁ | ၄ |
| ၁၂ | ဝက်စ်ဟမ်း | ၃ | ၁ | ၀ | ၂ | ၃ | ၅ | -၂ | ၃ |
| ၁၃ | ဘန်လေ | ၃ | ၁ | ၀ | ၂ | ၂ | ၄ | -၂ | ၃ |
| ၁၄ | ဆွမ်းဆီး | ၃ | ၁ | ၀ | ၂ | ၂ | ၄ | -၂ | ၃ |
| ၁၅ | ဆောက်သမ်တန် | ၃ | ၀ | ၂ | ၁ | ၂ | ၄ | -၂ | ၂ |
| ၁၆ | ဆန်းဒါးလန်း | ၃ | ၀ | ၁ | ၂ | ၃ | ၅ | -၂ | ၁ |
| ၁၇ | ခရစ္စတယ်ပဲလေ့စ် | ၃ | ၀ | ၁ | ၂ | ၁ | ၃ | -၂ | ၁ |
| ၁၈ | ဝက်ဖို့ဒ် | ၃ | ၀ | ၁ | ၂ | ၂ | ၆ | -၃ | ၁ |
| ၁၉ | ဘုန်းမောက် | ၃ | ၀ | ၁ | ၂ | ၂ | ၅ | -၃ | ၁ |
| ၂၀ | စတုတ် | ၃ | ၀ | ၁ | ၂ | ၂ | ၆ | -၄ | ၁ |

### မန်ယူ - မန်စီးတီး

ည ၆း၀၀ (၁၀-၉-၁၆)

နှစ်သင်းစလုံးပွဲတိုင်းအနိုင်ရခဲ့အထိ ခြေစွမ်းပိုင်းကောင်းမွန်နေ ကြပါတယ်။ ဒါပေမယ့်ဒီပွဲစဉ်မှာ အဂူရိုမပါဝင်နိုင် တာကြောင့် မန်စီးတီးတိုက်စစ်ပိုင်းအားနည်းနိုင်သလို ဒီပွဲအပြီးမှာလည်းချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ မန်ယူကတော့အိမ်ကွင်းဖြစ်တဲ့အပြင် ယူရိုပါလိဂ်ကလည်း ချန်ပီယံလိဂ်ထက်ပိုမိုရက်ခြားတာကြောင့် ဒီပွဲကိုပိုမိုအာရုံစိုက်ကစားလာမှာသေချာနေပါတယ်။ မန်စီးတီးတို့ သရေလောက်ပဲ ကစားနိုင်ဖို့ရှိနေပါတယ်။

### အာဆင်နယ် - ဆောက်သမ်တန်

ည ၈း၃၀ (၁၀-၉-၁၆)

အာဆင်နယ်က မူစတာဖီကိုခေါ်ယူထားတာကြောင့် ခံစစ်ပိုင်း အားကောင်းလာနိုင်ပါတယ်။ နိုင်ပွဲဆက်နိုင်ဖို့လည်း အိမ်ကွင်းမှာ အားစိုက်လာဖို့ရှိနေပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲအပြီးမှာချန်ပီယံလိဂ် ကစားရဖို့ရှိနေပေမယ့်လည်း ဆောက်သမ်တန်ကခြေစွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာအာဆင်နယ်ပဲနိုင်ပွဲရသွားနိုင်ပါတယ်။

### မစ်ဒယ်ဘရော့ - ပဲလေ့စ်

ည ၈း၃၀ (၁၀-၉-၁၆)

တန်းတက်မစ်ဒယ်ဘရော့ရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ပဲလေ့စ်ကတော့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေသလို တိုက်စစ်ပိုင်းကလည်းကစားပုံသာမန်သာရှိပါတယ်။ ဒါကြောင့်လည်းဒီပွဲမှာ မစ်ဒယ်ဘရော့တို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်း ကပ်ရနိုင်ပါတယ်။

### ဘုန်းမောက် - ဝက်စ်ဘရွန်း

ည ၈း၃၀ (၁၀-၉-၁၆)

ဘုန်းမောက်က ကစားပြီးသမျှပွဲတိုင်းမှာ နိုင်ပွဲမရသေးတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဘုန်းမောက်ရဲ့အသင်းလိုက် ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဝက်စ်ဘရွန်းကတော့ ခြေစွမ်းပိုင်းအားနည်းမှု အချို့ရှိနေသလို အဝေးကွင်းပွဲစဉ်တွေမှာလည်း ခြေစွမ်းပိုင်းကကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်တို့ ဝက်စ်ဘရွန်းကိုထိန်းချုပ်ကစားနိုင်ဖို့ရှိနေပါတယ်။ ဘုန်းမောက်တိုက် စစ်ပိုင်းအားနည်းပေမယ့် အနိမ့်ဆုံးသရေလောက်ရမှာသေချာတယ်။

### ဘန်လေ - ဟားလ်စီးတီး

ည ၈း၃၀ (၁၀-၉-၁၆)

ဟားလ်ကခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေပါတယ်။ ကစားပြီးသမျှပွဲတိုင်းမှာ မန်ယူတစ်သင်းတည်းကိုသာရှုံးနိမ့်ခဲ့ရကာ အဆိုပါပွဲမှာလည်းအကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒါ ပေမယ့်လည်း ဘန်လေက အိမ်ကွင်းကစားပုံကောင်းမွန်တတ်သလို အသင်းလိုက်ခြေစွမ်းပိုင်းမဆိုးတာကြောင့် ဟားလ်ကိုထိန်းချုပ်နိုင်ခြေ ရှိပါတယ်။ မနှစ်က လိဂ်ချန်ပီယံရှစ်မှာလည်း ဘန်လေကနိုင်ခဲ့သလို ဒီပွဲမှာလည်း ဘန်လေကပ်နိုင်ခြေရှိတယ်။ ဂိုးနည်းမယ်။

### ဝက်စ်ဟမ်း - ဝက်ဖို့ဒ်

ည ၈း၃၀ (၁၀-၉-၁၆)

အဓိက ကစားသမားတွေဒဏ်ရာတွေရရှိနေတာကြောင့် ဝက်စ်ဟမ်းခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေတယ်။ လန်ဇီနီပြန်လည်ပွဲထွက်နိုင်ဖို့ရှိသလို အန်တိုနီယိုခြေစွမ်းပြနေပေမယ့်လည်း တိုက်စစ်ပိုင်းမှာ အဆုံးသတ်သေချာတဲ့ ကစားသမားရှားနေတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်သလို ဥရောပပွဲလည်းကစားရဖို့မရှိတာကြောင့် ဝက်စ်ဟမ်းတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေတယ်။ ဒ့ါအပြင် ဝက်ဖို့ဒ်ကလည်းခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေတာကြောင့် ဝက်စ်ဟမ်းတို့ အခွင့်အရေးရနိုင်သလို နိုင်ပွဲလည်း ကပ်ရနိုင်တယ်။

### စတုတ် - စပါး

ည ၈း၃၀ (၁၀-၉-၁၆)

စတုတ်က ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ အဓိက ကစားသမားအချို့ဒဏ်ရာရရှိနေတာကြောင့်လည်း အသင်းလိုက်ခြေ စွမ်းပိုင်းကိုထိခိုက်နေပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်သလို စပါးကလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန် ထုတ်နိုင်ဖို့ခက်ပါတယ်။ အထူးသဖြင့် စပါးက အသင်းလိုက်ကစားပုံကောင်းမွန် ပေမယ့်လည်း ဟယ်ရီကိန်း ဂိုးသွင်းပျောက်နေတာကြောင့် တိုက်စစ် ပိုင်းကအားနည်းနေတယ်။ စပါးနိုင်ရင်တောင်မပြတ်သားနိုင်ဘူး။

### ဆွမ်းဆီး - ချယ်လ်ဆီး

ည ၉း၃၀ (၁၁-၉-၁၆)

ဒေးဗစ်လုဇ်နဲ့ မားကိုစ်အလွန်ဆိုတို့ကို ထပ်မံအားဖြည့်နိုင်ခဲ့ တာကြောင့် ခံစစ်ပိုင်းကပိုမိုအားကောင်းလာနိုင်ပါတယ်။ လက်ရှိအချိန်မှာလည်းခြေစွမ်းပိုင်းကကောင်းမွန်နေသလို တိုက်စစ်ပိုင်းကလည်း ကစားပုံကောင်းမွန်နေပါတယ်။ ဥရောပပွဲလည်းကစားရဖို့မရှိတဲ့အတွက် ဒီပွဲမှာခြေကုန်ထုတ်ကစားလာနိုင်ခြေရှိနေပါတယ်။ ဆွမ်ဆီးကတော့ ခြေစွမ်းသာမန်သာရှိပါတယ်။ ဆွမ်ဆီးအိမ်ကွင်းဖြစ်ပေမယ့် ချယ်လ်ဆီးပဲနိုင်ပွဲရဖို့ရှိနေပါတယ်။

### လီဗာပူး - လက်စတာ

ည ၁၁း၀၀ (၁၀-၉-၁၆)

လက်စတာက နိုင်ပွဲဆက်နိုင်အောင်အားစိုက်လာမှာဖြစ်ပေမယ့်လည်း ချန်ပီယံလိဂ်ကစားရမှာဖြစ်လို့ ခြေကုန်ထုတ်နိုင်ဖို့ခက်နေပါတယ်။ လီဗာပူးကတော့ ဥရောပပွဲမရှိတာကြောင့် ပရီးမီးယားလိဂ်ကို သာအားစိုက်မှာဖြစ်ပြီး အိမ်ကွင်းဖြစ်နေသလိုခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့် လက်စတာတို့ရှုန်းကန်ရနိုင်သလို လီဗာပူးကသာနိုင်ပွဲရသွားနိုင်ပါတယ်။

### ဆန်းဒါးလန်း - အဲဗာတန်

နံနက် ၁း၃၀ (၁၃-၉-၁၆)

ဆန်းဒါးလန်းက မိုယေးစ်လက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာ မှုမရှိသေးပါဘူး။ ကစားသမားအသစ်တွေနဲ့ရှိရင်းစွဲ ကစားသမားတွေ ကြားမှာလည်းအသင်းလိုက် ညီညွတ်မှုကိုမတည်ဆောက်နိုင်သေးတာ တွေ့ရပါတယ်။ ဒါကြောင့်အိမ်ကွင်းဖြစ်ပေမယ့် အဲဗာတန်ကို အသာရဖို့ခက်ပါတယ်။ အဲဗာတန်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် မိုယေးစ်ရဲ့ အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်မယ့်ပွဲက အရှုံးနဲ့သာကျေနပ်ရနိုင်ပါတယ်။

# အာဆင်နယ်နှင့် စာချုပ်သက်တမ်း ထပ်တိုးရန် နီးစပ်နေသည့် ဂျက်ဝီရှိုင်းယား

အာဆင်နယ်ကွင်းလယ်လူ ဂျက်ဝီရှိုင်းယားမှာ ဘုန်းမောက်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့သွားသော်လည်း အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုများ စတင်လုပ်ဆောင်ခဲ့ရာ မကြာမီအချိန်အတွင်းမှာပင် အကောင်အထည်ပေါ်လာရန်ရှိကြောင်း The Sun သတင်းစာက ဖော်ပြသည်။

ဂျက်ဝီရှိုင်းယားနှင့် အာဆင်နယ်တို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်မှာ လာမည့်နွေရာသီတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ အာဆင်နယ်ဘက်မှလည်း ဝီရှိုင်းယားကို အသင်းတွင် ကာလကြာရှည် ထိန်းသိမ်းရန်လိုလားနေပြီး ဝင်းဂါးနှင့် ဝီရှိုင်းယားတို့ ဆွေးနွေးမှုမှာ နှစ်ဦးနှစ်ဖက်အတွက် အပေါင်းလက္ခဏာဆောင်ခဲ့ကြောင်း အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။ အကယ်၍ စာချုပ်သစ်သာ လက်မှတ်ရေးထိုးနိုင်လျှင် ဝီရှိုင်းယားမှာ ၂၀၁၉ခုနှစ်အထိ အာဆင်နယ်တွင် ဆက်လက်ရှိနေမည်ဖြစ်သည်။


ဝီရှိုင်းယား အာဆင်နယ်မှ ထွက်ခွာ၍ ဘုန်းမောက်သို့ အငှားဖြင့် ပြောင်းရွှေ့ခြင်းမှာ အင်္ဂလန်အသင်းတွင် ပြန်လည်ရွေးချယ်ခံရရေး ရည်မှန်းချက်အတွက်သာ ဖြစ်ပြီး အာဆင်နယ်ကို ချစ်မြတ်နိုးစိတ်အပြည့်ရှိသူ ဖြစ်ကြောင်း အာဆင်နယ်အသင်းနှင့် နီးစပ်သူများက သုံးသပ်ကြသည်။ ဝီရှိုင်းယားမှာ ဘုန်းမောက်နှင့် အေစီမီလန်တို့ ယှဉ်ပြိုင်ခဲ့သည့် ချစ်ကြည်ရေး ခြေစမ်းပွဲ တွင် ၄၅မိနစ်သာ ဝင်ရောက်ကစားခဲ့သော်လည်း ဘုန်းမောက်လူငယ်ကစားသမားများ ယုံကြည်မှုရှိလာ စေရန် များစွာအကျိုးပြုနိုင်ခဲ့ကြောင်း ဘုန်းမောက်နည်းပြ ဟိုဝီက ချီးကျူးစကားဆိုခဲ့သည်။ ယခုကဲ့သို့ ချစ်ကြည်ရေး ခြေစမ်းပွဲတွင် စမ်းသပ်အသုံးပြုခဲ့ပြီဖြစ်သဖြင့် ဝီရှိုင်းယားမှာ ဝက်စ်ဘရွန်းနှင့် ပွဲစဉ်တွင် ဘုန်းမောက်အတွက် ပရီ မီယာလိဂ်ပွဲဦးထွက်အဖြစ် စတင်ဝင်ရောက်ကစားပေးရန် ရှိနေကြောင်းလည်း သိရသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးနှင့် ဝီရှိုင်းယားတို့ အပြောင်းအရွှေ့ပိတ်သိမ်းခါနီး အချိန် ဆွေးနွေးခဲ့ပြီးနောက် ဘုန်းမောက်သို့ အငှားဖြင့် ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သလို စာချုပ်သက်တမ်းတိုးမြှင့်ရေးကို နှုတ်အားဖြင့် သဘောတူခဲ့ကြခြင်းဖြစ်သည်။ အာဆင်နယ်အသင်းဘက်ကလည်း ဝီရှိုင်းယားအား ပုံမှန်ပွဲထွက်ခွင့်ရနိုင်သည့် အသင်းတစ်ခုသို့ ယာယီအငှားချရန်သာ လိုလားပြီး အသင်းတွင်ရေရှည် ထိန်းသိမ်းရန် ဆန္ဒရှိနေသည်။

မေလှဲ့သင်း

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ဆင်းရဲခြင်း လွတ်ကင်းအောင်

ဆူဒိုနင်

### စကားတွေထဲက ထောင်းထောင်းထနေတဲ့ ဇာတိ

အင်ထာနက်ပေါ်က လူမှုကွန်ရက်လို့ အမည်တွင်တဲ့ စာအုပ်မျက်နှာစာပေါ်လာတဲ့အခါ လူအတော်များများရဲ့ စရိုက်တွေကလည်း ပေါ်လွင်ထင်ရှားလို့လာပါတယ်။ ဖန်တရာတေနေတဲ့ ဆိုရိုးကို ယူသုံးရမယ်ဆိုရင်တော့ လူအများရေးလိုက်တဲ့ စကားတွေထဲကနေ သူတို့ရဲ့ ဇာတိက ပြနေတယ်ပေါ့ဗျာ။ အဲဒီကွန်ရက်ပေါ်က စာတွေဟာ မြန်မာတစ်မျိုးသားလုံးကို ကိုယ်စားမပြုပါဘူးလို့ ငြင်းချက်ထုတ်ချင်ရင် ထုတ်နိုင်မှာဖြစ်ပေမယ့် မြန်မာပြည်မှာပဲ နှစ်ပေါင်း ၆၀ နီးပါး လူလုပ်ခဲ့ဖူးတဲ့ အတွေ့အကြုံတွေနဲ့ ချိန်ထိုးမယ်ဆိုရင်တော့ ရွှေမြန်မာအများစုမှာ အမြစ်တွယ်ချိုးကပ်နေတဲ့ စရိုက်တွေလို့ဆိုရင် မမှားတန်ကောင်းပါဘူး။

အဓိကကတော့ သူတစ်ပါးအတွင်းရေးကို အလွန်စိတ်ဝင်စား၊ အလွန်အမနာပ ပြောလွယ်တဲ့စရိုက်ကို တွေ့ရပါတယ်။ အဲဒီစရိုက်တွေရဲ့ ဒဏ်ကို အခံရဆုံးကတော့ စင်ပေါ်က အနုပညာရှင်တွေ၊ နယ်ပယ်တစ်ခုခုမှာ ထင်ရှားသူတွေ၊ အောင်မြင်သူတွေပါပဲ။ ပြောရင်းနဲ့ မြင်လာမိတာကတော့ အဲဒီစရိုက်ဟာ တစ်ချိန်က နိုင်ငံတော်အဆင့်မှာတောင် ပီပီပြင်ပြင်ရှိနေခဲ့တာကို သိပ်မဝေးတဲ့ ခေတ်ကာလတစ်ခုဆီက နိုင်ငံပိုင်သတင်းစာတွေက သက်သေခံနေပါတယ်။ အဲတော့လည်း အဲဒီခေတ်မှာ လူဖြစ်ခဲ့ရတဲ့ ကနေ့လူငယ်၊ လူလတ်အများစုမှာလည်း အဲသလို သူတစ်ပါးအတွင်းရေးကို စိတ်ဝင်စားနေကြ၊ အမနာပ ပြောနေကြတာလည်း မဆန်းလှဘူးလို့တောင် ကောက်ချက်ချရမလိုဖြစ်နေပါ တော့တယ်။

### အဲဒါ အဆန်းလား

နာမည်တွေ တပ်ပြီးတော့ မပြောချင်ပါဘူးဗျာ။ သေတဲ့သူတွေလည်း သေကုန်ပါပြီ။ ရှိတဲ့သူတွေလည်း ရှိနေပါသေးတယ်။ နှစ်ကာလနဲ့ပဲ ပြောပါ့မယ်။ ၁၉၃၀ ပြည့်နှစ်လောက်မှသည် ၁၉၉၀ ပြည့်လောက်အထိ နှစ်ပေါင်း ၆၀ လောက်အတွင်းမှာကို ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေနယ်ပယ်က အကျော်ဇေယျတွေထဲမှာပဲ အိမ်ထောင်နှစ်ဆက်တွေ၊ သုံးဆက်တွေ၊ လေးဆက်တွေ ရှိပါတယ်။ အလားတူပဲ လိင်တူချင်း တပ်မက်သူတွေ၊ လိင်တူနဲ့ အပြီးတိုင် မပတ်သက်ပေမယ့် တစ်ခါလောက် အထင်အရှား ပတ်သက်ခဲ့ဖူးသူတွေ၊ အိမ်ထောင်ရေးဖောက်ပြန်မှုကို ထမင်းစားရေသောက် ကျူးလွန်သူတွေလည်း ရှိပါတယ်။

တကယ်တော့ သူတို့လည်း လူတွေပါပဲ။ သာမန်လူတွေထဲမှာလည်း အဲလိုတွေရှိတာ ပိုများမှာမှန်ပေမယ့် စင်ပေါ်ကလူတွေ၊ ထင်ရှားသူတွေဖြစ်နေတဲ့အခါကျတော့ကာ သူတို့ရဲ့ သာမန်မဟုတ်တဲ့ ဇာတ်လမ်းတွေကို လူပို သိပေသပေါ့။ မဆန်းပါဘူး။

ဒါပေမယ့် အဲဒီကာလတွေတုန်းက အင်ထာနက်လည်း မပေါ်သေး၊ တယ်လီဖုန်းတောင်မှ ဟုတ်ဟုတ်ငြားငြား ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်တာ မဟုတ်သေးလေတော့ကာ အခုခေတ်လိုတော့ အသံတွေ မဝေစည်လှပေဘူးပေါ့။ နောက်တစ်ချက်ကလည်း အထက်မှာပြောခဲ့သလို အဲဒီကာလအထိက တစ်ဖက်သားကို အမနာပပြောပြီး ဖွဲ့တဲ့စရိုက်ဟာ နိုင်ငံတော်အဆင့်အထိ တက်မသွားသေးတာလည်း တစ်ကြောင်းဖြစ်မှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ပရိသတ်ဟာ သူတို့နှစ်သက်တဲ့ အနုပညာရှင်ရဲ့ ကိုယ်ရေးကိုယ်တာဘဝမှာ ဘာကြီးဖြစ်နေနေ၊ အဲဒီ အနုပညာရှင်တွေရဲ့ သရုပ်ဆောင်၊ သီဆို၊ ကပြ၊ ရေးသားကြတာတွေကို အဲဒီပညာရှင်များ သေသည့်တိုင်သာမကဘဲ သေလွန်ပြီးသည့်နောက်အထိတိုင် လှိုက်လှိုက်လှဲလှဲ စွဲစွဲမက်မက် အားပေးမပျက်ခဲ့ကြပါဘူး။ မူးယစ်ဆေး၊ အရက်သေစာကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ တိမ်းပါးသွားလေတဲ့ ရုပ်ရှင်၊ ဂီတ၊ စာပေနယ်က နာမည်ကျော်တွေကိုဆိုလည်း အလားတူပါပဲ။ အသေစောလို့ နှမြောကြပေမယ့် အမနာပပြောတာ၊ ဖွဲ့တာတော့ မကြားရသလောက်ပါပဲ။

### အခြေခံ မြန်မာ့စရိုက်

ခုကာလမှာတော့ဗျာ၊ "နိုင်ငံသား စာနယ်ဇင်းဆရာ"တွေရယ်လို့ အနွတ္တသညာပြုရလောက်အောင် အီလက်ထရွန်နစ်နည်းပညာရဲ့ အရှိန်အဟုန်မြန်လှတဲ့ တိုးတက်မှုကြောင့် လူတိုင်းက လူအများမြင်သာသိရှိနိုင်တဲ့ အင်ထာနက်ထက်မှာ ရေးချင်တာရေး၊ တင်ချင်တဲ့ ဓာတ်ပုံ၊ ဗီဒီယိုတွေ စိတ်ကြိုက်တင်နိုင်နေပြီ ဖြစ်လေတော့ကာ အမနာပပြောသံတွေ၊ ထင်ရှားသူတွေကို ဖွဲ့သံတွေက အရင်ကထက် အဆများစွာ စီစီညံညံရုံသာမက ပွက်လောတွေတောင် ရိုက်နေတော့တာလည်း အများအသိပါပဲ။

မြန်မာတွေစရိုက်ကတော့ ရှင်းပါတယ်။ ရပ်ထဲ ရွာထဲမှာ နည်းနည်းဆတ်ကော့ လတ်ကော့နိုင်တဲ့သူ၊ သုံးနိုင်သူ၊ သူများထက် ခေါင်းတစ်လုံး သာနေသူတွေဆိုလည်း အမနာပပြောဖို့ အကွက်ချောင်းနေသူတွေ ရှိတတ်ပါတယ်။ အဲဒီထဲကမှ တစ်ခုလပ်၊ တစ်လင်ကွာ၊ အိမ်ထောင်ပျက်၊ လင်ကောင်မပေါ်တဲ့ သားသည်အမေ၊ လင်ငယ်နေသူ၊ လိင်တူချင်း တပ်မက်သူများ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေပြီဆိုတာနဲ့ မဲ့ကာရွဲ့ကာနဲ့ အပုပ်ချ၊ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ နှိပ်ကွပ်တတ်ကြတာဟာ- ဟုတ်ကဲ့ "ပြောရတာ အားတော့နာပါတယ်" ကျွန်တော်တို့ရဲ့ ရွှေမြန်မာစရိုက် အမှန်ပါခင်ဗျား။

အားနည်းသူကို ဖေးကူဖို့၊ မှားခဲ့သူ လမ်းမှန်ပေါ် ပြန်လျှောက်နိုင်ရေးကို ကူညီမပေးနိုင်တောင် မနှောင့်ယှက်မိဖို့တို့ကို ကျွန်တော်တို့ ရွှေမြန်မာအတော်များများက စိတ်မကူးဖြစ်တတ်ကြဘူးဗျ။ ရေနစ်သူကို ဝါးကူထိုးဖို့၊ လဲနေသူကို ဝိုင်းထောင်းဖို့ လောက်သာ အားသန်ကြတဲ့ စရိုက်က ကျွန်တော်တို့အများစုရဲ့ သွေးသားထဲမှာ စွဲနေပါတယ်။

### ဆင်းရဲစေတဲ့ စရိုက်

ပြောမယ်ဆိုရင်တော့ အဲဒီစရိုက်တွေဟာ ဆင်းရဲကြောင်း စရိုက်တွေပါပဲဗျာ။ သူတစ်ပါးကို စိတ်ဝင်စားနေရ၊ သူ့ကို ချိုးဖဲ့ဖို့၊ နှိပ်ကွပ်ဖို့ အကွက်ချောင်းနေရ၊ အကွက်တွေ့ပြီဆိုတာနဲ့ အရပ်တကာ လည်ပြောနေရ၊ မောင်းထုနေရတာနဲ့တင် ကိုယ့်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ အလဟဿဖြစ်ကုန်ပါပြီ။ ကိုယ့်အကျိုး၊ ကိုယ့်မိသားစုအကျိုး၊ ကိုယ့်ရပ်ရွာအကျိုး၊ ကိုယ့်နိုင်ငံ အကျိုးအတွက် အချိန်ပေးရမယ့်အစား တစ်ပါးသူအတွက် ကိုယ့်အချိန်တွေ ပဲ့ပါသွားပါပြီ။

အိမ်ဘေးက လိင်တူချင်း တပ်မက်သူ ယောကျ်ားလေးတစ်ယောက်အကြောင်း၊ အရပ်ထဲက လင်ကောင်မပေါ်တဲ့ သားသည်အမေအကြောင်း၊ လင် ငါးဆက်နဲ့ အဆိုတော်အကြောင်း၊ ဒါရိုက်တာနဲ့ တိတ်တိတ်ပုန်း ညားပြီးမှ အကယ်ဒမီရသွားတဲ့ မင်းသမီးအကြောင်း စသဖြင့် ကိုယ်က ဖွလိုက်၊ ဖွဲ့လိုက်၊ ပြောလိုက်လို့ ကိုယ့်မှာဖြစ်ဖြစ်၊ ကိုယ့်မိသားစုမှာဖြစ်ဖြစ်၊ ကိုယ့်ပတ်ဝန်းကျင်ရပ်ရွာမှာဖြစ်ဖြစ် ဘာတွေများ အကျိုးများမလဲဆိုတာ လူအများ စဉ်းစားကြစေချင်ပါတယ်။ ကိုယ့်အတွက်လည်း ဘာတစ်ခုမျှ အကျိုးမရှိတဲ့ စကားတွေကို တစ်ယောက်စကား တစ်ယောက်နားနဲ့ လက်ဆင့်ကမ်းနေ၊ ဖွနေတာတွေဟာ ကိုယ့်စကားကြားရသူတွေအတွက် ဘာမျှအကျိုးမရှိစေတဲ့အပြင် ကိုယ့်ရဲ့ အကျင့်ဆိုးတွေကို ငယ်ရွယ်သူတွေက အဟုတ်မှတ်၊ အတုခိုးကုန်လို့ကတော့ အကုသိုလ်တွေ လက်ဆင့်ကမ်းရာ ရောက်နိုင်မှန်း မြင်နိုင်စွမ်းကြမယ်ဆိုရင်တော့ သိပ်ကောင်းမှာပါပဲဗျာ။

### မယုံ စမ်းကြည့်

သူတစ်ပါးအပေါ် အဲသလို စိတ်ဝင်စားနည်းမျိုးနဲ့ ကိုယ်လုပ်နေတဲ့ အလုပ်၊ ကိုယ်သင်ယူနေတဲ့ ပညာအပေါ်မှာ စိတ်ဝင်စား ကြည့်လိုက်ပါလား၊ ဟား-ဘာပြောကောင်းမတုန်း။ ကိုယ့်ဘဝကြီး တိုးတက်လာမယ့် အမျိုး၊ ဗေဒင်မေးစရာတောင် မလိုပါဘူး။ ကိုယ့်ဘဝ၊ ကိုယ့်အသိဉာဏ် မြင့်မားလာတာနဲ့အမျှ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အကျိုးကို သယ်ပိုးလာနိုင်တော့မှာလည်း မလွဲဘူးခင်ဗျ။ တစ်နည်းပြောရင် ကိုယ်တိုင်လည်း သူတစ်ပါးအတွက် အခြောက်တိုက် ကြောင့်ကြစိုက်နေရတဲ့ စိတ်ဆင်းရဲခြင်းက လွတ်မယ်၊ ကိုယ့်ဘဝရဲ့ တိုးတက်ကြီးပွားရေးကို ပိုအားစိုက်လာနိုင်မှာမို့ ကိုယ့်ရဲ့ ရုပ်ဘဝ ဆင်းရဲခြင်းကလည်း လွတ်သွားတော့မှာ မလွဲပါဘူး။ အဲဒီအလေ့လေးသာ ကိုယ့်ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်မယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း ထွန်းကားလာမယ်ဆိုရင်တော့ ကိုယ့်ရပ်ရွာလည်း သာယာလာ၊ ကျက်သရေရှိလာမှာ သေချာပါတယ်။

တိုးတက်အောင်မြင်နေတဲ့ အနောက်နိုင်ငံတွေကသာ မကပါဘူး၊ ဒီနေ့ စီးပွားရေးအရ တစ်ဟုန်ထိုးအောင်မြင်နေတဲ့ အာရှနိုင်ငံတွေက လူအများရဲ့ စရိုက်ကိုပါ ကြည့်လိုက်မယ်ဆိုရင် အဲဒီနိုင်ငံတွေက လူတွေဟာ အဲသလို လူတစ်ဦးချင်းစီရဲ့ ကိုယ်ရေးကိုယ်တာ ဘဝကို ဒီလောက်ကြီး စိတ်မဝင်စားကြတာ တွေ့ရပါလိမ့်မယ်။ ဟိုကောင်မလေးက ယောကျ်ားလျာတဲ့၊ ဟိုတစ်ယောက်မယားနဲ့ ကွဲလာပြီတဲ့၊ ဟိုမိန်းမတော့ လင်က ဘယ်နေမှန်း မသိ၊ ကလေးတစ်ယောက်တော့ အဖတ်တင်နေပြီတဲ့လို့ ပြောမယ့်သူကို အတော်အတွေ့ရနည်းမှာဖြစ်သလို အဲသလို ပြောလာသူကိုလည်း ဩော်- ဟုတ်လားလောက် အလိုက်သင့်ပြောပြီး ဆက်နားမထောင်တော့ဘဲ လစ်ပြေးမယ့်သူတွေကလည်း များနေပါလိမ့်မယ်။

### စနစ်ကို အတာချရင် တစ်ဝက်ပဲမှန်၊ ကျန်တာ ကိုယ်ဖြစ် ကိုယ်ခံ

အဲတော့ ရွှေမြန်မာတွေ ဆင်းရဲနေတာဟာ စနစ်ကြောင့်လို့ ပြောရင် တစ်ဝက်မှန်နိုင်ပါတယ်။ ပြောခဲ့သလို သူတစ်ပါးကို စိတ်ဝင်စားပြ၊ အမနာပပြောပြတဲ့ စနစ်တစ်ခုက ရှိခဲ့ဖူးတာကိုး။ သို့ပေတည့် အဲသလို စနစ်ရှိသည့်တိုင် အဲဒီအကျင့်က ဆိုးရွားမှန်း ကိုယ်ပိုင်ဉာဏ်နဲ့ဆင်ခြင်ပြီး သူတို့တွေ ရိုက်သွင်းနေတဲ့ အကျင့်ဆိုးတွေပယ်ကာ မိမိကိုယ်ကို တိုးတက်အောင် အားထုတ်သွားတဲ့သူသာ များလို့ကတော့ အဲလို စနစ်လည်း ဘယ်ခံနိုင်ပါ့မတုန်းဗျာ။ သူ့အလိုလိုလိမ့်သွားတော့မှာပေါ့။

ခုတော့ ဟုတ်ပေါင်ဗျာ။ ထစ်ခနဲရှိ စနစ်ကိုပဲ လက်ညှိုးထိုးပြ၊ အဲဒီစနစ်ဆိုးကြီးကပေးခဲ့တဲ့ အကျင့်ဆိုးတွေအတိုင်း ကိုယ်က လိုက်နာကျင့်သုံး၊ အဲလိုကျင့်သုံးလို့ ကိုယ်ပါချွတ်ခြုံကျလာတော့မှ ကိုယ်လွတ်ရုန်း၊ ကိုယ့်မှာတော့ ဘာတာဝန်မျှမရှိ၊ စနစ်ကြောင့်၊ စနစ်ကြောင့်ပဲ နင်းကန် ခွအော်နေမယ်ဆိုရင်တော့ ဟုတ်ကဲ့- ကျွန်တော်တို့ရွှေမြန်မာများသည် စနစ်ရဲ့ အရှင်သခင်ဘဝကို ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘဲ စနစ်ရဲ့ သားကောင်အဖြစ်ကနေ တစ်လက်မသော်မျှ တက်မလာဘဲ မွဲမြဲမွဲနေကိန်းသာ မြင်မိပါကြောင်း မရဲတရဲနဲ့ ပြောလိုက်ရပြန်ပါတယ်။ အားလုံးအတွက် တွေးစရာ တစ်စုံတစ်ရာတော့ ရသွားမယ် ထင်ပါတယ်ခင်ဗျား။

# ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိနေသေး



**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံအတွင်း ပြီးခဲ့သည့်ဩဂုတ်လအတွင်းမှစတင်၍ နေရာအနှံ့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးအန္တရာယ် ကြုံတွေ့နေရသော ရေဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ ပရဟိတအဖွဲ့များနှင့် စေတနာရှင်ပြည်သူများမှ သွားရောက်လှူဒါန်းခဲ့ခြင်းများရှိခဲ့သော်လည်း ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိနေသေးကြောင်း ရေဘေးသင့်ဒေသခံများထံမှ သိရသည်။

ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်သော ပန်းတောင်းမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နယ်၊ ကျောင်းကုန်းမြို့နယ်နှင့် မိုးညိုမြို့နယ်များရှိ ကျေးရွာအုပ်စုမှ အိမ်ထောင်စုများရေဘေးသင့်ခဲ့ကြရပြီး ယခုအခါ ရေများပြန်လည်ကျဆင်းစပြုလာပြီ ဖြစ်သော်လည်း ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ရေဘေးသင့်ကျေးရွာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ၊ သွားလာမှုအဆင်ပြေစေရေးနှင့် နေထိုင်စားသောက်ရေးများကို ဒေသခံများအနေဖြင့် အကူအညီလိုအပ်လျက်ရှိနေသေးကြောင်း သွားရောက်လှူဒါန်းခဲ့သည့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှလည်း ရေဘေးသင့်ကျေးရွာများအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့် ဩဂုတ် ၆ ရက်မှ ၂၈ ရက်ထိ ရေဘေးသင့် ဒေသများအတွင်းရှိ (အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး)အသင်း၊ ရေဘေးကယ်ဆယ်ရေးစခန်း အမှတ်(၁)၊ ရေဘေးကယ်ဆယ်ရေးစခန်း အမှတ်(၂)၊ ဘုန်းကြီးကျောင်းများနှင့် အိမ်ထောင်စုပေါင်း ၅၁၆၁ စုအတွက် သွားလာရေးအဆင်ပြေစေရန် ဖိုက်ဘာလှေများ၊ ငွေသားများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများအား ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ကျေးရွာမြေငှားဂရန် ပေးအပ်သည့်အခမ်းအနားကျင်းပ

**လင်းခေး စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်တွင် ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်ခဲ့သော ကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်သည့်အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စုရှိ ပင်ထနောင်းကျေးရွာရှိ ရွာလယ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ် မြေငှားဂရန်ထုတ်ပေးရေးဥက္ကဋ္ဌ လင်းခေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက ယခုကဲ့သို့ကျေးရွာနေပြည်သူများအား မြေဂရန်ပေးအပ်ပွဲကျင်းပရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းစကားပြောကြားခဲ့သည်။ ထို့နောက် ဦးစိုင်းအောင်သန်း(မြို့မိမြို့ဖ)က ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများနှင့် မြေဂရန်ရရှိသူများအား ရှမ်းဘာသာစကားဖြင့် ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာမြေငှားဂရန်ရရှိသူ ဒေသခံပြည်သူ ၇၂ ဦးအား ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်တို့က မြေငှားဂရန်များအသီးသီးပေးအပ်ခဲ့ကြပြီး ဦးစိုင်းအောင်မြတ်(ပင်ထနောင်းရွာနေ)က ဂရန်ရရှိသူများနှင့် ကျေးရွာကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

"နိုင်ငံတော်အစိုးရရဲ့ရက် ၁၀၀ စီမံချက်ကာလအတွင်း မြေငှားဂရန်လာရောက်လျှောက်ထားသူ မြေပိုင်ရှင် ၁၀၁ ဦးရှိပြီး သတ်မှတ်ထားတဲ့ လယ်ယာမြေဥပဒေများနဲ့ ကိုက်ညီတဲ့ မြေပိုင်ရှင် ၇၂ ဦးတို့ကို မြေငှားဂရန် ထုတ်ပေးနိုင်ခြင်းဖြစ်ပါတယ်။ မရရှိသေးတဲ့ မြေတွေအတွက်ကိုလည်း ကျွန်တော်တို့ မြို့နယ်မြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့က ဆက်လက်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ဦးအောင်သူ (ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးမြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ)က ပြောကြားသည်။

"ကျွန်မတို့ ဒီမြေငှားဂရန်တွေရရှိခဲ့ပြီဆိုတော့ အလွန်ဝမ်းသာတယ်။ ဘာဖြစ်လည်းဆိုတော့ မြေဂရန်မလုပ်သေးခင်မှာက ကိုယ့်မြေဖြစ်ပေမယ့် စိတ်မအေးရဘူးပေ့ါ။ အခုလို ဂရန်ရသွားတဲ့အခါကျတော့ ကိုယ့်အိမ် ကိုယ်ပိုင်ဆိုင်တဲ့မြေကို စိတ်ချလက်ချ နေထိုင်နိုင်ပြီလို့ ကျွန်မစိတ်မှာ ခံစားရတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်ကပဲ လျှောက်လွှာတင်ခဲ့ပါတယ်။ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးခဲ့တာရယ်။ ငွေကုန်ကြေးကျလည်းမများဘူး။ ပုန်းထွန်ကျေးရွာက ပထမအကြိမ်တုန်းက မြေငှားဂရန်ရရှိခဲ့ပြီး ကျွန်မတို့ရွာက ဒုတိယအကြိမ်မှရတာပါ။ အခု ကျွန်မတို့နဲ့အတူတူ မရရှိခဲ့သေးဘဲ ကျန်နေတဲ့ရွာ သူရွာသားတွေကလည်း ထပ်မံရရှိလာမယ်လို့ မျှော်လင့်ပါတယ်" ဟု မြေငှားဂရန်ရရှိသည့် ပင်ထနောင်းကျေးရွာသူ နန်းကော်ခမ်းက ပြောသည်။

အခမ်းအနားသို့ ကျေးရွာမြေဂရန် ထုတ်ပေးရေးခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု လုပ်ငန်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် မြေငှားဂရန်ရရှိသူ ဒေသခံကျေးရွာနေပြည်သူများ စုစုပေါင်းအင်အား ၂၁၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



# ဘုတ်ပြင်းမြို့တွင် ကျေးလက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ဘုတ်ပြင်း စက်တင်ဘာ ၉**

ကျေးလက်ပြည်သူများ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲအား စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးတို့က အဖွင့်အမှာစကား အသီးသီးပြောကြားသည်။ ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျေးလက်ပြည်သူ သင်တန်းသား ၂၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ၁၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

# ဒဂုံတောင်မြို့နယ်တွင် ကျူးကျော်အိမ်ထောင်စုများအား စာရင်းကောက်ယူ

**ဒဂုံတောင် စက်တင်ဘာ ၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံတောင်မြို့နယ်တွင် စက်တင်ဘာ ၅ ရက်က ၁၇ ရပ်ကွက် အပိုင် (၁၄၂) ရပ်ကွက်ရှိ ကျူးကျော်အိမ်ထောင်စုစာရင်းများကို ကုန္တီတံ(ကွင်းစု)ဆွမ်းလောင်းဓမ္မာရုံအတွင်း၌ နံနက် ၉ နာရီမှစ၍ ကောက်ယူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကျူးကျော်စာရင်းကောက်ယူရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဝေါလ်ဗွီရှင်မှ တာဝန်ရှိသူများ၊ ကျူးကျော်စာရင်းကောက်ယူသည့်ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်။

ဒဂုံတောင်မြို့နယ်တွင် ရပ်ကွက် ၃၂ ရပ်ကွက်ရှိသည့်အနက် ရပ်ကွက် ၂၀ရှိ ကျူးကျော်အိမ်ထောင်စုစာရင်းများကို ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"တကယ်နွမ်းပါးနေတဲ့ ပြည်သူတွေအတွက် တကယ်လိုအပ်ချက်ကို လုပ်ဆောင်ပေးတဲ့အတွက် တစ်ခါမှမရဘူးသေးသော အခွင့်အရေးတစ်ရပ်ရတော့မယ်လို့တွေးပြီး ကျေနပ်နေမိပါတယ်" ဟု စာရင်းလာသွင်းသူ ပြည်သူတစ်ဦးက ပြောသည်။

**နှင်းနှင်း (ပြန်/ဆက်)**



# ကွမ်းစားသုံးခြင်းသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းကျိုးထက် ဆိုးကျိုးများသာဖြစ်စေနိုင်

**အိမ်မဲ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေးအတွက် အသိပညာပေးစစ်ဆေးခြင်းများကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်နီလာဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့အတွင်းရှိ ပြည်သူများ၊ ကွမ်းယာရောင်းချသည့်ဆိုင်များ၊ ဌာနဆိုင်ရာရုံးများတွင် ကွမ်းစားသုံးမှု ဆိုးကျိုးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆောင်ရွက်ရာတွင် ရုံးဌာနများတွင်ကွမ်းမစားရ၊ ကွမ်းတံတွေးမထွေးရ ဆိုင်းဘုတ်များ ကပ်ထားမှုနှင့် ဆောင်ရွက်ထားရှိမှုများ စစ်ဆေးခြင်းနှင့် ကွမ်းစားသုံးခြင်းသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းကျိုးထက် ဆိုးကျိုးများသာဖြစ်စေနိုင်သည့်အတွက် ကွမ်းစားသုံးမှု၏ ဆိုးကျိုးများနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကြောင့် မြို့သန့်ရှင်းသာယာလှပရေးကို ထိခိုက်စေသည့်အတွက် ကွမ်းယာရောင်းချသည့်ဆိုင်များတွင် ကွမ်းတံတွေးထွေးရန် ပုံးများထားရှိရေးကို ပြည်သူများနားလည်လိုက်ပါ ဆောင်ရွက်ကြစေရန် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်များ ကာကွယ်နိုင်ရန် ဘားအံမြို့နယ်အတွင်း အရန်မီးသတ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၉**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှု၊ မီးဘေးအန္တရာယ်များကျရောက်မှုနှင့် အခြားရုတ်တရက်ဖြစ်လာနိုင်သော ဘေးအန္တရာယ်များ ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန် ဘားအံမြို့နယ်အတွင်းရှိ ထုံးအိုင်စံပြကျေးရွာ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့လေ့ကျင့်ရေးနှင့် မွမ်းမံသင်တန်း (၁/၂၀၁၆) ကို စက်တင်ဘာ ၅ ရက်မှ ၃၀ ရက် အထိ ထုံးအိုင်စံပြကျေးရွာ အမှတ်(၅)ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်လေ့ကျင့်သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။ စက်တင်ဘာ ၅ ရက်က သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ထုံးအိုင်နယ်မြေစခန်းမှူး ရဲအုပ်ညီညီမိုးက အဖွင့်အမှာစကားပြောကြားကာ ဘားအံမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက သင်တန်းဆိုင်ရာကိစ္စရပ်များ၊ စည်းမျဉ်းစည်းကမ်းနှင့် အရန်မီးသတ်များ လိုက်နာသိရှိအပ်သောကျင့်ဝတ်များကို ရှင်းလင်းပြောကြားခဲ့သည်။

"အရန်မီးသတ်တပ်ဖွဲ့ဝင်များဟာ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာ စတဲ့နာငါးနာနဲ့ ပြည့်စုံသူများဖြစ်ကြပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့လစာမယူဘဲ မိမိတို့ ကိုယ်ပိုင်အချိန်တွေကို ပြည်သူလူထု အကျိုးစီးပွားအတွက် ပေးဆပ်လုပ်ကိုင်နေကြတဲ့သူများလည်းဖြစ်တဲ့အတွက် မွန်မြတ်တဲ့ ယောကျ်ားကောင်းတွေရဲ့ စိတ်ဓာတ်မို့ လေးစားဂုဏ်ယူမိပါကြောင်း" ဘားအံမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက အမှာစကားပြောကြားရာတွင်ထည့်သွင်းပြောကြားသွားသည်။

ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာတွင် နယ်မြေမီးသတ်စခန်းတစ်ခု ဖွင့်လှစ်ထားနိုင်ခဲ့ပြီး ယခု ဖွင့်လှစ်သော သင်တန်းတွင် ထုံးအိုင်ကျေးရွာအုပ်စုမှ သင်တန်းသား ၅၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလ ၂၅ ရက်အတွင်း မီးဘေးလုံခြုံရေး၊ ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းများ၊ ရာသီချိန်ခါမရွေး ဖြစ်ပွားတတ်သော မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့်သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုပါ စနစ်တကျ လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# လက်တောင်းကြီးကျေးရွာတွင် ကျေးရွာမြေငှားဂရန်ပေးအပ်

**ပုလဲ စက်တင်ဘာ ၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ လက်တောင်းကြီးကျေးရွာနေ အိမ်ထောင်စုများအတွက် ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက "ကျွန်တော်တို့ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လက်တောင်းကြီးကျေးရွာကတော့ မြို့နယ်အတွင်းမှာ ဒုတိယမြောက် ကျေးရွာမြေငှားဂရန်များ ပေးအပ်နိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပြီး လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်ရရှိသော တိုးချဲ့ကျေးရွာမြေ ဧက ၂၆ ဒသမ ၉၉ ဧကထဲမှ အိမ်ခြေ ၈၉ အိမ်ကို မြေငှားဂရန်များ ထုတ်ပေးခြင်းဖြစ်ပါတယ်။ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေပေါ်မှာ နေထိုင်ကြတဲ့ ပြည်သူများအနေဖြင့် မြေငှားဂရန်ရရှိတဲ့အတွက် လူနေထိုင်မှုခိုင်မာခြင်း၊ ပိုင်ဆိုင်မှုခိုင်မာခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်တဲ့အခါ အတိုးနှုန်းသက်သာစွာဖြင့် ဘဏ်များမှ အရင်းအနှီးချေးငွေများ ချေးယူနိုင်ခြင်းအပြင် လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းနောက် ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူနေမျိုးက မြေငှားဂရန်များကို ပေးအပ်ရာ လက်တောင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးလွင်ကလည်းကောင်း၊ ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက မြေငှားဂရန်များကိုပေးအပ်ရာ ရပ်မိရပ်ဖ ဦးဘိုဆွေက လက်ခံရယူခဲ့သည်။

အဆိုပါ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။ ပုလဲမြို့နယ်တွင် ကျေးရွာပေါင်း ၁၈၈ ရွာရှိသည့်အနက် လက်တောင်းကြီးကျေးရွာရှိ အိမ်ထောင်စု ၈၉ စုသို့ ကျေးရွာမြေငှားဂရန်များကို ထုတ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# အမှိုက်များ စုပေါင်းရှင်းလင်းဖယ်ရှား



**ကော့သောင်း စက်တင်ဘာ ၉**
ကော့သောင်းမြို့ အဖြူရောင်ပရဟိတအဖွဲ့မှ ရွှေဟသ်ာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း အမှိုက်ပုံအား ရှင်းလင်းခြင်း စက်တင်ဘာ ၇ ရက် ညနေပိုင်းက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့်ညီညွတ်ကာ ရောဂါဘယကင်းဝေးစွာ ပညာသင်ကြားနိုင်ရေး ကျောင်းဝင်းအတွင်းရှိ အမှိုက်ပုံအား မြို့ခံပရဟိတအဖွဲ့တစ်ခုဖြစ်သည့် အဖြူရောင်ပရဟိတအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သန့်ရှင်းရေးဌာနနှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများဖြင့် ပူးပေါင်းကာ အဆိုပါအမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော်ယာဉ်များဖြင့်သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ သယ်ယူပို့ဆောင်ပေးခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဆင်းပွဲကျင်းပ

**မိုင်းဆတ် စက်တင်ဘာ ၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက် နံနက် ၈ နာရီခွဲက မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ကျော်နိုင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏဇော်တို့က ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နည်း၊ ရှေးဦးသူနာပြုစုနည်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့သင်ကြားပြသပေးခဲ့ပြီး သင်တန်း၌ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် နယ်မြေခံတပ်နယ်မှ တပ်မတော်သား ၁၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာဆယ်မားအူလ်အွန်ဒုံ ကျေးရွာသစ် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်

**ချောင်းဦး စက်တင်ဘာ ၉**
ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာအုပ်စု အင်းမကျေးရွာတွင် မြန်မာဆယ်မားအူလ်အွန်ဒုံကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်ဖြင့်ပြုလုပ်သော စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက အောင်ဇေယျာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးအေးသန်းက မြေဩဇာစနစ်တကျအသုံးပြုရေးနှင့် မြေဆီလွှာတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ရန် သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။

သင်တန်းတွင် မုံရွာခရိုင် သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်မာဆွေက သီးနှံများတွင် ကျရောက်တတ်သော ရောဂါပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သောင်းဌေးက မျိုးစေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပို့ချကြောင်းသိရသည်။

စိုက်ပျိုးရေးသင်တန်းကို စက်တင်ဘာ ၇ ရက်မှ ၉ ရက်ထိ သုံးရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မီမီ(ချောင်းဦး)**

# မီးသွေးပုတ်ကျေးရွာတွင် တောင်းရက်ခြင်းလုပ်ငန်းဖြင့်မိသားစုဝင်ငွေတိုး

**သရက် စက်တင်ဘာ ၉**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မီးသွေးပုတ်ကျေးရွာတွင် တောင်သူလုပ်ငန်းအပြင် တစ်ပိုင်တစ်နိုင် တောင်းရက်ခြင်းလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးပွားလျက်ရှိကြောင်း တောင်းလုပ်ငန်းရက်လုပ်သည့် လုပ်ကိုင်သူ ဦးတင်လှိုင်ဝင်းထံက သိရသည်။

အဆိုပါ တောင်းရက်လုပ်ငန်းကို တောင်သူလုပ်ငန်း အားလပ်သည့်အချိန်တွင် ရက်လုပ်လျက်ရှိရာ တောင်းရက်သည့် ဝါးတစ်လုံးလျှင် ငွေကျပ် ၂၅၀ မှ ၃၀၀ အထိ ပေးဝယ်၍လုပ်ကိုင်ရာ ဝါးတစ်လုံးလျှင် မြေသယ်တောင်းရက်လုပ်ပါက သုံးလုံးရရှိပြီး ကွမ်းရွက်ထည့်သည့် တောင်းများရက်လုပ်ပါက နှစ်လုံးရရှိသည်။

မြေသယ်တောင်းရက်လုပ်ပါက ၁၅ လုံးပြီးအောင် ရက်လုပ်နိုင်ပြီး ကွမ်းရွက်ထည့်သည့်တောင်းရက်လုပ်ပါက ၁၀ လုံးပြီးအောင် ရက်လုပ်နိုင်သည်။

ထို့ကြောင့် မြေသယ်တောင်းရက်လုပ်ပါက ကုန်ကျငွေကျပ် ၁၅၀၀ ရှိပြီး တောင်းတစ်လုံးရောင်းရငွေမှာ ငွေကျပ် ၄၀၀ ရရှိသည့်အတွက် ရောင်းရငွေမှာ ၆၀၀၀ ရရှိ၍ တစ်နေ့ ၄၅၀၀ ကျပ် မိသားစုဝင်ငွေတိုးပွားပြီး ကွမ်းရွက်ထည့်သည့်တောင်း ရက်လုပ်ပါက ၁၀ လုံးပြီးအောင် လုပ်နိုင်သည့်အတွက် ကုန်ကျငွေမှာ ၁၅၀၀ ရှိပြီး တောင်းတစ်လုံးရောင်းရငွေမှာ ၉၀၀ ကျပ်ရရှိသဖြင့် ကွမ်းရွက်ထည့်သည့်တောင်း အော်ဒါမှာယူသူရှိပါက ၇၅၀၀ ကျပ်အထိ ဝင်ငွေရရှိ၍ ပိုမိုတွက်ခြေကိုက်လျက်ရှိကြောင်း တောင်းရက်လုပ်ငန်းလုပ်ကိုင်သည့် ဦးတင်လှိုင်ဝင်းထံမှ သိရသည်။

**ဇော်ထက်(သရက်)**

# တစ်နာရီလျှင် တစ်ဧကစိုက်ပျိုးနိုင်သော မိုးစပါးကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြကောက်စိုက်ပွဲ အိမ်မဲတွင်ကျင်းပ



**အိမ်မဲ စက်တင်ဘာ ၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ ဦးသိန်းလွင် အိမ်မဲရောစိုက်ကွင်း ကွင်းအမှတ် ၄၂-ခ (၁၈) ဧကတွင် စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီက UMG ကုမ္ပဏီမှ မိုးစပါးကောက်စိုက်စက် သရုပ်ပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ UMG ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တောင်သူများတက်ရောက်ခဲ့ကြသည်။

သရုပ်ပြပွဲတွင် တက်ရောက်လာသူများကို UMG ကုမ္ပဏီမှ YANMAR အမျိုးအစား ကောက်စိုက်စက်ဖြင့် လက်တွေ့ကောက်စိုက်ပြသခဲ့ပြီး စက်၏တန်ဖိုးမှာ ၉၆ သိန်းကျော်ရှိကြောင်း၊ တစ်နာရီလျှင် တစ်ဧက စိုက်ပျိုးနိုင်ကြောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသည့် တောင်သူများမှ ကောက်စိုက်စက် လက်တွေ့စိုက်ပျိုးနည်းနှင့် အသုံးပြုနည်းစနစ်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများ အထူးစိတ်ဝင်စားစွာ လေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**ရေး စက်တင်ဘာ ၉**
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်းကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ အဆိုပါ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ချက်များနှင့် တိုင်တန်းချက်လုပ်ထုံးလုပ်နည်းများအကြောင်းကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ရန်ကုန်စက်မှုတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ သူငယ်ချင်းများစုံညီတွေ့ဆုံပွဲ(1984-1993)

မိသားစုနှင့်ဆရာတို့၏ ကျန်းမာရေးအခက်အခဲများကို ဝိုင်းဝန်းကူညီနိုင်ရန် သူငယ်ချင်းများ စုံညီတွေ့ဆုံပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၁၉၈၄ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကို ဝင်ရောက်လာသော၊ ၁၉၉၃ခုနှစ်တွင် ဘွဲ့ရသော၊ ၁၉၈၄ထက်စော၍ ဝင်ရောက်လာသော်လည်း ကျောင်းပျော်ကာ ၁၉၈၄အတန်း(Intake) နှင့် ကံဆုံခဲ့သော သူငယ်ချင်းတို့၏သားသမီးများအား ဒီဇင်ဘာလတွင် ပညာရည်ချွန်ဆုပေးရန်အတွက် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးနှင့်အောင်မြင်သူများ အနေဖြင့် စာရင်းပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

**နေရာကြိုတင်စီစဉ်ရပါသဖြင့် ကြိုတင်စာရင်းပေးပါရန်။**

ဆက်သွယ်ရန်
- **နေ့ရက်** စက်တင်ဘာလ ၁၈ ၂၀၁၆ (တနင်္ဂနွေ)၊ ညနေ (၃)နာရီ အရောက်လာပါရန်
- **နေရာ** Golden Hall, M3 Food Center, Bahan Sport Ground, Bahan Tsp.

အေးကိုကို (Ec)(095181133), ညဏ်စိုး(Ec)(09254106277), မြင့်သူ (Ec)(095124577)
ဇော်မိုး(Mech)(0973060117), မိုးဇော်ဦး(Mech)(092002924), ကျော်စိုး(Mech)(098627852)
သန့်ဇော်(Chemical)(09450011680), ဇော်ထွန်းသင်(Civil)(095128593)




### ဖခင်အမည်မှန်

မအူပင်မြို့၊ အထက(၁)၊ ဒသမတန်း(K)မှ မရှိုင်းဝတ်ရည်၏ဖခင်အမည်မှန်မှာ ဦးကျော်မျိုးဦး[၁၄/မအပ(နိုင်)၁၆၉၂၆၉] ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးဦး**

### အမည်မှန်

မအူပင်မြို့နယ်၊ လက်ပံကုန်းကျေးရွာအုပ်စု၊ နီပဆေးရွာနေ (ဘ) ဦးခင်မောင်ဦး၏သမီး မမဥ္ဇူမြင့်၏ အမည်မှန်မှာ မခင်စန္ဒာဖြိုး ဖြစ်ပါသည်။

**မခင်စန္ဒာဖြိုး**

### ဖခင်အမည်မှန်

မအူပင်မြို့၊ အထက(၁)၊ ဒသမတန်း(I)မှ မခင်စန္ဒာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး[၁၄/မအပ(နိုင်)၀၉၀၉၉၉] ဖြစ်ပါသည်။

**ဦးခင်မောင်ဦး**

### အမည်မှန်

တောင်သာမြို့၊ အထက၊ ဒသမတန်း(B)မှ မောင်လင်းထက်အောင်၏ အမည်မှန်မှာ မောင်လင်းထက် ဖြစ်ပါသည်။

**မောင်လင်းထက်**

### ဂရန်မူရင်းအားပယ်ဖျက်ပြီးကြောင်း အသိပေးကြော်ငြာခြင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၀၊ မြေကွက်အမှတ်(၁၃၁၂)၊ ပါမစ်မြေ အမည်ပေါက် ဦးလှကြည်မှ ပါမစ်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားခဲ့သဖြင့် ဂရန်ထုတ်ပေးပြီးနောက် ပါမစ်မူရင်းတင်ပြ၍ ဂရန်လျှောက်ထားမှုရှိပါသဖြင့် ဦးလှကြည်[၅/ကလဝ(နိုင်)၀၀၄၃၉၈] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်အမှတ်-ဒဂဆက/ဂရသ-၅၃၈/၁၃ (၂၆-၁၁-၂၀၁၃) ဂရန်မူရင်း(စာအုပ်)အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏အသေးစိတ်အချက်အလက်များကို၁၉-၉-၂၀၁၆ ရက် ၁၀း၀၀ နာရီမှ ၂၀-၉-၂၀၁၆ ရက် ၁၂း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၉-၂၀၁၆ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၀၇ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**နေပြည်တော်သတင်းစာတိုက်**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

### ဆရာခမွေးနေ့ရာပြည့် မဂ္ဂဇင်းစာမူများ ဖိတ်ခေါ်ခြင်း

ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာန၏ ပထမဆုံး မြန်မာလူမျိုးပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)၊ အဝေးသင်တက္ကသိုလ်၏ဖခင်ကြီး ဒေါက်တာမောင်မောင်ခ (ဆရာခ)၏ မွေးနေ့ရာပြည့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

မွေးနေ့ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်းကို (၂၀၁၇) ခုနှစ် နှစ်ဆန်းတွင် ထုတ်ဝေမည် ဖြစ်ပါသည်။ ဆရာခအမှတ်တရ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများ၊ ဂုဏ်ပြုရေးသားလိုသော ဓါတ်ပုံရှင်များအနေဖြင့် စာမူများ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

စာမူများကို (၃၀-၁၀-၂၀၁၆) တနင်္လာနေ့ထက် နောက်မကျစေဘဲ ဆရာခမွေးနေ့ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီ၊ ရူပဗေဒဌာနရန်ကုန်တက္ကသိုလ်သို့ ပေးပို့ကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

(အလှူငွေများ လှူဒါန်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။)

ဆက်သွယ်ရန်ဖုန်း -ဦးဦးခင်မောင် - ၀၉-၅၁၁၉၆၉၃
ဒေါ်သီတာ - ၀၉-၅၁၄၉၅၀၇




သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# Congratulation

ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒု ဥက္ကဋ္ဌ
ဒေါက်တာအောင်ကျော်ဝင်း (ရွှေနန်းတော် စိန်ရွှေရတနာဆိုင်) ၏
Jewel Collection Manufacturing Co.,Ltd သည် Laos နိုင်ငံ Vientiane မြို့တွင်
စက်တင်ဘာ (၅) ရက်နေ့၌ ကျင်းပသည့် ASEAN BUSINESS AWADRS 2016 ဆု ချီးမြှင့်ပွဲတွင်
"CMLV SME EXCELLENCE WINNER AWARD ON INNOVATION CATEGORY"
ဆုကို ထိုက်ထိုက်တန်တန် ရရှိသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။

**မောင်နှမများနှင့် တူ / တူမ များ**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် (ပုဇွန်ဆိတ်ကျေးရွာ)၊ အထက-၂၊ ဒသမတန်း(A5) မနွယ်လေး၏ဖခင်အမည်မှန်မှာ ဦးတင်ရွှေ ၉/ တကန (နိုင်)၁၈၆၁၃၁ ဖြစ်ပါကြောင်း။

ဦးတင်ရွှေ

**FORWARD CAR RENTAL**

ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင် လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်၊ ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်၊
Ph: 09 5089800
09 252522200

**ဖခင်အမည်မှန်**

ကြို့ပင်ကောက်မြို့နယ်၊ ကျွန်းဒုတ်ကုန်းအုပ်စု၊ ရွှေပန်းတောကျေးရွာ၊ အထက အဌမတန်း(က)တွင် ပညာသင်ကြားလျက်ရှိသော မသက်ယုဝေ၏ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၂၇/ကပက(နိုင်)၀၅၄၄၁၁ ဖြစ်ပါသည်။

ဦးသန်းလွင်

SUPPORTED BY
Australia UNLIMITED
Australia Awards

ORGANIZED BY
AVSS Australian Visa & Student Services

# AUSTRALIAN EDUCATION EXHIBITION 2016

Yangon: 17th Sept, 2016 (Saturday) 9 A.M-4 P.M Ballroom, Parkroyal Hotel
Mandalay: 18th Sept, 2016 (Sunday) 1 P.M-5 P.M Ballroom, Sedona Hotel

ပြပွဲနေ့တွင်ကျောင်းလျှောက်ပြီး ကျန်းမာရေးအာမခံ (၁)နှစ်စာ လက်ဆောင်ရယူလိုက်ပါ။ FREE ENTRY

For more information, please contact:
AVSS Yangon: 127A, 1st Floor, West Shwe Gon Daing Road, Bahan Tsp, Yangon. Tel: 09 45000 6944/6955, 09 5147227
www.theavss.net
Australian Visa & Student Services, Myanmar
AVSS Mandalay: 2/Ta 765, 69th St., Bet: 31st & 32nd Streets, Mandalay. Tel: 02 74291, 09 4440 29882

**ပြည်မြန်မာ**

အိမ်ပြောင်းအိမ်ရွှေ့ /ကားအငှား ဝန်ဆောင်မှုလုပ်ငန်း
မြို့တွင်းနယ်ဝေးသို့ ကားနှင့်လုပ်သားများ စီစဉ်ပေးသည်။
01 511929, 09 963685160, 09 252463094, 09 781269412

**ခင်ပုံမြို့ညစ်**

အလွှမ်း ဆိတ်တမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို စျေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ဦးသန်းဝင်း B.E (Mech), P.E (IMPM)
အာဆီယံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီး (ငြိမ်း) ၏
**သဘာဝနည်းဖြင့် သည်းခြေကျောက်ဖယ်ရှားနည်း (သို့မဟုတ်)**
**ဝန်းသီးစားပြီးသည်းခြေကျောက်ဖယ်ရှားနည်း (ကိုယ်တွေ့နည်း)**

**တတိယအကြိမ်ထုတ်စာအုပ်** ထွက်ပြီ


(၁) အုပ်ရောင်းဈေး - ၃၀၀၀ ကျပ်

ဖြန့်ချိရေး
၁။ ရွှေရည်ဦးစာအုပ်ဆိုင်၊ ဖုန်း-၀၉၄၂၀၁၂၅၃၆၊ ၀၉၅၀၇၀၁၅၇
၂။ မျိုးဆက်သစ်စာပေ၊ ဖုန်း-၀၉၄၂၀၀၇၆၈၈၊ ၀၉၄၂၀၂၂၂၉၆၂
၃။ ဆင်တောင်ကြီးစာပေ၊ ဖုန်း-၀၁၃၈၀၇၃၇၊ ၀၁၃၈၁၈၃၄

**သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ် ပျက်စီးပြီး ဆေးနေရသော ရောဂါများ ပျောက်ဆေးနည်းအခမဲ့ပေးမည်**

၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ပန်းသီး(၅)လုံးစီ၊ (၅)ရက်စားပြီးနောက် (၆)ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကို တိကျစွာဆောင်ရွက်ခြင်းဖြင့် (၇)ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှ ကျောက်များ၊ အသည်းမှာဖုံးနေသော အဆီဖတ်များ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်။ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံးဝ(လုံးဝ)ခွဲစိတ်ထုတ်စရာ မလိုပါ။
၂။ ကင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီး ရောဂါများအတွက် ပန်းသီး၊ စပါးလင်၊ ကညွတ်အပါအဝင် သဘာဝပစ္စည်း(၅/၇)မျိုးကို နေ့စဉ် စနစ်တကျ (၆)ပတ်စားပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ကင်ဆာဆဲလ်များကို ကျုံ့သွားစေပါသည်။ ကျောက်ကပ်ကျောက်များပျော့၊ ကျေ၍ အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ ကျောက်ကပ်ကျောက် များလုံးဝ(လုံးဝ) ခွဲစိတ်ထုတ်စရာမလိုပါ။ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသော ရောဂါကို သိသာစွာ သက်သာပျောက်ကင်းစေပါသည်။
**ဆေးနည်းအပြည့်အစုံသိရှိလိုပါက ဦးသန်းဝင်း၊ အာဆီယံအင်ဂျင်နီယာအင်ဂျင်နီယာမှူးကြီး(ငြိမ်း)**
Ph-09-5070157 ကို ကာယကံရှင်ကိုယ်တိုင်ဆက်သွယ်ပါ။


**ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော**
**MECHANICAL CAR PARKING**










TPW ideas coming true (BRNo.200904356H)
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

# Myanmar Noble College

edexcel Approved Centre No.93711

နိုင်ငံတကာတက္ကသိုလ်များတွင် ဆည်းပူးလေ့လာနိုင်ရေးအတွက် အခြေခံကောင်းရရှိစေရန် Myanmar Noble College မှ Pre-Foundation Course & HND Foundation Course အတွက် New Intake ကို September တွင် ဖွင့်လှစ်ပါမည်။

**Start with MNC. Go Further.......**

September Intake Enroll Now!

Higher National Diploma
- Engineering (Civil/EE/ME)
- Business
- Computing (IT)

Enroll Now
- HND Foundation Courses
- Pre-Foundation Course



**Scholarships Available!**

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Tsp, Yangon.

Call Now: 01-2331257 / 01-2331276 / 01-2331264 / 09-780639577 www.myanmarnoblecollege.com.mm


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး

# MISY
**MYANMAR INTERNATIONAL SCHOOL YANGON**

## "Congratulations!"

နိုင်ငံပေါင်း ၆၀ မှ အဖွဲ့ပေါင်း ၆၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ထိုင်းနိုင်ငံ မန်ကောက်မြို့၌ ကျင်းပခဲ့သော World Scholar's Cup တွင် အဆင့် ၃၀ ဖြင့် အောင်မြင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံ Yale University ၌ ကျင်းပမည့် ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ကြမည့် MISY မှ ကျောင်းသူ(၃)ဦးဖြစ်သည့်

စုခင်လေးထွန်း (Year 10)
Nicole Agnes Lee (Year 10)
ယွန်းပြည့်မွန် (ခ) ပြည့်ပြည့် (Year 10) တို့အား
အထူး ချီးကျူး ဂုဏ်ပြုအပ်ပါသည်။



No. 24, Sae Myaung Street, 11th Quarter,
Yankin Township, Yangon.
Tel: 01-657885, 657886, 657887, 095005555, 095504139
Email : misy-edu@goldenland.com.mm,
misyedu.yangon@gmail.com, misy@misyedu.com
Website : www.misyedu.com



# ဦးဈေးရွှေ သစ်ဆိုင် (မအူကုန်း)



Laminate Flooring (ပါကေးပြား)
100% ရေစိုခံပယောင်းသွင်းပြီး
Laminate Flooring (ပါကေးပြား)များကို ပြည်နယ်တိုင်းမရွေး
အိမ်တိုင်ရာရောက် အပြီးအစီးလိုက်လံ ခင်းကျင်းပေးပါသည်။
အမှတ်-၂၂၁၊ ဗညားဒလလမ်း(လမ်း၁၄ထိပ်)၊ ယုဇနပလာဇာရှေ့၊ မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph - 290100, 293320, 200124, 205209, 205213



## တော်ဝင်စကားဖြူကုမ္ပဏီလီမိတက်

အမှတ်(၂၃၂)၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်
ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၈၂၉၉၁၀၆၁
ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာ ခန့်ထားရန်။)

၁။ Salegirl မ(၈) ဦး - လစာ ၁၅၀၀၀၀သိန်း
(ပညာအရည်အချင်း - ၁၀ တန်းအောင်၊ အသက် ၂၅နှစ်အောက်၊ အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။)
***Promotion** ကာလအတွင်းအချိန်ပိုင်းတာဝန်ထမ်းဆောင်ရန်။

၂။ Computer ကျွမ်းကျင် ကျား/မ(၂) ဦး - လစာ ၁၅၀၀၀၀သိန်း
(ပညာအရည်အချင်း - ဘွဲ့ရ၊ အသက် ၃၅နှစ်အောက်၊ Excel, PowerPoint ကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။)

၃။ Designer ကျား/မ(၂)ဦး - လစာ ၂၀၀၀၀၀သိန်း
(ပညာအရည်အချင်း - ဘွဲ့ရ၊ အသက် ၃၅နှစ်အောက်၊ Photoshop, illustrator ကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။)

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ သန့်ရှင်းကြောင်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ အထက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။



# N-WINNER Co.,Ltd
အိမ်၊ ခြံ၊ မြေ အကျိုးဆောင် နှင့် ဥပဒေအကြံပေးလုပ်ငန်း
Ph:09450073838,09783233356-57,09254418033

## လုံးချင်း / မြေ (ရောင်း၊ ငှား)

| | | | | |
|---|---|---|---|---|
| ၁။ဝေဇယန္တာလမ်းမ | (40'x60') | ဂရံ၊လုပ်ငန်းကောင်း | မြေ | 5500 L |
| ၂။ကျိုက္ကဆံဘုရားမီး | (50'x63') | ဂရံ | မြေ | 3500 L |
| ၃။၄၁ တိုးချဲ့မ/ဒဂုံ | (100'x100') | ဂရံ၊အုတ်တံတိုင်း | မြေ | 3500 L |
| ၄။လမ်းသစ်လမ်းသွယ် အ/စ | (35'x70') | 2M,1BR,ပါကေးကြမ်းခင်း | 2RC | 3500 L |
| ၅။မရမ်းကုန်းလမ်းကျယ် | (25'x60') | ဘိုးဘွား၊ အုတ်ခံတံ | မြေ | 2200 L |
| ၆။ဗောဓိလမ်းသွယ် | (20'x60') | 1BR, RC ခင်းဂရံ | 2BN | 1350 L |
| ၇။ဦးဝိဇာရလမ်းသွယ် | (40'x60') | ဂရံ | မြေ | 1100 L |
| ၈။ရုပ်ရှင်လမ်းမ(သဃက) | (30'x60') | 4BR, ပါကေး | 3½RC | 28 L |
| ၉။ကန်လမ်းသွယ်(မရက) | (50'x50') | 3M,3BR,A/C,Ph, ဂရံ | 2RC | 20 L |
| ၁၀။ရန်ကင်းလမ်းသန့် | (95'x55') | 1M,2BR, ခြံကျယ် | 1RC | 18 L |
| ၁၁။ အေးရိပ်မွန် အိမ်ရာ | (80'x80') | 1M,3BR | 2RC | 16 L |
| ၁၂။ မြရွှေ | (80'x80') | 4M,4A/C,Ph | 2RC | 15 L |
| ၁၃။ သုမင်္ဂလာအိမ်ရာ | (60'x80') | 1M,3BR, ကားဝင်း | 2RC | 12 L |
| ၁၄။မရမ်းကုန်းလမ်းသန့် စမိုင် | (70'x70') | 2M,1BR,4A/C,Ph, ပါကေးကြမ်းခင်း F.F | 1RC | 12 L |
| ၁၅။မြင်သာလမ်းသွယ် | (30'x60') | 1M,1BR,A/C, ပါကေး | 2RC | 8.5 L |

## Condo / တိုက်ခန်း (ရောင်း၊ ငှား)

| | | | | |
|---|---|---|---|---|
| ၁။မြောက်ဦးကြာလမ်း Condo | (2250 Sqft) | 2M,2BR,5A/C, ပါကေး | | 3600 L |
| ၂။ ကန်ဘိုမွန် Condo | (1300 Sqft) | 1M,2BR,3A/C | | 2200 L |
| ၃။အရှေ့လီဗီး Condo (လှိုင်) | (1450 Sqft) | 1M,2BR, ပါကေး | | 1800 L |
| ၄။မိုးမြင့်ပွဲ Condo (ဗ/ဒ) | (2250 Sqft) | 2M,2BR,5A/C,F.F | | $ 3300 |
| ၅။ Inya View Condo (ဝပမ) | (1500 Sqft) | 1M,2B,4A/C, ပါကေး | | 20 L |
| ၆။ရွှေဂုံလမ်း Condo | (1800 Sqft) | 1M,2B,4A/C | | 10 L |
| ၇။ DNH Condo | (1200 Sqft) | 2BR,A/C, ဘုံဆိုင် | | 8 L |
| ၈။ရန်ကုန်-အင်းစိန်လမ်းမ | (14'x45') | 1BR,လုပ်ငန်းကောင်း | GF | 1600 L |
| ၉။တောင်ဒဂုံအိမ်ရာ | (25'x35') | 1M,2BR, ကျွန်း | GF | 1500 L |
| ၁၀။ကြို့ကုန်းရေးနီး(သဃက) | (18'x58') | 2BR, ကြမ်းခင်းကောင်း | 1F | 580 L |
| ၁၁။ကျောက်မြောင်းလမ်းသန့် | (13'x60') | 2BR, ကျွန်းကျွန်း | 2F | 450 L |
| ၁၂။အလုံလမ်းသန့် | (12½'x45') | 1BR | 1F | 400 L |
| ၁၃။သဃန်းကျွန်းလမ်းသန့် | (12'x48') | Hall, RC ခင်း | GF | 300 L |


မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်


# မိတ်ကပ် ညီညီမောင်
(စမ်းချောင်း)

မိတ်ကပ်အရေးအသား ကြည့်ဖူးတဲ့ပုံနဲ့ဝတ်ဆင်ရာမှာ
ငွေကျပ် (၅) သိန်း ရှိရုံဖြင့်
1.9.2016 မှ 15.10.2016 ကာလအတွင်း
မိတ်ကပ်၊ ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ခေါင်းဆံထိုး၊
လက်ကိုင်ပန်း တို့ကို အပြီးအစီးဆောင်ရွက်ပေးနေပါသည်။
အမှတ် (၆၁)၊ မြေညီထပ်၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်။
Ph: 01 523764, 09 425285025
09 792481369, 09 420087989



နှစ်ပေါင်းများစွာ နိုင်ငံခြား အတွေ့အကြုံ ရှိ ဆရာဝန်ကြီးမှ အောက်ပါ Plastic Surgery ခွဲစိတ်မှုများအား အထူးဆောင်ရွက်ပေးနေပါသည်။
Ph: 09 453343275 , 09 962074529

* ရင်သားအလှ ခွဲစိတ်ခြင်း၊အစားထိုးခြင်း။ (Breast Implantation)
* မဲ့ဖျက်ခြင်း၊ မျက်ခွံစေ့ဖော်ခြင်း၊ မျက်အိတ် အဆီ ထုတ်ခြင်း။ (Baggy Eyelids)
* နှာခေါင်းအလှပြုပြင် ခွဲစိတ်ခြင်း၊ အမာရွတ်ဖျက်ခြင်း။
* လည်ပင်းအရေပြား တင်းအောင်ပြုပြင်ခြင်း၊ အဆီပိုများ ထုတ်ခြင်း။ (Liposuction)
* တွဲအိနေသော ဗိုက်သားများတင်းပြီး ချပ်အောင် ပြုပြင်ခြင်း။ (Abdominoplasty)
* ပါးချိုင့်ဖော်ခြင်း၊ မျက်နှာတင်းရင်းအောင် ပြုပြင်ခြင်း။ (Thread face lift)

အခြားအလှအပဆိုင်ရာ ခွဲစိတ်မှုများအား
ခွဲစိတ်ပြီးသည်အထိ ချိုသာသော ဈေးနှုန်းဖြင့်
ကူညီဆောင်ရွက်ပေးနေပါသည်။
Office Hours: 10 AM to 4 PM




# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

## Congratulation!

ASEAN BUSINESS AWARDS

ASEAN BUSINESS ADVISORY COUNCIL

LAOS 2016

ဦးလှဝင်း Chairman, GWE Group of Companies ၏ မှန်ကန်သော ဦးဆောင်မှုဖြင့်
Grand Wynn Enterprises Ltd. သည် LAOS နိုင်ငံ Vientiane မြို့တွင် ( ၅-၉-၂၀၁၆ )ရက်နေ့က ကျင်းပပြုလုပ်သော
ASEAN BUSINESS AWARDS 2016 ဆုချီးမြှင့်ပွဲတွင် ASEAN BUSINESS ADVISORY COUNCIL မှ ပေးအပ်ချီးမြှင့်သော
AEC Priority Integration Sector - Excellence Award for Fisheries Category
& SME Excellence Award for Growth Category
ထူးချွန်ဆုများ ချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

နိုင်ငံတော်မှ ချမှတ်ထားသည့် သားငါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ငါးမြစ်ခြင်း ၊ ငါးကြင်း ၊ ငါးခေါင်းပွ ၊ ငါးဒန် ၊ ရွှေဝါငါးကြင်းနှင့် ငါးဖယ်အစရှိသည့် ဒေသငါးမျိုးစိတ် ငါးများသာမက နိုင်ငံတကာဈေးကွက် လိုအပ်ချက် International Market Demand နှင့်အညီ ထိုင်းနိုင်ငံမှ ငါးခုံးမ ၊ ငါးပြေမ၊ တီလားပီးယား(အထီး) နှင့် တီလားပီးယား(အနီ) အသားတိုး ငါးအမျိုးအမယ်သစ်များအား ဧရာဝတီတိုင်း ဆားမလောက်နှင့် မအူပင်မြို့နယ်ရှိ ကိုယ်ပိုင်ငါးမွေးမြူရေးကန် ဧက (၃၇၀)ကျော်တွင် နိုင်ငံတကာအဆင့်မီ GAqP စနစ်ဖြင့် Export Quality ငါးများမွေးမြူထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသော Grand Wynn Fish Farm မှ ငါးကန်ဝန်ထမ်းများအား လည်းကောင်း၊ Twin Brothers Seafood Cold Storage Factory မှ အေးခဲပြီး ရေချို/ရေငံ ငါး၊ပုဇွန်များနှင့် လူမျိုးမရွေး ဘာသာမရွေး အလွယ်တကူ အသင့်စားသုံးနိုင်သော အဆင့်မြင့် အရိုးမပါ ငါးအသားလွှာ ( Fish Fillet )၊ Value Added Export Products များဖြစ်သည့် အမှုန့်ကပ် ငါးသားလွှာ၊ ငါးသားချောင်း၊ ငါး/ပုဇွန်သားလုံး( Fish Finger/ Square, Fish/ Shrimp Ball)နှင့် ငါးခြောက်မျိုးစုံ ထုတ်လုပ်ရာတွင် ၂၀၁၄ ခုနှစ်တွင် စားသောက်ကုန် ထုတ်လုပ်မှုဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြု ISO 22000:2005 Certificate, HACCP (Hazard Analysis and Critical Control Points ) Certificate and GMP (Good Manufacturing Practice) ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော Grand Wynn Manufacturing Ltd.မှ ဝန်ထမ်းများအား လည်းကောင်း၊USA, UK, European & Middle Countries အစရှိသည့် နိုင်ငံတကာဈေးကွက်နှင့်Hotel, Restaurant, Catering Services နှင့် Supermarket & Food Mart အစရှိသည့် ပြည်တွင်းဈေးကွက်များသို့ ဖြန့်ဖြူး ရောင်းချ ပေးခဲ့သော Grand Twin Brothers Ltd.မှ ဝန်ထမ်းများအား လည်းကောင်း၊ ဝယ်ယူအားပေးခဲ့ကြသည့် မိဘပြည်သူများနှင့် မိတ်ဟောင်း/မိတ်သစ် စီးပွားရေးလုပ်ငန်းရှင်ကြီးများအား လည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည် ။

**Grand Wynn Group of Companies မိသားစု**

GWM · COLD STORAGE · G W C D · Recharge Myanmar · GRAND BEAUTY WORLD CO., LTD. · 123 Fast Food · GRAND FOOD MART

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့ခနော် (၂၀၁၆ - ၂၀၁၇ ဗုဒ္ဓဂယာခရီးစဉ်များ)

၈ ရက် / ၁၂ ရက် / ၁၅ ရက် / ၁၅ ရက် (ကိုလ်ကတ္တားပါ) – စရန်(၂)သိန်း + ဒေါ်လာ ၆၅၀ / ဒေါ်လာ ၇၅၀ / ဒေါ်လာ ၈၀၀ / ဒေါ်လာ ၈၅၀ (အမှန်အကန် စရိတ်ငြိမ်း) – သံရုံးသို့လိုက်ရန်မလို

- အောက် ၁၄ (ပြည့်)၊ ဒီ ၂၈ (၁၅ လို)၊ ဇေ ၁၊ ၁၅၊ မတ် ၁၊ ဧပြီ ၁၂၊ Air Bus လေယာဉ်ကြီးများဖြင့်သာ
- အောက် ၁၇ (၃ လို)၊ ၂၆ (၁၂ လို)၊ ၃၁ (၂၀ လို)၊ နို ၅ (၂၂ လို)၊ ၁၄ (၃ လို)၊ ၂၃၊ ၂၈၊ ဒီ ၁၂၊ ၂၄၊ ဇန် ၉၊ ၂၅၊ ဖေ ၄၊ ၆၊ ၁၁၊ ၂၀၊ ၂၅၊ မတ် ၆၊ ၁၅၊ ၁၈၊ ၂၂၊ Website : www.khinnandartravel.com
- အောက် ၁၂ (ပြည့်)၊ နို ၃၀ (တရားစခန်း(၅)ရက် + ၁၂ ရက်ရေစုန်း)၊ ဇန် ၁၈၊ ဖေ ၁၅၊ မတ် ၁၊ ဧပြီ ၁၂၊ ကမ္ဘာ့နာစရိယဆရာတော် ဦးတေဇောဘာသ (ဆင်ခေါင်ဝဲ၊ သာသနဓဇ မွှော်စရိယ) Email: khinnandartravels@gmail.com
- အောက် ၁၇ (၁၈ လို)၊ ၃၁ (၁၃ လို)၊ နို ၅ (၂၂ လို)၊ ၁၄ (၁၄ လို)၊ ၁၉ (၂၀ လို)၊ ၂၆၊ ၂၈၊ ဒီ ၃၊ ၁၂ (၈ လို)၊ ၁၇၊ ၂၆၊ ဇန် ၉၊ ၁၄၊ ၂၃၊ ၂၈၊ ဖေ ၆၊ ၁၁၊ ၂၀၊ ၂၅၊ မတ် ၄၊ ၆၊ ၁၁၊ ၂၀၊ ၂၅၊ ဧပြီ ၃၊ ၈၊

စရန်ငွေချေ / ဦးရာလူစနစ် လိုင်စင်အမှတ် ပစ - ၀၂၈၂

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄

**Aldersgate College ( Philippines )**
မှ ပေးအပ်ချီးမြှင့်မည့်





# MBA
**(Master of Business Administration)**

Aldersgate College (Philippines) မှ Master of Business Administration (MBA-6th Batch) သင်တန်းကို ( ၂၁ - ၉ -၂၀၁၆ ) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆိုပါသင်တန်းကို ပြည်တွင်း၊ ပြည်ပမှ ဝါရင့်ပါမောက္ခကြီးများ၊ စီးပွားရေးစီမံခန့်ခွဲမှုလက်တွေ့အတွေ့အကြုံရှိ ဝါရင့်ပညာရှင်များ မှ လုပ်ငန်းအတွေ့အကြုံ၊ Case များနှင့်အတူ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

သင်တန်းဖွင့်မည့်ရက် - ၂၁. ၉.၂၀၁၆ ( ဗုဒ္ဓဟူးနေ့ )
သင်တန်းကာလ - ( ၁၈ ) လ
သင်တန်းချိန် - ညနေ (၅း၀၀) နာရီမှ ည (၈း၀၀) နာရီအထိ (ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့)
မနက် (၉း၃၀) နာရီမှ ညနေ (၄း၀၀) နာရီအထိ (စနေနေ့)

** လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ယနေ့မှစတင်ပြီး ဖော်ပြပါလိပ်စာအတိုင်း လျှောက်လွှာများကို ဝယ်ယူလျှောက်ထားနိုင်ပါသည်။ **

Lecturers....
- Prof. Dr. Nay Zin Latt
- Dr. Yusra Anas
- Asst. Prof. U Khin Maung Wynn
- Asst. Prof. U Aye Kyaw
- Adjunct Prof. Dr. Kyaw Nyein Aye
- Dr. Myint San
- Dr. Myo Nyein Aye
- Dr. Zarni Maw Win
- Asso Prof. Daw Thida Myint
- U Sit Maung
- Daw Tin Moe Wai
- Daw Thin Thin Oo
- Daw Moe Zar Zar Myint
- U Thit Sar
- U Aye Kyaw (LL.B)
- Daw Khin Moe Thi

ပထမဆုံး အပ်နှံသူ ၁၀ ဦး အား ၁၀% discount ပေးသွားမည်။

CSIS
Center for Strategic and International Studies

No. (27), 6 ½ Mile, Pyay Road, Hlaing Township, Yangon, Myanmar. ၂၅၃ ၈၆၈ ၂၂၃၊ ၂၅၃ ၈၆၈ ၂၂၄ သို့ ဆက်သွယ်လိုက်ပါ။

ဒဂုံမြို့သစ်
အရှေ့ပိုင်းနှင့်ဆိပ်ကမ်း
ရှိမြေကွက်များဝယ်လိုသည်။
ဖုန်း - ၀၉၄၂၀၀၂၈၈၇၃
၀၉ ၇၈၈ ၁၀၂၀၉၀

GW 0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

"UK မှ ချီးမြှင့်မည့် ဘွဲ့ကို မြန်မာပြည်တွင်ပင် တက်ရောက်ပြီးရယူနိုင်ပါပြီ"

STI MYANMAR UNIVERSITY

University of Bedfordshire



## BSc(Hons) Construction Management (Top-up)

University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့်
ဆောက်လုပ်ရေး စီမံခန့်ခွဲမှုဆိုင်ရာ ဂုဏ်ထူးတန်း

Scholarship Available!

သတ်မှတ် IELTS ရှိရန်လိုအပ်ပြီး STIMU မှ Advanced Diploma ပြီးထားသူများ၊
HND, AGTI, B.Tech အောင်မြင်ပြီးသူများ တိုက်ရိုက်ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
လိုအပ်သောဘာသာရပ်/Module များရှိပါက ဖြည့်စွက်တက်ရောက်ရန် လိုအပ်ပါသည်။
သတ်မှတ် IELTS မပြည့်မီပါက STIMU တွင် အင်္ဂလိပ်စာသင်တန်း ထပ်မံတက်ရောက်ရပါမည်။

✷ Education Loan Program ရှိပြီး သင်တန်းကာလမှာ (၁)နှစ်ကြာမြင့်ပါမည်။

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်။
Ph: 507151/52, 377988, 09 250064451
https://www.facebook.com/STIMyanmarUni
www.stiedu.net

October Intake!

# ငလျင်ဒဏ်သင့် ဘုရားစေတီပုထိုးများအား ပြန်လည်ပြုပြင်ရာတွင် စနစ်တကျဖြစ်စေရန် လေးရက်ကြာသင်တန်းဖွင့်လှစ်

**ညောင်ဦး စက်တင်ဘာ ၉**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့်ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများအား ပြန်လည်ပြုပြင်ရာတွင် စနစ်တကျဖြစ်စေရန်အတွက် UNESCO၊ ICCROM မှ ကျွမ်းကျင်ပညာရှင်သုံးဦးတို့က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သောသင်တန်းသားများကို စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီမှစတင်၍ စူဠာမဏိဘုရားမှ ပြသာဒ်ကြီးဘုရားသွားလမ်းဘေးရှိ ဆွေတော်မျိုးတော်ဘုရား၊ ဘုရားအမှတ်(၈၁၀)၌ စာတွေ့လက်တွေ့ သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

"သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်လာပြီဆိုရင် အရင်ဆုံးဘယ်လိုမှတ်တမ်းတင်မလဲ။ ပြီးတော့ ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမလဲ။ အနာဂတ်ကို ဘယ်လိုပြင်ဆင်မလဲဆိုတာတွေကို သင်တန်းမှာ ကျွန်မတို့ အဓိကသင်ကြားသွားမှာပါ။ သင်တန်းကာလက လေးရက်ကြာပါလိမ့်မယ်။ ပထမနှစ်ရက်က စာတွေ့လက်တွေ့ သင်ကြားရေးပေါ့။ ဒုတိယနှစ်ရက်ကတော့ သင်တန်းသားတွေအနေနဲ့ အခြားသူတွေကို ဆင့်ပွားပြန်လည်သင်ကြားနိုင်အောင် ဆရာဖြစ်အနေနဲ့ လေ့ကျင့်သင်ကြားပေးဖို့ပါ။ သင်တန်းသားတွေကို ပြောကြားလိုတာကတော့ မိမိကိုယ်တိုင်လည်းကျွမ်းကျင်အောင်၊ အခြားသူများကိုလည်း ဆင့်ပွားသင်ကြားနိုင်အောင် ကူညီပေးကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု ICCROM မှ Mrs. APARNA TANDON (Project Specialist, Collections Unit)က ပြောသည်။

သင်တန်းသို့ သက်ဆိုင်ရာဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ ဒေသခံများနှင့် အခြားမြို့နယ်များရှိ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရာတွင် စိတ်ပါဝင်စားသူများ စုစုပေါင်း ၂၀ ခန့် တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းပို့ချနေစဉ်ကာလအတွင်း ပုဂံဒေသအတွင်းရှိ ဘုရားစေတီပုထိုးများအား သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများလုပ်ဆောင်ခြင်းကို စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်ထိ ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**



ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရာတွင် စနစ်တကျဖြစ်စေရန် စာတွေ့လက်တွေ့ သင်တန်းပို့ချပေးစဉ်။



# ယာဉ်မောင်းနှင်သူများ အရက်သောက်သုံးထားခြင်းရှိ၊ မရှိ အဖွဲ့ပေါင်းစုံဖြင့် စတင်စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၉**


ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ဗိုလ်ချုပ်လမ်းမနှင့် လမ်းမတော်လမ်းဆုံအနီး ရန်ကုန်ဆေးရုံကြီးရှေ့ ဗိုလ်ချုပ်လမ်းပေါ်တွင် မောင်းနှင်လာသော မော်တော်ယာဉ်မျိုးစုံကို ယာဉ်မောင်းများအရက်သောက်သုံးထားခြင်း ရှိ၊ မရှိ အဖွဲ့ပေါင်းစုံဖြင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻**

# မြန်မာ့လက်ရွေးစင်အသင်း ဂျာမနီနိုင်ငံသို့ စက်တင်ဘာ ၁၁ ရက်တွင် ထွက်ခွာမည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဥရောပနိုင်ငံများတွင် ကာလရှည်သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီတွင် ရန်ကုန်မြို့မှ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ ဥရောပခရီးစဉ်မှာ ရက်ပေါင်း ၃၀ ကျော်ကြာမြင့်မည်ဖြစ်ပြီး ခြေစမ်းပွဲ ကိုးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ထပ်တိုးကစားသမားနှစ်ဦးအပါအဝင် ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ခဲ့ပြီး ဥရောပခရီးစဉ်အတွက် ပဏာမကစားသမားသုံးဦး လျှော့ချခဲ့ခြင်းဖြစ်သည်။ အပြီးသတ်ရွေးချယ်ရာတွင် ဒဏ်ရာရရှိနေသည့် တောင်ပံကစားသမား ကြည်လင်း အပါအဝင် နောက်ခံလူ ဖြိုးပိုင်စိုး၊ ကွင်းလယ်ကစားသမား သန်းဇော်ဟိန်းတို့ ရွေးချယ်ခံရခြင်းမရှိပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီတွင် ယူအေအီးနိုင်ငံမှတစ်ဆင့် ဂျာမနီနိုင်ငံသို့ထွက်ခွာမည်ဖြစ်ပြီး အုပ်ချုပ်၊နည်းပြအဖွဲ့ဝင် ၁၁ ဦး၊ ကစားသမား ၂၅ ဦး လိုက်ပါသွားမည် ဖြစ်သည်။ ဥရောပခရီးစဉ်သွားရောက်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူ။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အပူပိုင်းဆေးပညာဌာန မကြာမီတိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အူရောင်ငန်းဖျား၊ ဝမ်းလျှောဝမ်းပျက်၊ ငှက်ဖျား၊ အပူရှပ်ခြင်းစသည့် အပူနှင့်ပတ်သက်သော ရောဂါများကို သီးခြားကုသနိုင်ရန် အပူပိုင်းဆေးပညာဌာနကို မကြာမီတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက ပြောသည်။

အဆိုပါဌာနကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဒေါ်ပုံဆောင်(ဆေးကုသဆောင်-၁) ကို ခုတင် (၁၀၀) ဆံ့ လူနာဆောင်အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာပါမောက္ခ ဆရာဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ✪**